ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်၊ သောကြာနေ့။ Friday, 10 February 2017 (၈၈၃၃)

**သုစရိုက်တရားကိုကျင့်**

သုစရိုက်တရားကို ကျင့်ရာ၏။ ဒုစရိုက်တရားကို မကျင့်ရာ။ တရားကို ကျင့်သောသူသည် ဤလောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း ချမ်းသာစွာနေရ၏။ (တရားကိုကျင့်သောသူသည် ပစ္စုပ္ပန်၊ သံသရာ ချမ်းသာစွာနေရသော အကြောင်းဖြစ်၍ ထိုတရားတို့ကို မမေ့မလျော့ဘဲ ကျင့်အပ်၏)

လောကဝဂ်(ဓမ္မပဒ-၁၆၉)

# မြန်မာနိုင်ငံနှင့် ဖင်လန်နိုင်ငံကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖင်လန်နိုင်ငံ နိုင်ငံခြားကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Kai Mykkanen နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဖင်လန်နိုင်ငံ နိုင်ငံခြားကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Kai Mykkanen နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဖင်လန်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဒီမိုကရေစီနည်းလမ်းတကျ စီမံအုပ်ချုပ်မှုနှင့် တရားဥပဒေစိုးမိုးရေး၊ သဘာဝသယံဇာတများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် ပညာရေးစသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# အထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံထားမှုများ၏ အောင်မြင်မှုများကို ကမ္ဘာကယုံကြည်မှုရှိအောင် တည်ဆောက်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်၌ ကျင်းပသည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

အစည်းအဝေးတွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အထူးစီးပွားရေးဇုန်များအတွက် လမ်းညွှန်မှုများ ချမှတ်ခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အထူးစီးပွားရေးဇုန်များ၏ကဏ္ဍသည် အရေးပါသည့်အတွက် သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က စီးပွားရေးပညာရှင်များ၏ အရေးပါမှုကို အလေးထားပြောကြားခဲ့ပါကြောင်း၊ အထူးစီးပွားရေးဇုန်များ အနေဖြင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐**



မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေး၌ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# မတူကွဲပြားမှုများကို ငြိမ်းချမ်းစွာဖြေရှင်း

နိုင်ငံရေး၊ ဘာသာရေးနှင့်တိုင်းရင်းသားအရေးအရ မတူကွဲပြားမှုများကို ငြိမ်းချမ်းသည့်နည်းဖြင့် ဖြေရှင်းနိုင်သည်ဆိုခြင်းကို ယုံကြည်ရန်လိုကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဖေဖော်ဝါရီ ၆ ရက်က နေပြည်တော်၌ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီအစည်းအဝေးတွင် ပြောကြားခဲ့သည်။

မတူကွဲပြားမှုများမှာ အဖွဲ့အစည်းတိုင်းတွင်ရှိသလို လူတိုင်းလူတိုင်းတွင်လည်း ရှိကြသည်။ ထိုမတူကွဲပြားမှုကိုအကြောင်းပြု၍ ရည်မှန်းချက်သို့ လက်တွဲမသွားနိုင်လျှင် ထိုအဖွဲ့အစည်းအနေဖြင့် ရေရှည်မရပ်တည်နိုင်သလို တစ်ဦးနှင့်တစ်ဦးလည်း ပဋိပက္ခအသွင်ဆောင်နေလိမ့်မည်။

မတူကွဲပြားမှုမှာ ပေါင်းစည်းရန်ခက်ခဲမည်ဖြစ်သော်လည်း မိမိတို့၏ရည်မှန်းချက်အတွက် မဖြစ်မနေလက်တွဲမည်ဆိုသည့် ယုံကြည်ချက်၊ ခံယူချက်ဖြင့် စိတ်ရှည်သည်းခံကာ အေးအေးချမ်းချမ်းဖြေရှင်းညှိနှိုင်း ပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် မတူကွဲပြားမှုများကွယ်ပျောက်၍ လိုရာခရီးသို့အလွယ်တကူရောက်နိုင်မည်။

ယင်းကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၎င်း၏စိတ်နေစိတ်ထား၊ ပကတိအရှိတရားဖြင့် သက်သေပြခဲ့ပြီ။ ပါတီ၏ခေါင်းဆောင်၊ အစိုးရအဖွဲ့၏ ခေါင်းဆောင်ဖြစ်သော်ငြားလည်း ပါတီအကျိုး၊ အစိုးရအဖွဲ့အကျိုး၊ တစ်စုတစ်ဖွဲ့၏အကျိုးကိုမကြည့်ဘဲ ပြည်ထောင်စုကြီးအကျိုးအတွက် အလုပ်လုပ်နေခြင်းဖြစ်ကြောင်း အတိအလင်းထုတ်ဖော်ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးဟူသည် ပြည်ထောင်စုကြီးအကျိုး၊ တိုင်းရင်းသားပြည်သူများအကျိုးအတွက် အလွန်အရေးကြီးသည်။ ဆယ်စုနှစ်များစွာ အလှမ်းဝေးခဲ့သော မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး အမြန်ဆုံးရရှိနိုင်ရန်အတွက် နိုင်ငံ့ခေါင်းဆောင်တို့က အပြင်းအထန်ကြိုးပမ်းအားထုတ်နေသည်ကို တွေ့ရသည်။ အချိန်ကာလအရဖြစ်စေ၊ အခြေအနေ အချိန်အခါအရဖြစ်စေ ငြိမ်းချမ်းရေးကို မဖြစ်မနေအရယူကြရမည်ဖြစ်သည်။

လက်ရှိအချိန်အခါသည် ပြည်သူ့အစိုးရစစ်စစ်တာဝန်ယူနေသော အချိန်အခါဖြစ်ပြီး ပြည်သူ့အစိုးရကပင် ငြိမ်းချမ်းရေးကို ငြိမ်းချမ်းသောနည်းဖြင့်ရယူနိုင်ရန် ကြိုးပမ်းအားထုတ်နေချေပြီ။ ထိုသို့ကြိုးပမ်းအားထုတ်နေချိန်တွင် ငြိမ်းချမ်းရေးကို မလိုလားမရှုဆိတ်သူအချို့က ဖျက်လိုဖျက်ဆီးပြုမူလာကြသည်ကိုတွေ့လာနေရာ ငြိမ်းချမ်းရေးခရီး မပျက်စီးစေရေးအတွက် အားလုံးညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အမှန်တကယ်တွင် ငြိမ်းချမ်းရေးကို တစ်တိုင်းပြည်လုံး လိုလားတောင့်တနေကြသလို မတူကွဲပြားသောအဖွဲ့အစည်းများကလည်း လိုလားတောင့်တကြပေလိမ့်မည်။ သို့ရာတွင် ငြိမ်းချမ်းရေးနှင့်မနီးစပ်သေးသည်မှာ ငြိမ်းချမ်းရေးကို ငြိမ်းချမ်းသောနည်းဖြင့် အလုံးစုံမဖြေရှင်းနိုင်သေးခြင်းနှင့် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံသစ်ပေါ်ထွန်းရေးအတွက် ပြဿနာများကို ဖြေရှင်းနိုင်ရမည်ဟူသည့် ယုံကြည်ချက်နည်းနေသေးသောကြောင့်ဟု ဆိုရမည်ဖြစ်သည်။

ထိုယုံကြည်ချက်ကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိအဖွဲ့အစည်း၏အကျိုးထက် တိုင်းပြည်အကျိုးကိုရှေ့ရှုကာ ငြိမ်းချမ်းသောနည်းဖြင့် အမျိုးသားရင်ကြားစေ့ရေး ပူးပေါင်းလက်တွဲညှိနှိုင်းအဖြေရှာဆောင်ရွက်နေချိန်တွင် ငြိမ်းချမ်းရေးနှင့်အဓိကဆက်နွယ်ပတ်သက်သော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကလည်း တိုင်းပြည်အကျိုးကိုရှေ့ရှု၍ အတူပူးပေါင်းလက်တွဲပါဝင်ကြဖို့ အချိန်ကျရောက်နေပေသည်။

ငြိမ်းချမ်းရေးကို လက်နက်ကိုင်ဖြေရှင်းခြင်းဖြင့် မည်သည့်အခါမျှ ရနိုင်မည်မဟုတ်ဘဲ ငြိမ်းချမ်းရေးကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းကြရမည်ဖြစ်သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်ရာတွင် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းအဖြေရှာရုံသာမက တစ်တိုင်းတစ်ပြည်လုံးရှိ ကွဲပြားခြားနားသော အစုအဖွဲ့များအားလုံး တစ်ခုတည်းသောရည်မှန်းချက်အတွက် သဘောထားများပြန်လည်သင့်မြတ်ရမည်ဆိုသည့် ခံယူချက်ဖြင့် လက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

## ဆေးရုံများတွင် SOP Guide Line များထားရှိပြီး အရေးပေါ်ကုသခြင်းများ စနစ်တကျမြန်မြန်ဆန်ဆန် လုပ်ဆောင်တတ်ရန်ဆောင်ရွက်ထားရန်လို



**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီတွင် ဆေးရုံအုပ်ချုပ်မှုအဖွဲ့မှ ပြုလုပ်သည့် ဆေးရုံစီမံခန့်ခွဲမှုသင်တန်း(စတုတ္ထအကြိမ်) အခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆေးရုံစီမံခန့်ခွဲမှုသင်တန်းများ ပေးရခြင်းမှာ ဆေးရုံအုပ်ကြီးများအဖြစ် တာဝန်ထမ်းဆောင်သူများ၏ အသိပညာများ တိုးပွားစေရန် လူအများနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်စေရန်၊ လုပ်ငန်းများကို ပိုမိုထိရောက်စွာဆက်သွယ်လုပ်ကိုင်တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်ကြားရေးတွင် ဆရာမှ တပည့်သို့ သင်ကြားပို့ချမှု ပုံစံတစ်မျိုးတည်းမဟုတ်ဘဲ အတွေ့အကြုံဝေမျှခြင်း၊ လက်တွေ့လေ့လာသင်ယူခြင်းများ ထည့်သွင်းသင်ကြားသင့်ကြောင်း၊ ဆေးရုံများတွင် ဆေးရုံအုပ်ကြီးမှ ဒုတိယဆေးရုံအုပ်၊ လက်ထောက်ဆေးရုံအုပ်တို့အား သတင်းပို့သည့် စနစ်တခုရရှိအောင်ဆောင်ရွက်စေလိုကြောင်း၊ တာဝန်များကို တိကျသေချာစွာခွဲဝေယူ၍ ဦးစားပေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပြီး နေ့စဉ်အချိန်နှင့်တစ်ပြေးညီ ဆေးရုံသို့လာရောက်ပြသသောလူနာများကို စောင့်ရှောက်နိုင်ရန်အတွက် ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်းအား စနစ်တကျ တာဝန်ချိန်များ ခွဲဝေချထားရသည့် စီမံခန့်ခွဲမှုများသည် အလွန်အရေးကြီးပါကြောင်း။

ဆေးရုံများတွင် SOP Guide Line များထားရှိပြီး အရေးပေါ်ကုသခြင်းများကို စနစ်တကျမြန်မြန်ဆန်ဆန် လုပ်ဆောင်တတ်ရန် ဆောင်ရွက်ထားစေလိုကြောင်း၊ ယခုကဲ့သို့ သင်တန်းများကို ပုံမှန်ဆက်လက်ပြုလုပ်စေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ဒေါက်တာ ရဲမြင့်မှ ဆောင်ရွက်လျက်ရှိသော ဆေးပညာသင်ကြားပေးနေမှုများကို ပြောကြားခဲ့ပြီး ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ကျော်ဝင်းက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Center ၌ ကင်ဆာရောဂါကုဆရာဝန်များနှင့်တွေ့ဆုံကာ ကင်ဆာရောဂါကုသရာတွင် လိုအပ်သော စက်ပစ္စည်းကိရိယာများ၊ ဆေးဝါးနှင့် လူအင်အားများကို ဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ကင်ဆာရောဂါအဖြစ်များသည့်ဒေသများကို စာရင်းများပြုစုပြီး ကျန်းမာရေးဝန်ထမ်းများမှ ပြည်သူများအား ကြိုတင်၍ ကျန်းမာရေး အသိပညာမြှင့်တင်ပေးပြီး ရောဂါဖြစ်ပွားမှုလျော့နည်းအောင် ပညာပေး၍ ကောင်းသောအပြုအမူများ ကျင့်သုံးလာအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် Palliative Care Patients ဌာနကိုဖွင့်လှစ်၍ နာကျင်မှုဝေဒနာသက်သာအောင် စီစဉ်ဆောင်ရွက်နေကြောင်း၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများတွင် ကင်ဆာ(ဗဟို) ဌာနများ ဖွင့်လှစ်ရေးကိုလည်း အားလုံးပူးပေါင်း၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြို့မကျောင်းလမ်းရှိ ဆေးတက္ကသိုလ်(၁) ရန်ကုန် နှစ်(၉၀)ပြည့် နဝရတ်ရတု အထိမ်းအမှတ်ဓာတ်ပုံပြပွဲကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်စိုးတို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ဓာတ်ပုံပြခန်းအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ညစာစားပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ပါမောက္ခချုပ်ကြီးများမှ ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ဆက်လက်၍ နှစ်(၉၀)ပြည့် အခမ်းအနားဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့မှုကို ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက တင်ပြခဲ့သည်။ ညစာစားပွဲတွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်ကျောင်းသား ကျောင်းသူများက အမှတ်တရသီချင်းများနှင့်အတူ ဇွဲအငြိမ့်ဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## စာမူရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာသို့ ပေးပို့လာသည့် ခေါင်းကြီး၊ ဆောင်းပါး၊ သတင်း၊ ကာတွန်း၊ ကဗျာနှင့်ဓာတ်ပုံများအနက် သတင်းစာများတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူအမျိုးအစားအလိုက် စာမူခချီးမြှင့်မှုများကို သတင်းစာတွင် ဖော်ပြပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း ထုတ်ပေးလျက်ရှိပါသည်။

စာမူရှင်များနှင့် ဆက်သွယ်ရရှိမှုအလိုက် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ လာရောက်ထုတ်ယူမှုအပေါ် မူတည်၍ စာမူခများ ထုတ်ပေးလျက်ရှိသည့်အပြင် စာတိုက်မှပေးပို့သည့် နည်းလမ်းဖြင့်လည်း ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ပေးပို့သည့် စာမူများ၌ ဆက်သွယ်ရမည့် လိပ်စာများမပါရှိသဖြင့် စာမူခထုတ်ပေးရာတွင် ကြန့်ကြာမှုများရှိနေပြီး စာမူခပေးရန်ကျန်များ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ပါ၍ ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိခဲ့သော စာမူများအလိုက် စာမူခချီးမြှင့်ငွေများကို မန်နေဂျာ၊ ကြေးမုံသတင်းစာတိုက် ရန်ကုန်/နေပြည်တော် ဖုန်းနံပါတ်-(၀၁-၈၆၁၀၆၈၅၊ ၀၁-၂၉၂၈၃၂၊ ၀၆၇-၃၆၁၂၉) သို့ ဆက်သွယ်ထုတ်ယူရေး ဆောင်ရွက်နိုင်ပါရန်နှင့် နောင်တွင် စာမူများ ပေးပို့ရာ၌ ဆက်သွယ်ရမည့်လိပ်စာများ၊ ပေးပို့စေလိုသည့် နည်းလမ်းတို့အား ဖော်ပြပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းမှူးချုပ်**
**(ကြေးမုံသတင်းစာတိုက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်(ရွှေဈေး) ၈၉၉၀၀၀ - ၈၉၉၀၀၀ မန္တလေး(ရွှေဈေး) ၈၉၉၀၀၀ - ၈၉၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၁၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၄၀/၇၆၀ ကျပ်၊ | ၈၆၅/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၀၀/၇၂၀ ကျပ်၊ | ၇၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၃၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၉ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၇ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၆၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၃. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၉၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၈၂၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၃၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၂၈၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၃. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၅၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၇. ၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၉. ၅၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဇင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဖေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၉၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၁၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၁

## ပြည်တွင်းရေးရာ

❑ **ရှေ့ဖုံးမှ**

နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂) ချက်နှင့် အများဆုံးဆက်စပ်နေပြီး နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးသည့်နေရာတွင် ပါဝင်နေသည်ကိုလည်း ပြောကြားခဲ့ပါကြောင်း၊ ထို့ပြင် ပြည်သူများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ ဉာဏပိုင်းဆိုင်ရာနှင့် အနုပညာပိုင်းဆိုင်ရာများ ဖွံ့ဖြိုးမှုရှိအောင် ဖော်ဆောင်ပေးရန်လည်း လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်း၍ ပြည်သူများ၏ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအလုံအလောက်ရှိအောင် ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်နိုင်ငံတည်း၊ တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်၍ မရဘဲ ပြည်တွင်းပြည်ပများနှင့်လည်း တိုးချဲ့ဆက်စပ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်များ၏ အရေးကြီးသည့်အချက်မှာ နိုင်ငံတကာနှင့် ဆက်ဆံရေးဖြစ်ပါကြောင်း၊ ထို့ကြောင့် အထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံထားသော နိုင်ငံခြားကုမ္ပဏီများ၏ အောင်မြင်မှုများနှင့် မြန်မာနိုင်ငံကို ကမ္ဘာကပါ ယုံကြည်မှုရရှိအောင် တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း၊ ယုံကြည်မှုရရှိမှသာ ပိုမိုရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြမည် ဖြစ်ပါကြောင်း။

နိုင်ငံ၏ စီးပွားရေးတိုးတက်ရန် ကိုယ့်ကိုယ်ကိုယ် အားကိုးရမည်ဖြစ်သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမရှိဘဲ လိုအပ်သော စီးပွားရေးတိုးတက်မှုများ မရနိုင်သည့်အတွက် အထူးစီးပွားရေးဇုန်များ၏ အခန်းကဏ္ဍသည် ပိုမိုအရေးပါပါကြောင်း၊ လက်တွေ့ဆောင်ရွက်ရာတွင် စီးပွားရေးသာမက နိုင်ငံရေးအရပါ သိမ်မွေ့စွာ ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း။

အထူးသဖြင့် တာဝန်ယူဆောင်ရွက်ကြမည့် ကော်မတီဝင်များအနေဖြင့် မှန်မှန်ကန်ကန် ပွင့်လင်းမြင်သာစွာနှင့် အဂတိတရားကင်းစွာ ဆောင်ရွက်ကြရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း လမ်းညွှန်ထားပါကြောင်း၊ မိမိတို့အနေဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ စေတနာသန့်သန့်နှင့် ဆောင်ရွက်ကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရေတို၊ ရေရှည် စီမံကိန်းရှိသည့်အတွက် အဆိုပါစီမံကိန်းများ တစ်ခုနှင့်တစ်ခု ဆက်စပ်နေရန်လည်း လိုအပ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်သည် ပြည်သူဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန် ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူရရှိအောင် ဦးတည်ပြီး သဘာဝသယံဇာတအရင်းအမြစ်များ ရေရှည်ထိန်းသိမ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင် ချမှတ်ဆောင်ရွက်သွားရန် ရှိပါကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်(၄)ရပ်နှင့် စီးပွားရေးမူဝါဒ(၁၂)ချက်ပါ ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် အထူးစီးပွားရေးဇုန်များကို တည်ဆောက်လည်ပတ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် သီလဝါအထူးစီးပွားရေးဇုန်သည် လုပ်ငန်းများ စတင်လည်ပတ်နေပြီး ကုန်ပစ္စည်းများထုတ်လုပ်ကာ ပြည်ပသို့တင်ပို့နေ၍ အောင်မြင်သည့် အထူးစီးပွားရေးဇုန်တစ်ခုလည်း ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အထူးစီးပွားရေးဇုန်များ တည်ထောင်ခြင်းဖြင့် ဇုန်တည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်များတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ပြီး လူသားအရင်းအမြစ်များ၊ ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များလည်း ရရှိဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။

ထို့အတူ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ပြီးပါက မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံနှင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည့်အပြင် ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းများလည်း အများအပြားတည်ဆောက်နိုင်၍ အခြေခံစီးပွားရေးအဆောက်အအုံများ လျင်လျင်မြန်မြန်ဖွံ့ဖြိုးပြီး ကုန်သွယ်မှုများ တိုးတက်လာမည် ဖြစ်ပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်ကိုလည်း သိမ်မွေ့ညင်သာစွာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် သက်ဆိုင်ရာအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီဝင်များအနေဖြင့် မိမိတို့ တာဝန်ယူထားသည့်ဇုန်များ ဖွံ့ဖြိုးတိုးတက်အောင်မြင်ရန် အထူးအလေးထားကြိုးပမ်းလုပ်ဆောင်သွားကြရန်၊ ယခုအစည်းအဝေးမှ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ တင်ပြကြရန်နှင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ သီလဝါ၊ ထားဝယ်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ အစည်းအဝေး တက်ရောက်လာကြသည့် ကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

တင်ပြချက်များအပေါ် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

■

# မြန်မာ-တရုတ် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများအကျိုးဖော်ဆောင်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် ဒုတိယအကြိမ်(၂+၂) အဆင့်မြင့်ဆွေးနွေးပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ဖေဖော်ဝါရီ ၇ ရက်တွင် ကျင်းပရာ မြန်မာနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့ ဦးဆောင်၍လည်းကောင်း၊ တရုတ်နိုင်ငံဘက်မှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Liu Zhenmin နှင့် ဗဟိုစစ်ကော်မရှင် ပူးတွဲစစ်ဦးစီးချုပ်ရုံး ဒုတိယစစ်ဦးစီးချုပ် Major General Shao Yuanming တို့ ဦးဆောင်၍ လည်းကောင်း တက်ရောက်ခဲ့ကြသည်။**(ယာပုံ)**



အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်ဘက်မှ အပြုသဘောကူညီပေးရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသအခြေအနေ ပြန်လည်တည်ငြိမ်မှုရရှိရေး၊ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများအကျိုး ဖော်ဆောင်ရေး အပါအဝင် နှစ်နိုင်ငံနယ်စပ်ဒေသဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အလေးပေးဆွေးနွေးခဲ့ကြသည်။

ထို့အပြင် နယ်စပ်ဒေသစီမံခန့်ခွဲရေး၊ တရားမဝင်လူဝင်/လူထွက်ကိစ္စ တားဆီးရေး၊ မူးယစ်ဆေးဝါးနှိမ်နင်းရေး၊ တရားမဝင်ကုန်သွယ်မှုများ တားဆီးရေးတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် အဆင့်အသီးသီးနှင့် ကဏ္ဍအသီးသီးရှိ ဆက်ဆံရေးယန္တရားများအရ ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်သွားရန်၊ နှစ်နိုင်ငံ နယ်နိမိတ်မြစ်၊ ချောင်းများ ထိန်းသိမ်းကာကွယ်ရေးတွင် ကမ်းပြိုမှု မဖြစ်ပေါ်ရန်၊ မြေထိန်းနံရံများ တည်ဆောက်ရာတွင် နယ်နိမိတ်စာချုပ်၌ ဖော်ပြချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် နှစ်ဖက်လိုက်နာရမည့် လုပ်ငန်းလမ်းညွှန်ချက် ရေးဆွဲရေးကိစ္စများကိုလည်း ဆွေးနွေးသဘောတူညီခဲ့ကြသည်။

ဒုတိယဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်တွင် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး Mr. Chen Hao အား Haigeng Garden ဟိုတယ်၌ တွေ့ဆုံခဲ့ပြီး မြန်မာနှင့် ယူနန်ပြည်နယ် နယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စများကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။ ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Chen Shun က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနများ ဦးဆောင်သည့် (၂+၂) အဆင့်မြင့်ဆွေးနွေးပွဲသည် မြန်မာနှင့် တရုတ်နိုင်ငံတို့၏ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များတွင် ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ရည်ရွယ်၍ တည်ထောင်ထားသည့် ဗဟိုအစိုးရအဆင့် နှစ်နိုင်ငံ ဆွေးနွေးမှုယန္တရားတစ်ခုဖြစ်ပြီး ပထမအကြိမ် ဖော်ပြပါအစည်းအဝေးအား နေပြည်တော်တွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့ မြစ်ကြောင်းများအတွင်း ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် တင်ဒါခေါ်ယူမှု အပြီးသတ်ရွေးချယ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်မြို့ မြစ်ကြောင်းများအတွင်း ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက် တင်ဒါခေါ်ယူထားမှု ယခုအပတ်အတွင်း အပြီးသတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်မြို့ရှိ မြစ်ချောင်းများအတွင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ ပြေးဆွဲမည့် Water Taxi အတွက် တင်ဒါအဆိုပြုတင်သွင်းထားမှုမှာ ကုမ္ပဏီနှစ်ခုရှိပြီး ယင်းတို့အား ယခုအပတ်အတွင်း အပြီးသတ်ရွေးချယ်မည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

"အဆိုပြုထားတဲ့ ကုမ္ပဏီကနှစ်ခုရှိပါတယ်။ ဒီရက်ပိုင်းအတွင်း သူတို့ရဲ့ Presentation ပြီးတာနဲ့ အပြီးသတ်ရွေးချယ်တာတွေ လုပ်မှာပါ။ ရေကြောင်းပို့ဆောင်ရေးဖြစ်တဲ့အတွက် ခရီးသည်တွေ လုံခြုံစိတ်ချစွာ စီးနင်းသွားလာနိုင်ဖို့လည်း လိုအပ်ပါတယ်"ဟု ဒေါက်တာမောင်အောင်ကပြောသည်။

အဆိုပါ Water Taxi လုပ်ငန်းကိုလည်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ ထိန်းချုပ်ဆောင်ရွက်မည်ဖြစ်ပြီး သတ်မှတ်စံချိန်စံနှုန်းများအတိုင်း ဆောင်ရွက်ရန် ကြီးကြပ်ကွပ်ကဲသွားမည်ဟု သိရသည်။

"ရေကြောင်းမှာလည်း ရန်ကုန်ကိုပတ်နေတဲ့ ရေကြောင်းလမ်းတွေမှာ Water Taxi တွေ လုပ်နိုင်အောင်လို့ ကြိုးပမ်းနေပါတယ်။ တင်ဒါခေါ်ယူထားပြီးဖြစ်ပါတယ်။ အများပြည်သူအတွက် လုံခြုံစိတ်ချရပြီး ကောင်းမွန်တဲ့ အဆင့်တစ်ဆင့်ဖြစ်ဖို့အတွက် ဆောင်ရွက်မှာဖြစ်ပါတယ်။ လူတိုင်း ဘတ်စ်ကားနဲ့လည်း လာနိုင်တယ်၊ ရေလမ်းကြောင်းနဲ့လည်း လာနိုင်တယ်၊ စရိတ်စကလည်း သက်သောင့်သက်သာနဲ့ဖြစ်အောင်လို့ပါ"ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့သည်။

အဆိုပါ Water Taxi လုပ်ငန်း စတင်နိုင်ရန် ပြီးခဲ့သည့် ၂၀၁၆ နှစ်လယ်ပိုင်းမှစတင်ကာ ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ကွင်းဆင်းလေ့လာသုံးသပ်မှုများပြုလုပ်ကာ တင်ဒါခေါ်ယူခဲ့ခြင်းဖြစ်သည်။ တင်ဒါခေါ်ယူမှုတွင် ကုမ္ပဏီနှစ်ခုသာ အဆိုပြုတင်ထားကြောင်း သိရပြီး ၎င်းတို့မှာ Myanmar Think Tink ကုမ္ပဏီနှင့် Diamond Plaza ကုမ္ပဏီတို့ဖြစ်ကြောင်း သိရသည်။ **(၀၀၁)**

# အမေရိကန်-တရုတ် မဟာမိတ်ဆက်ဆံရေး ပိုမိုမြှင့်တင်ရန် မျှော်လင့်ကြောင်း သမ္မတဒေါ်နယ်ထရန့် သမ္မတရှီကျင့်ဖျင်ထံ စာလွှာပို့

**ဝါရှင်တန် ဖေဖော်ဝါရီ ၉**

အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ခိုင်မာသည့် မဟာမိတ်ဆက်ဆံရေးကို ပိုမိုမြှင့်တင်နိုင်စေရန် ရည်ရွယ်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တရုတ်သမ္မတ ရှီကျင့်ဖျင်ထံသို့ ပေးစာတစ်စောင် ပေးပို့ခဲ့ကြောင်း ယနေ့သတင်းများ အရသိရသည်။

အဆိုပါပေးစာတွင် အမေရိကန် သမ္မတဒေါ်နယ်ထရန့်က သမ္မတ ရှီကျင့်ဖျင်နှင့် နှစ်နိုင်ငံအကျိုးစီးပွားများတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွ အကောင်အထည်ဖော်ရန် မျှော်လင့်လျက်ရှိကြောင်း ရေးသားထားသည်ဟု အိမ်ဖြူတော် ပြန်ကြားရေးဝန်ကြီး ဆီးရန်းစပီဆာ၏ အစီရင်ခံစာတစ်ရပ်တွင် ပါရှိသည်။



ထို့ပြင် သမ္မတထရန့် ရာထူးတာဝန်များ စတင်ထမ်းရွက်စဉ် သမ္မတရှီကျင့်ဖျင်က ဝမ်းမြောက်ကြောင်းစာလွှာ ပေးပို့ခဲ့ခြင်းအတွက် သမ္မတဒေါ်နယ်ထရန့်က ကျေးဇူးတင်ကြောင်း အဆိုပါ ပေးစာတွင် ထည့်သွင်းရေးသားထားသည်။

သမ္မတထရန့် ရာထူးတာဝန်များ စတင်ထမ်းသည့် အချိန်ကစပြီး ယခုအချိန်ထိတိုင် သမ္မတရှီကျင့်ဖျင်နှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့ခြင်း မရှိသေးပေ။

သမ္မတထရန့်က တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးနှင့်ငွေကြေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံကိုယခင်ကရှုတ်ချခဲ့သည်။ ထို့ပြင် တရုတ်(တိုင်ပေ)ကို တရုတ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်ဟု ဖော်ညွှန်းသော 'နှစ်နိုင်ငံ ဝါဒတစ်ခု' ဟူသည့်မူဝါဒကို အမေရိကန်က ဆန့်ကျင်ကြောင်း သမ္မတထရန့်က ၎င်း၏ထင်မြင်ယူဆချက်ကို ကနဦးက ဖော်ပြပြီးဖြစ်ကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ။**

# အမေရိကန်နှင့် ဂျပန် ဝန်ကြီးအဆင့် ဆွေးနွေးပွဲများကျင်းပရန် ဝန်ကြီးချုပ်ရှင်ဇိုအာဘေး အဆိုပြုမည်



**တိုကျို ဖေဖော်ဝါရီ ၉**

ကုန်သွယ်ရေး၊ လုံခြုံရေးနှင့်ငွေကြေးကိစ္စရပ်များ အပါအဝင် မေခရိစီးပွားရေးပြဿနာရပ်များနှင့်ပတ်သက်၍ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ ဝန်ကြီးအဖွဲ့အဆင့် ဆွေးနွေးပွဲများကျင်းပရန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အဆိုပြုမည်ဖြစ်ကြောင်း ဂျပန်အစိုးရတာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားသည်။

ဝန်ကြီးချုပ် အာဘေးသည် ဖေဖော်ဝါရီ ၁၀ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့်တွေ့ဆုံသည့်အခါ အထက်ပါအတိုင်း အဆိုပြုမည်ဆိုသည်။

ဝန်ကြီးချုပ် အာဘေးသည် ဖေဖော်ဝါရီ ၉ ရက် နှောင်းပိုင်းတွင် ဝါရှင်တန်သို့ ထွက်ခွာမည်ဖြစ်သည်။ အာရှ-ပစိဖိတ်ဒေသ၌ လုံခြုံရေးဆက်ဆံမှုများဆိုးရွားလာသည့်အခြေအနေတွင် အမေရိကန်နှင့်ဂျပန်တို့၏ မဟာမိတ်ပြုမှု ခိုင်ခိုင်မြဲမြဲရှိပုံကို ဖော်ပြနိုင်ရန် အလွန်အရေးကြီးကြောင်း ဂျပန်ဝန်ကြီးအဖွဲ့ အတွင်းဝန်ယိုရှီဒဆုဂက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမေရိကန်နှင့်ဂျပန်ခေါင်းဆောင်များထိပ်သီးဆွေးနွေးပွဲ၏ အရေးအကြီးဆုံး ဦးတည်ချက်မှာ နှစ်နိုင်ငံမဟာမိတ်ဖွဲ့မှုခိုင်မြဲရေးဖြစ်ကြောင်း၊ နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုမြှင့်တင်ခြင်းဖြင့် နှစ်ဖက်စလုံးအကျိုးကျေးဇူးရရှိနိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ အပြုသဘော ဆွေးနွေးကြရန် အရေးကြီးကြောင်း ဆုဂက ပြောကြားသည်။

မြန်နှုန်းမြင့် ရထားများကဲ့သို့ အခြေခံအဆောက်အအုံလုပ်ငန်းများတွင် ပုဂ္ဂလိကနှင့်ပြည်သူပိုင်ကဏ္ဍနှစ်ရပ်တို့၏ ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် အမေရိကန်၌အလုပ်အကိုင်နေရာများဖန်တီးပေးရေး၊ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှုများရယူရေး စသည့်အကြောင်းရပ်များနှင့်ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

**ရိုက်တာ။**

# တရုတ်နယ်စပ်ဒေသများ လုံခြုံရေးမြှင့်တင်နိုင်ရန် နိုင်ငံခြားသားခရီးသွားများထံမှ လက်ဗွေရာယူပြီ

**ပေကျင်း ဖေဖော်ဝါရီ ၉**

တရုတ်နိုင်ငံသည် နယ်စပ်ဒေသလုံခြုံရေး မြှင့်တင်သည့်အနေဖြင့် နိုင်ငံခြားသားခရီးသွားအားလုံး၏ လက်ဗွေရာများကို မှတ်တမ်းယူမှု စတင်ပြုလုပ်ပြီဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၉ ရက်တွင် ထုတ်ပြန်ကြေညာသည်။

နိုင်ငံခြားသားခရီးသွားများ၏ လက်ဗွေရာများ မှတ်တမ်းယူသည့်စနစ်ကို တရုတ်နိုင်ငံတောင်ပိုင်း ရှင်ကျင့်လေဆိပ်၌ ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်ကျင့်သုံးမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် အခြားနယ်စပ်စစ်ဆေးရေးစခန်းများတွင် ယင်းစနစ်ကို တဖြည်းဖြည်းကျင့်သုံးသွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်တွင်ဖော်ပြသည်။

ပြည်ပနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သည့် အသက် (၁၄) နှစ်မှ အသက် (၇၀) အထိ ဖြစ်သော ခရီးသွားများအားလုံးထံမှ လက်ဗွေရာများကို ရယူမည်ဖြစ်သည်။ သို့ရာတွင် မည်သူမည်ဝါအဖြစ် အတည်ပြုနိုင်သည့်ရုပ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာများကို မှတ်တမ်းတင်စနစ်(ဘိုင်အိုမက်ထရစ် သတင်းအချက်အလက်စနစ်)ဖြင့် မှတ်တမ်းယူမှု ရှိ၊ မရှိအသေးစိတ်ကိုဖော်ပြခြင်းမရှိပေ။

လက်ဗွေယူရန် စည်းမျဉ်းသစ် ထုတ်ပြန်ရခြင်းသည် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းထိရောက်စေရန် ရည်ရွယ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ပြောကြားသည်။




အမေရိကန်၊ ဂျပန်၊ တရုတ်(တိုင်ပေ)နှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် လက်ဗွေယူသည့်စနစ်ကို ကျင့်သုံးလျက်ရှိသည်ဆိုသည်။

ယေဘုယျအားဖြင့် တရုတ်နယ်စပ်လူဝင်မှုကြီးကြပ်ရေးစခန်းများသည် ခရီးသွားများအား စစ်ဆေးမှုကို ပုံမှန်သာပြုလုပ်လေ့ရှိပြီး ပြည်ဝင်ဗီဇာပြသရုံမျှဖြင့် ဝင်ရောက်ခွင့်ပေးသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရန် ရည်ရွယ်လျက် တရုတ်မြို့ကြီးများတွင် ရက်အနည်းငယ်သာနေထိုင်မည့် ခရီးသွားများအား ဗီဇာကင်းလွတ်ခွင့်ပေးသည့် သဘောတူညီချက်များ ရရှိထားသည်။

**ရိုက်တာ။**

# ထောက်ပံ့ကူညီရေးလုပ်သားခြောက်ဦး သတ်ဖြတ်ခံရပြီးနောက် အာဖဂန်နစ္စတန်၌ ကြက်ခြေနီကော်မတီ၏လုပ်ငန်းများရပ်ဆိုင်း

**မာဇာအီရှရစ်ဖ် ဖေဖော်ဝါရီ ၉**

ဆီးနှင်းများ ပြင်းထန်စွာကျဆင်းမှုနှင့်ကြုံတွေ့ခဲ့ရသည့် အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဝေးလံသီခေါင်သော ဒေသများသို့ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ပေးသည့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(အိုင်စီအာရ်စီ)ထောက်ပံ့ကူညီရေးအလုပ်သမားခြောက်ဦးအား ဖေဖော်ဝါရီ ၈ ရက်တွင် သေနတ်သမားများကပစ်ခတ်သတ်ဖြတ်ခဲ့ပြီးနောက် ယင်းနိုင်ငံအတွင်း ဆောင်ရွက်နေသည့်လုပ်ငန်းများကို အိုင်စီအာရ်စီက ရပ်ဆိုင်းထားကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာသည့်ယာဉ်တန်းကို အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)ဟု သံသယရှိသည့်သေနတ်သမားများက တိုက်ခိုက်ခဲ့ကြောင်း ဂျိုဇ်ဇန်ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့၏ လုပ်ငန်းများဆောင်ရွက်နေမှုအပေါ် အဆိုးရွားဆုံးဆန့်ကျင်တိုက်ခိုက်မှုဖြစ်ကြောင်း အိုင်စီအာရ်စီအကြီးအကဲက ပြောကြားသော်လည်း ယင်းတိုက်ခိုက်မှုသည်မည်သူ့လက်ချက်ဖြစ်သည်ကိုမူ ဖော်ပြခြင်းမရှိပေ။

တိုက်ခိုက်ခံရသည့် ကြက်ခြေနီအဖွဲ့၏ ယာဉ်တန်းအတွက် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ပြီး ဖေဖော်ဝါရီ ၈ ရက်ညပိုင်းအထိ ကူညီရေးလုပ်သားနှစ်ဦးပျောက်ဆုံးနေဆဲဖြစ်သည်။

**ဆင်ဟွာ။**



# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် အထူးအလေးထား ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၉**
ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့တွင် ပျော်ဘွယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးက **ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်မြင့်မားရေးအတွက် ကျေးလက်အိမ်ရာများနှင့် လမ်းတံတားများ စနစ်တကျ နေရာချထားပြီး မြေငှားဂရန်များ ပြုလုပ်ပေးရန်နှင့် အဆင့်မြင့် လယ်ယာစိုက်ပျိုးမွေးမြူရေးလုပ်ငန်း အပါအဝင် အသေးစား၊ အလတ်စားကုန်ထုတ်လုပ်ငန်းများဖြင့် ဘက်စုံဖွံ့ဖြိုးအောင် စီမံချက်ချမှတ် အကောင်အထည်ဖော်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို**ကို တင်သွင်းခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ မအူပင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းက နိုင်ငံတော်တိုးတက်ပြောင်းလဲရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် စီးပွားရေးကဏ္ဍအားလုံး ဟန်ချက်ညီမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးကောင်းမှ အုပ်ချုပ်ရေးကောင်းမည်ဖြစ်ပြီး အုပ်ချုပ်ရေးကောင်းမှ စီးပွားရေးကောင်းမည်ဖြစ်ပါကြောင်း၊ ထို့အတွက် စီးပွားရေးကောင်းရန်၊ ထုတ်လုပ်မှုကောင်းရန်ဟူသည့် အချက်သည် နိုင်ငံရေးအပေါ်တွင် အခြေခံသည်ဟူသည့်အချက်ကို သတိပြုကြရန် လိုအပ်ပါကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေး ရည်ရွယ်ချက်သည် ရေရှည်ဆောင်ရွက်ရမည့် မဟာဗျူဟာ လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ နိုင်ငံခြားဝင်ငွေ တိုးတက်လာစေရန်အတွက် အဘက်ဘက်မှ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ရန်မှာ ပထမအရေးကြီးပါကြောင်း၊ မြေယာကိစ္စနှင့်စပ်လျဉ်း၍ မတရားမြေရယူထားသည့် အငြင်းပွားသော မြေယာကိစ္စများ ဖြေရှင်းပြီးမှသာ၊ အမျိုးသားရေး မြေယာအသုံးချမှုဝါဒအပေါ် အခြေခံပြီး ရွာအလိုက် Plan ရေးဆွဲ၍ ချိန်ဆဆောင်ရွက်သင့်ပါကြောင်း။

လယ်ယာကဏ္ဍထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရန်လိုပါကြောင်း၊ ထို့အတွက် လယ်ယာမြေအငြင်းပွားမှုကိစ္စများကို ဦးစားပေးဖြေရှင်းရန် လိုအပ်ပါကြောင်း၊ မိရိုးဖလာစိုက်ပျိုးရေးမှ အဆင့်မြင့်လယ်ယာစိုက်ပျိုးရေးသို့ ကူးပြောင်းရာတွင် နှစ်အလိုက်စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ လယ်ယာကဏ္ဍကို အခြေခံသော အသေးစားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများကို အထူးထောက်ပံ့မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်းကို ထောက်ခံလိုပါကြောင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက အစီအမံများရေးဆွဲလျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရေးအတွက် ဖောင်ဒေးရှင်းကို ပြင်ဆင်နေသည့် ကာလဖြစ်သည့်အားလျော်စွာ အဆိုရှင်၏အဆိုကို အကောင်အထည်ဖော်နိုင်ရန်မှာ ဝင်ငွေတိုးပွားအောင် လုပ်ရမည့်လုပ်ငန်းကိုသာ ဦးစားပေးပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ တည်ဆောက်သည့်နေရာတွင် ဝင်ငွေတိုးပွားအောင် စီးပွားရေးကုန်ထုတ်လုပ်ငန်းများ၊ ဝင်ငွေရရှိသောလုပ်ငန်းများ ဦးစွာဆောင်ရွက်ပြီးမှ အဆိုရှင်၏ အဆိုပါ အချို့အချက်များကို လုပ်ဆောင်နိုင်ပြီး အချို့အချက်များကို ရေရှည်စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။


ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်။

ဝါးခယ်မမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သိန်းက အဆိုရှင်၏ အဆိုကို ကန့်ကွက်ဆွေးနွေးရာတွင် အဆိုမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်ချမှတ်အကောင်အထည်ဖော်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ပြုလုပ်မည်ဖြစ်သည့်အတွက် အဆိုရှင်၏ စေတနာကိုလေးစားရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း အဆိုနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရကို မတိုက်တွန်းသင့်ကြောင်း၊ ပြည်ထောင်စုအစိုးရတွင် မိမိ၏ဦးစားပေးအစီအစဉ်များကို အားသွန်ခွန်စိုက် ကြိုးပမ်းနေချိန်ဖြစ်၍ ဟန်ချက်ပျက်သွားနိုင်။ အရှိန်အဟုန်လျော့သွားနိုင်သည့်အတွက် ယခု အဆိုကို ကန့်ကွက်ဆွေးနွေးရခြင်းဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ချမ်းသာရေးအတွက် ဗဟိုပြုရမည်မှာ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားညီညွတ်ရေးတို့ ဖြစ်ပါကြောင်း၊ မိမိတို့၏ ရွေးကောက်ပွဲ ကြေညာစာတမ်းမှာပင် ပထမ အရေးအကြီးဆုံးအချက်မှာ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားညီညွတ်ရေးဖြစ်သည်ဟု အတိအလင်း ကြေညာထားပါကြောင်း၊ ပြီးခဲ့သည့် အစိုးရ၏ NCA စာချုပ်ကို အရှိန်အဟုန်မြှင့်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေး-(၂၁)ရာစုပင်လုံဆွေးနွေးပွဲများကို ဗဟိုအဆင့်တွင်သာမက နိုင်ငံနှင့်အဝန်း ကျင်းပနေပါကြောင်း၊ မကြာမီကာလက ဖြစ်ခဲ့သည့် မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့များနှင့် တိုက်ခိုက်မှုများ၊ မောင်တောဒေသ အကြမ်းဖက်မှုများသည် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးအတွက် မိမိတို့ လုံးဝမျက်ခြည်အပြတ်မခံနိုင်ဆိုသည်မှာ ထင်ရှားပါကြောင်း၊ ပြည်သူလူထုကလည်း ငြိမ်းချမ်းရေးကို အလွန်လိုလားနေကြပါကြောင်း၊ ထို့အတွက် ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးကို ပြည်ထောင်စုအစိုးရနှင့် လွှတ်တော်၊ ပြည်သူလူထုနှင့် တပ်မတော်တို့က ပထမဦးစားပေးလုပ်ငန်းအဖြစ် အားသွန်ခွန်စိုက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ယခုလုပ်ငန်းကြီးများနှင့်တွဲဖက်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအပါအဝင် တိုင်းပြည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့သော် ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးသည် ပြည်ထောင်စုအစိုးရ၏ ပထမနှင့် အဓိကလုပ်ငန်းကြီးဖြစ်ပြီး အရှိန်အဟုန်မပျက်စေရန်၊ ဟန်ချက်မပျက်စေရန်၊ မျက်ခြည်မပြတ်စေရန် အမြဲကြိုးပမ်းအားထုတ်သွားရန် လိုအပ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဘက်စုံတိုးတက်စေရန် စီမံချက်ချ အကောင်အထည်ဖော်ရန်အတွက် ပြည်ထောင်စုအစိုးရကို လွှတ်တော်ကြီးမှ မတိုက်တွန်းသင့်ကြောင်း ကန့်ကွက်ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ကို ဆန္ဒမဲပေးခြင်းဖြင့် ရယူရာတွင် ထောက်ခံမဲ ၁၄၇ မဲ၊ ကန့်ကွက်မဲ ၂၂၁ မဲနှင့် ကြားနေမဲ ၄ မဲ ရရှိသည့်အတွက် ကန့်ကွက်သူဦးရေများသောကြောင့် အဆိုကို မှတ်တမ်းအဖြစ်သာထားရှိရန် ဆုံးဖြတ်သည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းရာ ယင်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာဝေဖြိုးအောင်က အစီရင်ခံစာ ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအပေါ် ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် သာစည်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးနှင့် ဒီပဲယင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်တို့၏ လမ်း၊ တံတားဆိုင်ရာ မေးခွန်းများအပေါ် ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**
တနိုင်းမြို့နယ် တရုံကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ရန်ပုံငွေကျပ်သန်း ၂၄၀ ဖြင့် တံတား၏ အောက်ဘက် ကမ်းပြိုသည့်နေရာတွင် ကျောက်စီမြေထိန်းနံရံအလျား ပေ ၁၀၀၀ နှင့် တံတားအထက်ဘက်တွင် ကျောက်ကြီးဖြည့်ရေကာ အလျား ၁၃၅ ပေကို ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြောကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးနောင်နဂျာတန်၏ **"ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းရှိ တရုံကျေးရွာတွင် စီးဆင်းနေသော တရုံချောင်းကမ်းပါး မြေထိန်းနံရံကို နိုင်ငံတော်မှ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်း ၁၀ ခုအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တင်ဒါခေါ်ယူပေးခဲ့ပါကြောင်း၊ အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၀ ခု အနက် လုပ်ငန်း နှစ်ခုသည် တင်ဒါ အောင်မြင်ခဲ့သော်လည်း နယ်မြေလုံခြုံရေး၊ တရုတ်နိုင်ငံဘက်မှ


မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင်။

မြေထိန်းနံရံ တည်ဆောက်ခြင်းအား ကန့်ကွက်ခြင်းစသည့် ဒေသအခြေအနေများအရ လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါကြောင်း။

ဆောင်ရွက်နိုင်ခြင်း မရှိသည့် လုပ်ငန်း နှစ်ခုအတွက် လျာထားငွေကို ထပ်မံဆောင်ရွက်ပေးရန် လိုအပ်နေသည့် လုပ်ငန်း ကိုးခုသို့ လုပ်ငန်းခေါင်းစဉ် လွှဲပြောင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါခေါင်းစဉ်လွှဲပြောင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်း ကိုးခု၏ စုစုပေါင်းတန်ဖိုးကျပ် ၂၄၁၉ ဒသမ ၄၆ သန်းတွင် တနိုင်းမြို့နယ် တရုံကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ရန်ပုံငွေကျပ်သန်း ၂၄၀ ပါဝင်ခဲ့ပါကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမြမင်းဆွေ၏ **"ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ဘီးခွန်သွင်းဆောင်ပြီး ချလန်ပြေစာပါရှိမှသာ ယာဉ်သက်တမ်းတိုးခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ ဘီးခွန်ပေးဆောင်ပြီးမှ မော်တော်ယာဉ်သက်တမ်းတိုးပေးရန် ကိစ္စသည် မော်တော်ယာဉ်ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်းနှင့် အချို့သောဒေသများတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့များ၏ ညှိနှိုင်းချက်အရလည်းကောင်း၊ ၎င်းတို့ဌာန အစီအစဉ်ဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးများသို့ လာရောက်၍ ဘီးခွန်ကောက်ခံရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင်၏ **"အသုံးပြုခြင်းမရှိတော့သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကြေးနန်းတိုင်နှင့် ကြေးနန်းကြိုးများအား ပြန်လည်သိမ်းဆည်းရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက မန္တလေး-မြစ်ကြီးနား မီးရထားလမ်းဘေး တစ်လျှောက် ဆက်သွယ်တည်ဆောက်ထားခဲ့သည့် ကြေးနန်းတိုင်နှင့် ကြေးနန်းကြိုးများကို အသုံးပြုထားရှိမှုနှင့် အသုံးမပြုတော့သည့် အခြေအနေများကို အဖွဲ့ဖွဲ့စည်း၍ စနစ်တကျ စာရင်းကောက်ယူပြီး အသုံးပြုခြင်းမရှိတော့သည့် ကြေးနန်းကြိုးများနှင့် ဆက်စပ်ပစ္စည်းများကို ဖြုတ်သိမ်းကာ သတ်မှတ်ထားသည့် ဆက်သွယ်ရေးစခန်းများတွင် ထားရှိသွားမည်ဖြစ်ကြောင်း။

ကြေးနန်းတိုင်များသည် မြန်မာ့မီးရထား၏ ခရီးအကွာအဝေး မိုင်ဖော်ပြသည့် သင်္ကေတအမှတ်အသားအဖြစ် အသုံးပြုထားပါသဖြင့် ဖြုတ်သိမ်းပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ဖြုတ်သိမ်းရရှိမည့် ကြေးနန်းကြိုးများနှင့် ဆက်စပ်ပစ္စည်းများအနက် ပြန်လည်အသုံးပြု၍ရသော ပစ္စည်းများကို ပြန်လည်အသုံးပြုသွားမည်ဖြစ်ပြီး အသုံးပြု၍မရတော့သည့် ပစ္စည်းများကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ လေလံတင်ထုခွဲရောင်းချခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)မှ ဦးဖေတင်၏ **"မွန်ပြည်နယ် မုဒုံမြို့နယ် မိုန်ဂနိမ်းကျေးရွာ ဘူတာတစ်ဝိုက်ရှိ ဧရိယာ ၈၉ ဒသမ ၆၉ ဧကအကျယ် မီးရထားမြေဧရိယာထဲမှ လက်ရှိ အငှားချထားသည့် ၁၉ ဧက ပမာဏချန်လှပ်၍ ကျန်မြေတွင် ယခင်စိုက်ပျိုးလုပ်ကိုင်ခဲ့သော ဥယျာဉ်ခြံသမားများအား သက်သာသော စည်းကြပ်ခွန် ကောက်ခံသည့်ပုံစံဖြင့် လုပ်ကိုင်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက တိုင်းအမှတ် (၈)နယ်မြေ မုဒုံမြို့နယ် မိုန်ဂနိမ်းဘူတာအနီးရှိ မြေနေရာ ၈၉ ဒသမ ၆၉ ဧကသည် လယ်သမား


ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင်။

များထံမှ သိမ်းယူခဲ့သောမြေနေရာ မဟုတ်ပါကြောင်း၊ မီးရထားစက်ခေါင်းရုံ ဆောက်လုပ်ရန်အတွက် မြန်မာ့မီးရထားမှ ဝယ်ယူခဲ့သော ဦးပိုင်အမည်ပေါက် မြေနေရာဖြစ်ပါကြောင်း။

ထိုနေရာတွင် စက်ရုံမဆောက်လုပ်မီကာလအတွင်း သက်သာချောင်ချိရေးအတွက် ဦးကြည်မြင့်ပါ သုံးဦးကို ရော်ဘာစိုက်ပျိုးရန်အတွက် စာချုပ်ချုပ်ဆို၍ ငှားရမ်းခဲ့ပါကြောင်း၊ မြေဧရိယာ (၈၉ ဒသမ ၆၉) ဧကရှိသော်လည်း စိုက်ပျိုးနိုင်သည့် ဧရိယာ (၅၇ ဒသမ ၆၉) ဧကသာရှိပါကြောင်း၊ မြေဧရိယာ (၅၇ ဒသမ ၀၆)ဧကသည် စာချုပ်ဖြင့် ငှားရမ်းထားပြီးဖြစ်သောကြောင့် စုစုပေါင်း (၂၈ ဒသမ ၄၀) ဧကသာ ကျန်ရှိပါကြောင်း၊ ကျန်ရှိသောမြေနေရာတွင် ဘူတာနှင့် ဘူတာယာဒ်ဝန်း မြေနေရာသည် (၂၅ ဒသမ ၄၅) ဧကပါဝင်ပြီး (၂ ဒသမ ၉၅)ဧက ကျန်ရှိပါကြောင်း။

ကျန်ရှိသည့် မြေနေရာအား ငှားရမ်းမည်ဆိုပါက မြန်မာ့မီးရထားမှ သတ်မှတ်ထားသော မြေငှားရမ်းခကို ပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်နေထိုင်ခွင့်ပြုမည်မဟုတ်ပါကြောင်း၊ ယခင် စိုက်ပျိုးလုပ်ကိုင်ခဲ့သော ဥယျာဉ်ခြံသမားများကို သက်သာသော နှစ်အလိုက် စည်းကြပ်ခွန်ကောက်ခံသည့်ပုံစံဖြင့် လုပ်ကိုင်ခွင့်ပြုပေးနိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒုတိယဝန်ကြီးက **ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်း**ကို လွှတ်တော်က ဆွေးနွေးအတည်ပြုပေးပါရန် တင်သွင်းသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်က **ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားသည်။

လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**မော်စီ(သတင်းစဉ်)**

# ပထမ ပင်လုံညီလာခံ

မြင့်ဆွေဦး

တိုင်းရင်းသားလူမျိုးများအနက် လူဦးရေအများဆုံးဖြစ်သော ရှမ်းအမျိုးသားများနှင့်၎င်းတို့အပေါ် ဩဇာရှိနေသေးသူ ပဒေသရာဇ်နယ်ရှင်စော်ဘွားများအား အဓိကစည်းရုံး၍ ဗြိတိသျှနယ်ချဲ့တို့က ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာ့နိုင်ငံရေးခေါင်းဆောင်များနှင့် သွေးခွဲရန် ကြံစည်ချက်ဖြစ်လေသည်။ ဘုရင်ခံဆာဒေါ်မန်စမစ်သည် ပင်လုံအစည်းအဝေးမတိုင်မီ ရက်အနည်းငယ်အလိုတွင် မြစ်ကြီးနားသို့ မျက်နှာဖြူအရာရှိအချို့နှင့် သွားရောက်ပြီး ကချင်ခေါင်းဆောင်များနှင့်တွေ့ဆုံကာ မြန်မာ့နိုင်ငံရေးသမားများနှင့် မပေါင်းရန် သွေးထိုးစည်းရုံးခဲ့သေးသည်။

၁၉၄၆ ခုနှစ် ပထမပင်လုံညီလာခံ၌ ဗြိတိသျှတို့၏ အကြံအစည်တစ်ခု ရှိလေသည်။ ယင်းမှာ ညီလာခံသို့ မဖြစ်မနေတက်ရောက်ရန် ကြိုတင်စည်းဝါးရိုက်ထားသူမှာ ဗြိတိသျှအစိုးရ၏ အလိုတော်ရိ ဂျွန်ဦးစောနှင့် ဦးဘရင်တို့ဖြစ်သည်။ ဗြိတိသျှတို့၏အကြံအစည်မှာ ရှမ်း၊ ကချင်စသော တိုင်းရင်းသားလူမျိုးစုများ စုပေါင်းပါဝင်သည့် တောင်တန်းဒေသ စည်းလုံးညီညွတ်ရေးအဖွဲ့ချုပ် United Hill People Organization အမည်နှင့် အဖွဲ့ကြီး တည်ထောင်ဖွဲ့စည်းမည်။ ဥက္ကဋ္ဌအဖြစ် ဘုရင်ခံက ဆောင်ရွက်မည်ဖြစ်ပြီး အထွေထွေအတွင်းရေးမှူးအဖြစ် ဂျွန်ဦးစောကို တာဝန်ပေးမည်ဟု ကြံရွယ်ထားကြောင်း သတင်းများထွက်ပေါ်ပြီး ရန်ကုန်မှ နယူးတိုင်း၊ ဘာမင်း သတင်းစာတို့က အကျယ်တဝင့် ဖွင့်ချရေးသားလိုက်သည်။

ပထမပင်လုံညီလာခံတွင် ဟောပြောဆွေးနွေးမည့် လူမျိုးစုခေါင်းဆောင်များသည် နိုင်ငံရေးစကားမပြောရ၊ လူမှုရေး၊ ပညာရေး စသည်တို့ကိုသာ ဟောပြောရမည်ဟု ကန့်သတ်ချုပ်ချယ်ထားလေသည်။ နောက်ထပ်ပြဿနာတစ်ခုဖြစ်လာသေးသည်။ စော်ဘွားအချို့က သူတို့လေးစားကြည်ညိုသော ဗိုလ်ချုပ်အောင်ဆန်းကိုပါ ပင်လုံညီလာခံသို့ဖိတ်ကြားရန် တင်ပြလာခြင်းဖြစ်သည်။ နယ်ခြားအုပ်ချုပ်ရေးဌာနမှ မျက်နှာဖြူအရာရှိများသည် မငြင်းသာသဖြင့် ပင်လုံအစည်းအဝေးသို့ ဗိုလ်ချုပ်အောင်ဆန်းမတက်ရောက်နိုင်အောင် အကြံအဖန်လုပ်ကြတော့သည်။ ၁၉၄၆ ခုနှစ် မတ်လတွင် ဗိုလ်ချုပ်အောင်ဆန်းသည် သခင်မြ၊ ဟသ်ာတဦးမြ၊ သခင်ဝတင်၊ ဦးအောင်ဇံဝေတို့နှင့်အတူ ရခိုင်ပြည်နယ်သို့ စည်းရုံးရေးခရီးထွက်ရန် စီစဉ်ထားပြီးဖြစ်သည်။ ဒေသခံ ရခိုင်ခေါင်းဆောင်များထံသို့လည်း အကြောင်းကြားထားပြီးဖြစ်သည်။

ထိုအစီအစဉ်ကို သိထားသော မျက်နှာဖြူအရာရှိများက ပင်လုံအစည်းအဝေးကို မတ်လ ၂၆၊ ၂၇၊ ၂၈ ရက်တို့တွင် ကျင်းပရန်သတ်မှတ်ပြီး ဗိုလ်ချုပ်အောင်ဆန်းအား ဖိတ်ကြားလိုက်လေသည်။ တစ်နည်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်း ပင်လုံသို့မလာနိုင်ရန် ကြိုတင်ပြင်ဆင်လိုက်ခြင်းဖြစ်သည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် ဖဆပလခေါင်းဆောင်များနှင့် ညှိနှိုင်းတိုင်ပင်ပြီး ပင်လုံညီလာခံသို့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်စား သခင်နု၊ ဦးဘဂျမ်းနှင့် မန်းဘခိုင်တို့ တက်ရောက်ရန် ဆုံးဖြတ်လိုက်လေသည်။ သခင်နုပါလာလျှင် နိုင်ငံရေးစကားဟောပြောမည်မှာ သေချာသဖြင့် ဘုရင်ခံသည် အစည်းအဝေးသို့ နေထိုင်မကောင်း၍ တက်ရောက်မည်မဟုတ်ကြောင်း အကြောင်းကြားလိုက်သည်။ ရှမ်းပြည် လူငယ်ခေါင်းဆောင်များသည် ဂျွန်ဦးစောကို လျှော့မတွက်ထားကြပေ။ ဦးစောသည် ထိုးထွင်းဉာဏ်ကောင်းသော နိုင်ငံရေးသမားတစ်ယောက်သာ မဟုတ်သေး၊ အလွန်ပရိယာယ်ကြွယ်ဝသော ပုဂ္ဂိုလ်၊ ပွဲကျအောင် ဟောနိုင် ပြောနိုင်သော ပုဂ္ဂိုလ်လည်းဖြစ်သည်။

ဦးစောသည် သာမန်နောက်လိုက်ဘဝမှ ပါလီမန်သက်တမ်း လေးနှစ်အတွင်း နန်းရင်းဝန်ဘဝ ရောက်သည်အထိ စွမ်းဆောင်ခဲ့သည်မှာလည်း အရည်အချင်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ရှမ်းပြည်လူငယ်ထုဖြစ်သည့် ဦးဖေခင်၊ ဦးတင်ဧတို့သည် ပင်လုံသို့ရောက်နှင့်နေသော ဦးစော၏ အကြံအစည်ကို စောင့်ကြည့်နေကြသည်။ ဦးစောသည် လုပ်လေ့လုပ်ထရှိသည့် နိုင်ငံရေးစတန့်ထွင်မှုဖြင့် ညီလာခံတွင် အပေါ်စီးရယူကာ ရှမ်းပြည်လူထုကို ဖမ်းစားပြီး သူက ကယ်တင်ရှင်ဖြစ်အောင် လုပ်မည်မှာ သေချာနေတော့သည်။ ပင်လုံညီလာခံသို့ မျိုးချစ်ပါတီခေါင်းဆောင်အနေဖြင့် ဦးစောတက်ရောက်လာရာ ညီလာခံ၌ မဟောပြောရသေးမီ တစ်ညဌ ဦးစောက သခင်နုတို့ကိုဖိတ်ကြား၍ "ယခု ရှမ်းပြည်ညီလာခံသို့ ရောက်လာကြတဲ့အခါ မြန်မာခေါင်းဆောင်ကြီးများ အချင်းချင်း ညီညွတ်တဲ့အကြောင်းကို ပြလိုပါတယ်။ ညီလာခံတွင် စော်ဘွားများအား ပြန်လည်ပြောသည့်အခါမှာ ကျုပ်ကသာ ခေါင်းဆောင်အဖြစ်နဲ့ ပြောလိုပါတယ်"ဟု ပြောကြားလေသည်။

သခင်နုက "မိမိတို့မှာ ဖဆပလကိုယ်စားလှယ်များဖြစ်၍ ဖဆပလကိုယ်စားလှယ်အဖြစ်နှင့်သာ ပြောနိုင်မည်။ ဦးစော၏ အကြံပေးချက်ကို သဘောမတူပါ"ဟု ငြင်းဆိုခဲ့လေသည်။ ဦးစော လှည့်ချင်တိုင်းလှည့်၍မရအောင် လုပ်ဖို့လိုသည်။ သို့ဖြစ်၍ ပင်လုံညီလာခံတွင် အခမ်းအနားမှူးဖြစ်သူ မိုင်းခမ်းစော်ဘွား စောထွန်းအေးထံသို့ ဦးဖေခင်က သွားရောက်ပြီး ညီလာခံအစီအစဉ်ကို မေးမြန်းကြည့်လေသည်။ ထိုအခါ ဦးဖေခင် ထင်ထားသည့်အတိုင်း မိန့်ခွန်းပြောမည့်ပုဂ္ဂိုလ်များစာရင်းတွင် ဦးစောအား ထိပ်ဆုံးတင်ထားသည်ကို တွေ့ရလေသည်။ ရင်းနှီးသောမိတ်ဆွေဖြစ်သူ စောထွန်းအေးအား လွတ်လွတ်လပ်လပ်ပြောဆိုနိုင်သဖြင့် ဦးဖေခင်က ဦးနုနှင့် ဦးစောကို နေရာလဲပေးရန် မေတ္တာရပ်ခံလိုက်သဖြင့် စောထွန်းအေးက ခေတ္တမျှစဉ်းစားနေပြီး မေတ္တာရပ်ခံချက်ကို လိုက်လျောခဲ့လေသည်။ ညီလာခံစတင်သည့်အခါတွင် သခင်နုအား မိန့်ခွန်းပြောကြားရန် ဖိတ်ခေါ်လိုက်သည်။

သခင်နုက ဗိုလ်ချုပ်အောင်ဆန်းသည် စီစဉ်ထားပြီးသား ကိစ္စတစ်ခုရှိနေ၍ ညီလာခံသို့ မတက်ရောက်နိုင်ကြောင်းကို တောင်းပန်ကြောင်း၊ မတက်ရောက်နိုင်သော်လည်း အောင်မြင်ရပါစေဟု ဆန္ဒပြုလိုက်ကြောင်းကို ဤအစည်းအဝေးကြီး၌တင်ပြရန် မိမိအားမှာကြားလိုက်ကြောင်း စတင်ဟောကြားလိုက်သည်။ သခင်နုသည် မြန်မာနိုင်ငံရှိ လူမျိုးစုအားလုံးသည် သမိုင်းကြောင်းတစ်လျှောက်လုံးညီညွတ်ခဲ့ကြပုံ၊ အထူးသဖြင့် အင်္ဂလိပ်တို့ မသိမ်းပိုက်မီက ရှမ်းနှင့် ဗမာတို့အကြားတွင် ချစ်ကြည်ရင်းနှီးခဲ့ပုံတို့ကို ထုတ်ဖော်၍ ပြောကြားခဲ့လေသည်။ သမိုင်းကြောင်းအချက်အလက်များ ထုတ်နုတ်ကိုးကား၍ ဟောပြောခဲ့သည်။ ဗြိတိသျှနယ်ချဲ့တို့ တိုက်ထားသည့် ရှမ်းနှင့် ဗမာတို့မှာ ကမ္ဘာ့ရန်သူများဖြစ်သည်ဆိုခြင်းမှာ မဟုတ်ကြောင်း၊ အင်းဝဘုရင် သိုဟန်ဘွား အသတ်ခံရခြင်းမှာ ရှမ်းလူမျိုးဖြစ်၍ သတ်ခြင်းမဟုတ်ကြောင်း၊ သာသနာကိုစော်ကား၍ သုတ်သင်ခြင်းဖြစ်ကြောင်း၊ ၎င်းအားသုတ်သင်ခဲ့သူ မင်းကြီးရန်နောင်သည် ကုန်းဘောင်စော်ဘွားကိုပင့်၍ သိုဟန်ဘွား၏ထီးနန်းကို အပ်ခဲ့ကြောင်း။

ကုန်းဘောင်စော်ဘွားမှာ ရှမ်းလူမျိုးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အစဉ်အလာအရ ရှမ်းနှင့် ဗမာရန်သူဆိုသည်မှာ မဟုတ်ကြောင်း၊ နယ်ချဲ့ဗြိတိသျှတို့၏ ဖန်တီးမှုသာဖြစ်ကြောင်း အကိုးအကားများဖြင့် ဟောပြောခဲ့လေသည်။ "သီပေါမင်းကို ဖမ်းဆီးခေါ်ဆောင်သွားသည့်အခါ အင်္ဂလိပ်လက်ထဲက သီပေါမင်းကို ပြန်လုမယ်ဆိုပြီး လက်နက်ဆွဲကိုင်ထားသည့် နောက်လိုက်နောက်ပါ ၅၀၀ နှင့် မန္တလေးဘုရားကြီးကစောင့်ခဲ့တာ ဘယ်သူလဲ"ဟု သခင်နု မေးခွန်းထုတ်လိုက်သည်။ ပရိသတ်ကြီးက အဖြေကို သိလိုဇောနှင့် ငြိမ်သက်နေစဉ် "အဲဒါ ညောင်ရွှေစော်ဘွားကြီးပဲ မဟုတ်လား"ဟု ပြောလိုက်ရာ ပရိသတ်ကြီးက သခင်နုအား လက်ခုပ်လက်ဝါးတီး၍ ဩဘာပေးကြလေသည်။ ဤသို့ဖြင့် သခင်နုသည် ရှမ်းလူထုပရိသတ်ကြီးအား "ရှမ်းလူမျိုးတွေဟာ မြန်မာ့သမိုင်းမှာ ပါဝင်ခဲ့ကြသူတွေဖြစ်တယ်။ ဗမာတွေနဲ့ အတူတူပဲ။ တစ်မျိုးတစ်စားတည်း တစ်သွေးတစ်သားတည်းပဲ"ဟု ဂုဏ်ယူဝင့်ကြွားနိုင်မည့် စိတ်ဓာတ်ကို နှိုးဆွပေးလိုက်သည်။ ဗမာနှင့် ရှမ်းဟာ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားနေကြသူများဖြစ်ကြောင်း၊ တညီတညွတ်တည်း အတူတကွတော်လှန်ကြရမှာဖြစ်ကြောင်း ပြောလိုက်ရာ ပရိသတ်ကြီးက တစ်ခဲနက် ဩဘာပေးလိုက်လေသည်။

ညနေပိုင်းတွင် ဦးစောက ပရိသတ်ကို မိန့်ခွန်းပြောရမည့်အလှည့်ဖြစ်သည်။ သခင်နုအား ပရိသတ်က စောင့်စားခဲ့ကြသလို ဦးစောကိုလည်း ပရိသတ်ကြီးက မျှော်လင့်စောင့်စားခဲ့ကြသည်။ သို့သော် ပရိသတ်ကြီး မျှော်လင့်ထားသလို မဟုတ်ဘဲ ပြောင်းပြန်ဖြစ်သွားသည်။ သခင်နုကရှေ့မှပြောစရာတွေ ကုန်စင်အောင်ပြောခဲ့သည်ဖြစ်၍ ဦးစောအဖို့ ပြောစရာမရှိတော့အောင် ဖြစ်သွားသည်။ ဦးစောဟောပြောရာတွင် လာမည့်လွတ်လပ်ရေးတိုက်ပွဲတွင် ဗမာပြည်သူတွေ မည်သို့မည်ပုံ လက်တွဲ၍ အတူတကွ တိုက်ပွဲဝင်မည်ဆိုသည့်အချက်မဟုတ်ဘဲ လွတ်လပ်ရေးရလျှင် ဗမာပြည်ကို သူဘယ်လိုအုပ်ချုပ်မည်ဆိုသည့် အချက်ဖြစ်နေသည်။ ဦးစောက ဆက်လက်၍ လွတ်လပ်ရေးနှင့် ပတ်သက်ပြီး ဒိုမီနီယံအုပ်ချုပ်ရေးကောင်းကြောင်းဟောပြောရာ ပရိသတ်ထဲမှ ရှမ်းလူငယ်ခေါင်းဆောင်များက အော်ဟစ်ရှုတ်ချ လှောင်ပြောင်ခဲ့သည်။ လူငယ်ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုတင်ဧက "ဗမာပြည်မှာ ရောင်းမစွံတဲ့ ဒိုမီနီယံကို ရှမ်းပြည်မှာ လာမရောင်းပါနဲ့"ဟု ထပြောလိုက်ရာ ပရိသတ်ကြီး ဩဘာပေးလိုက်သည်။

ထို့အပြင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးနှင့်ပတ်သက်၍ ဦးစောက "ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေရေးဆွဲဖို့ကိစ္စက လွယ်ပါတယ်။ ကျုပ်ကို လက်နှိပ်စက်စာရေး တစ်ယောက်သာပေးပါ။ ခင်ဗျားတို့ ဘယ်လိုပုံစံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမျိုး လိုချင်သလဲ၊ ခင်ဗျားတို့လိုချင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို နာရီပိုင်းအတွင်းမှာ ရေးဆွဲပေးမယ်"ဟု ပြောလိုက်သည်။ ဦးစော၏စကားများမှာ လေးနက်မှုမရှိဘဲ ကိုယ်ရည်သွေးနေခြင်းကို ပရိသတ်က သဘောပေါက်နားလည်သွားခဲ့သည်။ ဦးစောသည် တောင်တန်းသားများနှင့် ဗမာလူမျိုးများ ရင်းနှီးနားလည်မှုရရှိရေးကိစ္စကို လုံးဝမပြောဘဲ လွတ်လပ်ရေးရလျှင် ဘယ်လိုအုပ်ချုပ်မည်ဆိုသည်ကို ပြောခြင်းမှာ သူ့ကိုယ်ကျိုးအတွက် ဟောပြောခြင်းဖြစ်သည်ကို ညီလာခံသို့တက်ရောက်လာသူ၊ အထူးသဖြင့် လူငယ်ခေါင်းဆောင်များက သဘောပေါက်သွားလေသည်။ ဤပင်လုံညီလာခံသည် နိုင်ငံရေးအရ မည်သည့်ဆုံးဖြတ်ချက်ကိုမျှ မချမှတ်နိုင်သော်လည်း နောင်အခါဖြစ်ပေါ်လာမည့် အခြေအနေများနှင့် ပတ်သက်၍ စုဝေးဆွေးနွေးခြင်း၊ အမြင်ဖလှယ်ခြင်းသာ ဖြစ်သည်။

သို့သော် ဤသို့တွေ့ဆုံခြင်းသည် အကျိုးရှိသောကြောင့် နောင်လာမည့်နှစ်တွင် အလားတူ ညီလာခံမျိုး ကျင်းပရန် သဘောတူဆုံးဖြတ်ခဲ့ကြလေသည်။ ဤပထမပင်လုံညီလာခံသည် နောင်နှစ်တွင်ပြုလုပ်မည့် ပင်လုံညီလာခံကြီးအတွက် တိုင်းရင်းသားလူမျိုးစုများအတွက် လမ်းခင်းပေးလိုက်ခြင်းဖြစ်သည်ဟု ဆိုရပေမည်။

**ရည်ညွှန်း။**

**(၁) သတင်းစာဆရာ ဦးပုကလေး "ငါတို့ဗိုလ်ချုပ်ဘာတွေလုပ်ခဲ့သလဲ"၊ ရန်ကုန် ဖူဂျီယာမ စာအုပ်တိုက်၊ ၂၀၁၀။**
**(၂) ဦးဖေခင် "ကိုယ်တွေ့ပင်လုံ၊ ရန်ကုန်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၁။**
**(၃) တက္ကသိုလ်နေဝင်း "ပြည်ထောင်စုဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း"**




**၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့**
**အမျိုးသားရေးဦးတည်ချက် (၄)ရပ်**

(၁) ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊
(၂) အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ရေး၊
(၃) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊
(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊

**တိုင်းရင်းသားလူမျိုးများအနက် လူဦးရေအများဆုံးဖြစ်သော ရှမ်းအမျိုးသားများနှင့်၎င်းတို့အပေါ် ဩဇာရှိနေသေးသူ ပဒေသရာဇ်နယ်ရှင်စော်ဘွားများအား အဓိကစည်းရုံး၍ ဗြိတိသျှနယ်ချဲ့တို့က ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာ့နိုင်ငံရေးခေါင်းဆောင်များနှင့် သွေးခွဲရန်ကြံစည်ချက်ဖြစ်လေသည်။ ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် ပင်လုံအစည်းအဝေးမတိုင်မီ ရက်အနည်းငယ်အလိုတွင် မြစ်ကြီးနားသို့ မျက်နှာဖြူအရာရှိအချို့နှင့်သွားရောက်ပြီး ကချင်ခေါင်းဆောင်များနှင့်တွေ့ဆုံကာ မြန်မာ့နိုင်ငံရေးသမားများနှင့်မပေါင်းရန် သွေးထိုးစည်းရုံးခဲ့သေးသည်။**

# ပင်လုံ၊ ပန်လုံ၊ ကွင်းပြင် သို့မဟုတ် ပြည်ထောင်စုတိုင်းရင်းသား နှလုံးသားရင်ပြင်



ဦးထက်ချင်



ဦးနန္ဒငွေး

ပင်လုံ ရှမ်းစကားအခေါ် “ပန်လုံ” အဓိပ္ပာယ်က “ကွင်းပြင်”၊ “တောင်တန်းပြည်မပူးပေါင်းရေးစာချုပ်”ချုပ်ဆိုရာ သမိုင်းဝင်ရင်ပြင်။

မနေ့ညနေခင်းက တွေ့မြင်ခံစားခဲ့ရသော ပတ်ဝန်းကျင် တောင်တန်းအလှ၊ ကွင်းပြင်အလှ၊ သမိုင်းဝင်အလှတို့ကို နံနက်ခင်းနေခြည်အောက် နွေးထွေးခံစား ကြည့်ချင်သည်မို့ နံနက်စောစော လမ်းလျှောက်ထွက်ခဲ့ပြီး ပင်လုံကျောက်တိုင်ကွင်းမှ အရှေ့ဆီသို့ ငေးကြည့်နေရာ-

အနီ၊ လိမ္မော်၊ အဝါ အရောင်သွေးတို့ဖြင့် လှသွေးဆင့်ခဲ့သော နေလုံးကြီးသည် အရှေ့တောင်တန်းထိပ်မှ ထွက်ပြူလာပြီး တောင်ဘက်နှင့် အနောက်ဘက်ရှိ တောင်တန်းတောင်စွယ်တို့ကို လင်းလက်တောက်ပပစ်လိုက်သည်။ မြောက်ဘက်နိမ့်လျှောမြေပြန့်တစ်ကြောပေါ်ဆီ ဘုန်းကြီးကျောင်းနှင့် အိမ်ရာများကို လှုပ်လှုပ်ရွရွ အသက်ဝင်သွားစေသည်။ လမ်းလျှောက် လေ့ကျင့်ခန်းလုပ်သူ၊ ဈေးသည်ဈေးဝယ်နှင့် ဆွမ်းခံကြွလာသော ရဟန်း၊ သံဃာ၊ ကိုရင်၊ သာမဏေများလည်း မြင်တွေ့လိုက်ရသည်။ မြောက်ဘက်မြေပြန့်အဆုံးအဝေးဆီရှိ တောင်တန်းများကိုလည်း တွေ့မြင်ရသည်။

“ဗိုလ်ချုပ်အောင်ဆန်းက မြောက်ဘက်မျက်နှာမူပြီး မိန့်ခွန်းပြောတာမို့ မူလက ကျောက်တိုင်ကို မြောက်ဘက်မျက်နှာမူထားတာဗျ” ဆိုသည့် ဒေသခံစကားကြားယောင်ရင်း နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားဆိုသည့် ဆိုင်းဘုတ်ကြောင့် သိမ်လိုက်သော သက်ကြီးရွယ်အိုများ မြောက်ဘက်ရပ်ကွက်များ၌ တွေ့နိုင်ကောင်းသည်ဟူသော အတွေးဖြင့် ထိုရပ်ကွက်အိမ်ခြေများဆီ လျှောက်ခဲ့သည်။

အသက် (၆၄) နှစ် ပအိုဝ်းတိုင်းရင်းသားကြီး ဦးကြီးက အသက်(၈၈) နှစ်အရွယ် ဖခင်ကြီး ဦးထက်ချင်နှင့် တွေ့ဆုံမိတ်ဆက်ပေးရာ-

“လာကြည့်ဖြစ်ပါတယ်။ ဒီမြောက်ဘက်က ကွက်လပ်ကြီးပေါ့။ ဘုန်းကြီးကျောင်းတော့ရှိတယ်။ ရပ်ကွက်လည်း မရှိပါဘူး။ ဝင်ပေါက်၊ ထွက်ပေါက် မရှိပါဘူး။ အရင်ကကျောက်တိုင်ဟာ မြောက်ဘက်လှည့်တယ်။ အခုအရှေ့ဘက်လှည့်တယ်။ အရင်က တောင်တန်းပြည်မ ပူးပေါင်းရေးလို့ ရေးတယ်။ အခုပြည်မတောင်တန်း ပူးပေါင်းရေး”တဲ့။




ပင်လုံမြို့တွင်ကျင်းပမည့် နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားပြင်ဆင်ထားမှုကို တွေ့ရစဉ်။

အသက် (၇၅) နှစ်ရှိ ရှမ်းအမျိုးသမီးကြီး ဒေါ်နန်းဆမ်ခမ်းက “ပင်လောင်းက ပြေးလာတော့ ဒီပွဲနဲ့ လာစုံတယ်။ “မင်းစုံပွဲ”တဲ့။ ပွဲတွေလည်းပါတယ်။ မျက်လှည့်ပွဲတော့ မှတ်မိတယ်။ လူကိုမြေမြှုပ်ပြီး ပြန်ဖော်တာ သနပ်ခါးတောင်မပျက်ဘူး”။

အသက် (၈၈) နှစ်အရွယ် ဇာတ်ဆရာကြီး ဦးနန္ဒငွေးက “အသက် (၁၈)နှစ်အရွယ်ပေါ့။ မင်းစုံပွဲလေ။ စစ်ကလည်းဖြစ်ပြီးစ ကျောင်းလည်း မနေရတော့ သိပ်နားမလည်ခဲ့ပါဘူး။ လဲချားစော်ဘွားအောက်မှာ မြောက်ပန်လုံနဲ့ တောင်ပန်လုံဆိုပြီးရှိတယ်။ ဒီနေရာက တောင်ပန်လုံပေါ့။ အခုတွေ့ခဲ့တဲ့ ကျောင်းနေရာလေးမှာ သစ်ပင်ချည်းပဲ။ အိမ်ခြေ ၈၀ လောက်ရှိတဲ့ ရွာလေးပေါ့။ စော်ဘွားတွေ ဒီနေရာမှာ နှီးနှောဖလှယ်ရင်း ကြိုက်တယ်ဆိုပြီး ပင်လုံပွဲလုပ်ဖြစ်တာလို့ ကြားခဲ့ရတယ်။

သခင်နုရော၊ စော်ဘွားတွေရော ဗိုလ်ချုပ်အောင်ဆန်းရော တွေ့ရပါတယ်။ ပွဲတွေကတော့ စုံပါတယ်။ အံစာပစ်တာ၊ ခြင်းခတ်တာ၊ မျက်လှည့်ပြတာတွေပါတယ်။ လူကို မြားနဲ့ပစ်တာ မကြည့်ဝံ့ပါဘူး။

မြောက်ဘက်ရပ်ကွက်မှ ပင်လုံကွင်းထဲပြန်ရောက်တော့ ရှမ်းပြည်နယ်စည်ပင်သာယာဝန်ကြီးနဲ့တွေ့တော့ “လာဗျာ ဗိုလ်ချုပ်အောင်ဆန်းရေချိုးတဲ့ရေတွင်းကြည့်သွားပါဦး”ဆိုသဖြင့် ကျောက်တိုင် အနောက်ဘက်ရှိ ရေတွင်းကြည့်မိရာ “၁၅ တောင်ပဲရှိတယ်။ ရေကကောင်းတယ်ဗျ”ဟု ရှင်းပြသည်။

ခုလို ကျင်းပခွင့်ရသဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်းလည်း ရင်ဖွင့်လာသည်။ နံနက်ခင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တက်ရောက်သည့် ပွဲအပြီး ညနေခင်းနှင့် နောက်နေ့ ကျင်းပမည့်ပွဲစဉ်များကို စီစဉ်သူ လူငယ်တာဝန်ခံများက တက်ကြွဂုဏ်ယူစွာ ရှင်းပြသည်။

အထွေထွေ အုပ်ချုပ်ရေးဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့၊ စည်ပင်သာယာဌာနတို့က တက်ကြွဂုဏ်ယူစွာ ဝိုင်းဝန်းနေကြောင်းလည်း မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။

ပင်လုံ ခေါင်းဆောင်ကြီးများ၏ သားစဉ်မျိုးဆက်တို့အား ကိုယ်စားပြုတက်ရောက်ပေးရန် ဖိတ်ထားကြောင်းလည်း သိရသည်။ ဗိုလ်ချုပ်အောင်ဆန်း စာထိုင်ဖတ်ခဲ့သောနေရာ ဆိုသည့် စာတန်းကြောင့် “ဗိုလ်ချုပ် ဘာစာအုပ်များ ဖတ်နေတာလည်းဗျ။ အဲဒီစာအုပ်ရှိစေချင်တယ်”ဟု လွှတ်ခနဲပြောမိရင်း သမိုင်းဆိုတာ အများပိုင်အမှတ်တရ၊ သမိုင်း၏ပင်ကိုအလှတရား အတွေးပွားနေစဉ် ပင်လုံက လမ်းကျတယ်။ ရှမ်းပြည်တစ်ခွင်လုံး ဆက်စပ်သွားလာနိုင်တယ်ဆိုသော ယာဉ်မောင်း၏ ဆက်စပ်စကားကြောင့် “အော် ပင်လုံ၊ ပန်လုံ၊ ကွင်းပြင် ပြည်ထောင်စုတိုင်းရင်းသား တို့၏ နှလုံးရင်ပြင်” ဟု ဦးညွှတ်အလေးပြုလိုက်မိပါတော့သည်။ ။

**သတင်း - မိုးထွန်း**

**ဓာတ်ပုံ - အောင်ထွန်း**

# နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ (၄၁)ခုမြောက် သံတောင်ကြီးဘဏ်ခွဲဖွင့်လှစ်

**တောင်ငူ ဖေဖော်ဝါရီ ၉**

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ (၄၁)ခုမြောက် သံတောင်ကြီးဘဏ်ခွဲ ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကရင်ပြည်နယ် သံတောင်ကြီးမြို့ အမှတ် (၂)ရပ်ကွက် အဆိုပါဘဏ်ခွဲရှေ့၌ ကျင်းပရာ အခမ်းအနားသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်နှင့် တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ဘုရင့်နောင်တပ်နယ်မှ အရာရှိကြီးများ၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးနှင့် ဘဏ်ဝန်ထမ်းများ၊ သံတောင်ကြီးမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်၊ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးနှင့် ဘုရင့်နောင်တပ်နယ်မှ တာဝန်ရှိသူတစ်ဦးတို့က သံတောင်ကြီးဘဏ်ခွဲ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဘဏ်ခွဲဆိုင်းဘုတ်နှင့် ဘဏ်ကောင်တာတို့အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ ထို့နောက် ဘဏ်ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယနေ့ဖွင့်လှစ်သည့် အင်းဝဘဏ်လီမိတက်၏ (၄၁)ခုမြောက် သံတောင်ကြီးဘဏ်ခွဲသည် သံတောင်ကြီးမြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား တစ်နိုင်ငံလုံးသို့ ယနေ့မှစတင်ပြီး ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုကိုကာကွယ်ပါ

❖ တစ်ကိုးလေးခွန် ဖေဖော်လမြတ်
ဆယ်နှစ်ရက်ရဲ့ နေ့မဟာ။
❖ ရှမ်း ချင်း ကချင် မွန် ကယားနဲ့
ရခိုင်မျိုးသား ကရင်အပါ။
❖ ရိုင်းပင်းညီညာ မြန်မာများတို့
ညီနောင်ဖွားမို့ သွေးစည်းစွာ။
❖ ပင်လုံမြို့မှာ ယှဉ်ကာတွဲလို့
စဉ်လာမခွဲဖို့ ဓိဋ္ဌာန်ကာ။
❖ ပင်လုံသစ္စာ ညီညာစွမ်းကြောင့်
ပြည်ရွာတစ်ဝှမ်း သိမ့်သိမ့်ခါ။
❖ နယ်ချဲ့ပြိတ္တာ မိစ္ဆာယုတ်တို့
ထိတ်ပျာတုန်လှုပ် ကြောက်ရွံ့ကာ။
❖ တို့ပြည်မြန်မာ လွတ်လပ်ရေးကို
ကြေညာပေးခဲ့ လေးဇန်နဝါ။
❖ ညီညွတ်ခြင်းမှာ အခြေခံပြုတဲ့
ပြည်ထောင်စုနေ့ မမေ့ရာ။
❖ လူတိုင်းရင်မှာ သံမှိုစွဲသို့
ဥမကွဲဖို့ သိုက်မပျက်ရာ။
❖ စည်းလုံးညီညာ ပြည်ရွာအကျိုးကို
စည်ဖြာတိုးဖို့ တို့ဝန်တာ။
❖ တို့ပြည်မြန်မာ တည်တံ့ရေးတွက်
အသက်ပေးလျက် ကာကွယ်ပါ။
တို့မြန်မာ။ တို့မြန်မာ။

မငွေးဝင်း(ခရမ်း)

**ပြည်ထောင်စုသွေး အပြည့်မွေးလျက် ပြည်ထောင်စုစိတ် ပြည့်လျှံဖိတ်ကာ**
**ပုံရိပ် “ပင်လုံ” မြန်မာ့ဂုဏ်ကို တူစုံထမ်းရွက် လုမ်းချီတက်**

# မြန်မာစာပေချစ်မြတ်နိုးရေးတရားပွဲ ကျင်းပ

တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ - ရီရီသန့်

မြန်မာစာပေချစ်မြတ်နိုးသူများအသင်းနှင့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတို့ ပူးပေါင်းကျင်းပသည့် "မြန်မာစာပေချစ်မြတ်နိုးရေး" ခေါင်းစဉ်ဖြင့် တရားပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း အတွင်းရေးမှူး ဦးအောင်စိုးဦးက အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများကိုယ်စား ဦးမင်းကိုနိုင်နှင့် မြန်မာစာပေချစ်မြတ်နိုးသူများအသင်းနာယကဒေါက်တာခင်အေး (မောင်ခင်မင်- ဓနုဖြူ) တို့ကလည်းကောင်း မုဒိတာစကားများကို ပြောကြားကြသည်။

ထို့နောက် အသင်းဉက္ကဋ္ဌ ဂုဏ်ထူးဦးသိန်းနိုင်က "တို့စာကိုချီးမြှင့်ပါ" ခေါင်းစဉ်ဖြင့် ဟောပြောပြီး ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနကိုယ်စား ဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒက "မြန်မာစာပေချစ်မြတ်နိုးရေး"တရားတော်ကို ဟောကြားတော်မူသည်။

ယင်းနောက် အခမ်းအနားကို "မြန်မာစာပေချစ်မြတ်နိုးအောင် ကြိုးပမ်းကြပါစို့"ဟုကြွေးကြော်ပြီး ရုပ်သိမ်းလိုက်သည်။

မြန်မာစာပေချစ်မြတ်နိုးသူများအသင်းအတွင်းရေးမှူး ဦးအောင်စိုးဦးက "မြန်မာစာအဓိကနဲ့ ကျောင်းပြီးတဲ့အတွက် မြန်မာစာပေက ကျွန်တော်နဲ့ မကင်းပါဘူး။ မြန်မာစာပေနဲ့ပတ်သက်ပြီး ကျေးဇူးပြန်ဆပ်ချင်တယ်။ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာစာပေချစ်မြတ်နိုးသူများအသင်း ပေါ်ပေါက်လာရင် ကောင်းမယ်လို့ မြန်မာစာဆရာကြီးတွေနဲ့တိုင်ပင်ပြီး ဒီအသင်းကို ရည်ရွယ်ချက် ခြောက်ချက်၊ ရည်မှန်းချက်လေးချက်နဲ့ ဖွဲ့ခဲ့ပါတယ်။ ဒီအသင်းကို မြန်မာစာအငြိမ်းစားပါမောက္ခတွေ၊ ဆရာ ဆရာမတွေ၊ စာရေးဆရာတွေ၊ မြန်မာစာပေချစ်မြတ်နိုးသူတွေနဲ့ ဖွဲ့ခဲ့ပါတယ်။ စာအုပ်တွေလည်းထုတ်တယ်။ ဟောပြောပွဲတွေလည်းလုပ်တယ်။ သင်တန်းတွေလည်းပေးတယ်။ အဓိက ဒီအသင်းမှာလူငယ်တွေပါ ပါစေချင်တယ်။ ၂၀၁၇ ခုနှစ်အတွင်းမှာ မြန်မာစာနိုးနှောဖလှယ်ပွဲကြီးတစ်ရပ် လုပ်ချင်ပါတယ်။ အသင်းကိုဆက်လက်တာဝန်ထမ်းဆောင်ဖို့ လူငယ်တွေလာကြပါ။ မြန်မာဖြစ်တဲ့အတွက် မြန်မာစာကို ချစ်ကြပါ၊ မြန်မာစာကိုတန်ဖိုးထားကြပါ၊ လူငယ်တွေကိုအားကိုးပါရစေ။ ဒီပွဲကဆရာကြီးတွေရဲ့ မြန်မာစာအမွေကိုတောင်းပြီး လူငယ်တွေကိုပေးတာပါ။ မြန်မာစာပေရဲ့အမွေကို ထိုက်ထိုက်တန်တန် ဆက်ခံကြပါလို့ လူငယ်တွေကို ပြောချင်ပါတယ်။ ဒီအသင်းကိုဝင်ရင် အချက်တစ်ချက်ပဲလိုတယ်။ မြန်မာစာကို မထားဘဲ မြန်မာစာကိုချီးမြှင့်ကြပါ။ မြန်မာစာကိုအလေးအနက်ထားပြီးမဖျက်ဆီးကြဖို့ ပြောချင်ပါတယ်။ ဂျာနယ်တွေ၊ သတင်းစာတွေမှာ သတ်ပုံတွေ၊ စကားအသုံးအနှုန်းတွေ၊ ဝါကျအသုံးအနှုန်းတွေကို သတိထားစေချင်တယ်" ဟု ပြောသည်။

တရားပွဲသို့တက်ရောက်လာသည့် ဦးမင်းကိုနိုင်က " အခုဆိုရင် ပုံနှိပ်ခေတ်ကနေ Online ခေတ်ကိုပြောင်းသွားတယ်။ ပုံနှိပ်မကျန်ဘူးလားဆိုတော့ ကျန်ပါတယ်။ အမှန်အတိုင်းပြောရရင်တော့ နည်းသွားတယ်။ ဘာကွာသွားလဲဆိုတော့ ပုံနှိပ်တုန်းက စာပြင်ဆရာတွေရှိတယ်။ အကြောင်းအရာတစ်ခုက ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ ဘာသာစကားပျက်သွားတာမျိုးမရှိပါဘူး။ စာပြင်ဆရာရှိတယ်။ စာတည်းတွေရှိတယ်။ အခု Online ကျတော့ သူ့ဟာသူခလုတ်နှိပ်ပြီး တင်လိုက်ကြတဲ့အခါကျတော့ ကြားထဲမှာစာမူကို တည်းဖြတ်ပေးမယ့်သူမရှိဘူး။ နောက်တစ်ခါ စာပြင်ဆရာဆိုတာမရှိဘူး။ သတ်ပုံကအစ အဲဒါကမြန်မာစာပေကို ကြီးစွာသောသက်ရောက်မှုဖြစ်ပါတယ်။ စာမူကောင်းခြင်း၊ မကောင်းခြင်းပြောတာမဟုတ်ဘူး။ စာပေတစ်ခုမှာရှိတဲ့ သူ့စည်းကမ်းကို ကျော်သွားတာရှိတယ်။

အထူးသဖြင့် စာလုံးပေါင်းတွေ၊ အသစ်တင်ထားတဲ့ ဗန်းစကားတွေက မူရင်းမြန်မာစာပေကို ထိခိုက်တာရှိတယ်။ အဲဒါတွေအတွက် ဒီဆရာကြီးတွေရယ်၊ ဆရာတော်တွေရယ် ပူးပေါင်းပြီးဆောင်ရွက်တာ သက်ရောက်မှုတစ်စုံတစ်ရာတော့ရှိမယ်လို့ထင်ပါတယ်။ ထိန်းသိမ်းသင့်တာကို ထိန်းသိမ်းရပါမယ်။ အသစ်တီထွင်တာကိုသဘောတူတယ်။ ကြိုဆိုပေမယ့် ထိန်းသိမ်းသင့်တာကိုထိန်းရမယ်လို့ ယုံကြည်တယ်။ အများစုကလိုက်မလုပ်ရင် ဘယ်အရာမဆိုပျောက်သွားမှာပဲ။ အတွေးအခေါ်အယူအဆကောင်းတယ်လို့ ပြောလို့ရတယ်။ နောက်တင်ပြပုံလည်း ကောင်းတယ်။ ဒါပေမယ့် ဗန်းစကားများများသုံးမှ အများကြိုက်မယ်လို့ထင်တာ ဝမ်းနည်းတယ်။ တကယ်စာကောင်းပေကောင်းက ဗန်းစကားမပါလည်းရတယ်။ အခုခေတ်စားနေတဲ့စကားလုံးကို သိပါတယ်လို့ ပြောချင်ပုံရတယ်။ သူလည်းသုံးတတ်ပါတယ်လို့ ပြောချင်ပုံရတယ်။ ဂန္ထဝင်စာပေတွေ ပြန်ကြည့်လိုက်ပါ။ စာကောင်းတစ်ပုဒ်က ဗန်းစကားပါမှ မဟုတ်ဘူး။

အများစုကရေးချင်တဲ့သူတွေ ရေးချင်စိတ်ရှိအောင် မက်လုံးတစ်ခုရှိဖို့လိုတယ်။ စာကောင်းတစ်ပုဒ်ရေးမယ်၊ ရေးပြီးရင် ဘာမှမကြာသေးဘူး စာအုပ်ထုတ်ပြီး Online ပေါ်တင်လိုက်ပြီးတော့ အခမဲ့ဖြစ်သွားရင် အဲဒီလူတွေအားထုတ်ချင်စိတ်နည်းသွားမယ်။ စာပေနဲ့ပတ်သက်ရင် မူပိုင်ခွင့်တွေဆိုတာလည်းတန်ဖိုးရှိတယ်။ ဉာဏပစ္စည်းမူပိုင်ခွင့်ကလည်း အရေးကြီးတယ်။ စာရေးသူအတွက် မက်လုံးလိုလာတယ်။ စာကောင်းတစ်ပုဒ်ရေးပြီးရင် စိတ်အေးလက်အေးနားနိုင်မယ်။ ထောက်ပံ့မှုမျိုး ဘယ်လောက်ပေးနိုင်မလဲ။ မက်လောက်အောင်မက်လုံးတွေရှိရင် စာကောင်းတွေထွက်လာမယ်။ အဲဒါတွေဖတ်မယ့်သူတွေ အဆင်သင့်ဖြစ်ပြီလားပေါ့။ စာမဖတ်ဘူးလို့တော့ မပြောဘူး။ လူငယ်တွေစာဖတ်နေတယ်။ ဒါပေမယ့် ဖတ်တဲ့အမျိုးအစားကဘာလဲပေါ့။ ဖုန်းကိုပွတ်နေတာ အပြစ်မပြောဘူး။ အနာဂတ်အတွေးအခေါ်မဲ့တာမျိုး တစ်ယောက်ယောက် နှုတ်ဆက်တာလောက်နဲ့ မဖြစ်စေချင်ဘူး။ အားလုံးဝိုင်းစဉ်းစားရမှာပေါ့"ဟုဆိုသည်။


ဒေါက်တာအရှင်ဆေကိန္ဒ


ဗိုလ်ကလေးတင့်အောင်


မောင်ခင်မင်(ဓနုဖြူ)


ဦးအောင်စိုးဦး


ဂုဏ်ထူး ဦးသိန်းနိုင်


ဦးမင်းကိုနိုင်

မြန်မာစာပေချစ်မြတ်နိုးရေးတရားပွဲနှင့်စပ်လျဉ်း၍ ဆရာတော် ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒက"စာ၊ စာပေဆိုတာစကားနဲ့လည်းဆိုင်တာပေါ့။ မြန်မာစာပေမှ မဟုတ်ဘူး။ တစ်ကမ္ဘာလုံး ဘယ်စာပေဖြစ်ဖြစ်၊ ဘယ်စကားဖြစ်ဖြစ် သူ့ဟာသူတန်ဖိုးရှိကြတယ်။ စာတစ်ခုကောင်းဖို့ အများကြီးရင်းနှီးခဲ့ရတာလေ။ အကြံဉာဏ်အားတွေရော၊ လုပ်အားတွေရော၊ အချိန်တွေရောရင်းနှီးခဲ့ရတာပါ။ ကျန်တဲ့စာတွေလည်း သူ့ဟာသူတန်ဖိုးရှိတယ်။ ထိန်းသိမ်းရမယ်။ မြန်မာစာလည်းတန်ဖိုးရှိတယ်။ ထိန်းသိမ်းရမယ်။ မြန်မာစာချစ်သူများဆိုတာ၊ မြန်မာစာချစ်တတ်ဖို့ဆိုတာ စိတ်ဝင်စားမှ၊ စိတ်ဝင်စားရာကနေ ချစ်တတ်တဲ့အဆင့် ရောက်လာတာ။ ချစ်မှလည်း မြတ်မြတ်နိုးနိုးထိန်းသိမ်းမှာ။ မြန်မာစာကိုတန်ဖိုးမထားတဲ့သူအတွက် နိမ့်ကျမှာပေါ့။ တန်ဖိုးထားတဲ့သူအတွက်ကျတော့ မနိမ့်ကျဘူးပေါ့။ မချစ်တဲ့သူကတော့ တန်ဖိုးမရှိဘူး၊ ချစ်တဲ့သူက တန်ဖိုးရှိတယ်လို့ တွက်တာပေါ့။ ဝေါဟာရဆိုတာ ပြောတတ်ဆိုတတ်တာကိုခေါ်တယ်။ ခေတ်အဆက်ဆက်က ဗန်းစကားဆိုတာပေါ်တာပဲ။ ပျောက်သွားတာပဲလေ။ အဲဒီလိုမြင်တယ်။ မြန်မာစာကိုချစ်တာပဲ၊ ဒါပေမယ့် ပညာရှင်မဟုတ်တော့ ပညာရှင်လိုတော့ မပြောတတ်ဘူး။ ကိုယ်ကသာအရည်အချင်းရှိရှိနေထိုင်လာရင် အရည်အချင်းရှိတဲ့၊ တန်ဖိုးရှိတဲ့ မြန်မာစကားကို ပြောနေဆိုနေကြမှာပဲလေ။ မြန်မာစကားနဲ့ မြန်မာစကားတန်ဖိုးရှိမှုကို တန်ဖိုးရှိသူတွေ ထိန်းသိမ်းရမှာ။ တန်ဖိုးရှိသူတွေကလည်း မြန်မာစကားသုံးရမှာပဲလေ။ မြန်မာစကားတစ်လုံးရဲ့ အဓိပ္ပာယ်တွေက တန်ဖိုးကြီးလွန်းပါတယ်။ လူငယ်တွေ အသိပေးရုံသက်သက်ပါ။ လူငယ်တွေကို မြန်မာစာနဲ့ပတ်သက်ပြီး ဘယ်လိုလုပ်ပါ၊ ဘယ်လိုမလုပ်ပါနဲ့လို့ မပြောလိုပါဘူး။ လူငယ်ဆိုတာ အမျိုးမျိုးရှိတာလေ"ဟု မိန့်ကြားတော်မူသည်။

ဗိုလ်ကလေးတင့်အောင်က အခမ်းအနားသို့ မတက်ရောက်နိုင်သော်လည်း "မြန်မာ့စာပေသည်၊ မြန်မာ့စကားသည် နက်နဲကျယ်ဝန်းလှ၏။ အဘယ်ကြောင့်နည်း၊ မြန်မာတို့၏ဘိုးဘွားဘီဘင်မှ လိုက်နာကျင့်သုံးကြသည့် ဓလေ့စရိုက်မှာ ပေါင်းသင်းဆက်ဆံမှုများတွင် တစ်ဖက်သားအား၊ လူကြီးသူမများအား လေးစားကြည်ညိုခြင်း၊ ရိုသေကိုင်းရှိုင်းခြင်း၊ အားနာခွင့်လွှတ်သည်းခံခြင်း၊ အလေးအမြတ်ပြုတတ်ခြင်းများကြောင့်၊ အရာရာ၌ တန်ဆာဆင်တတ်ခြင်းများကြောင့် စာပေစကားများ တိုးပွားကျယ်ဝန်းလာရခြင်းဖြစ်သည်။ ထိုများပြားကျယ်ဝန်းလှသော စာပေစကားများကို ကျွန်ုပ်တို့ စာပေချစ်သူများက ရှာဖွေမှတ်သား ဖော်ထုတ်သင့်ပါသည်"ဟု စာလွှာပါးရေးပို့ခဲ့သည်။

ထို့နောက် အသင်းနာယကဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)က မြန်မာစာချစ်မြတ်နိုးသူများအသင်းက နှစ်တိုင်းနှစ်တိုင်း မြန်မာစာနဲ့ပတ်သက်တဲ့ လှုပ်ရှားမှုတွေ လုပ်နေတယ်။ ဒီနေ့မှာတော့ ဆရာတော်ဒေါက်တာအရှင်ဆေကိန္ဒကို ပင့်ပြီးတော့ ဆရာတော်က မြန်မာစာပေချစ်မြတ်နိုးဖို့နဲ့ ပတ်သက်တဲ့ တရားဟောမယ်။ အသင်းနဲ့ပတ်သက်တဲ့သူတွေက မြန်မာစာရဲ့ အခန်းကဏ္ဍကိုပြောပါမယ်။ မြန်မာစာက မိခင်ဘာသာစကား၊ မိခင်စာပေဖြစ်တယ်။ ရုံးသုံး၊ ကျောင်းသုံးဘာသာစကားဖြစ်တယ်။ အားလုံးလည်းသိတယ်။ ဆရာတော်ရဲ့ စကားနဲ့အညီ ဗုဒ္ဓဘာသာကို မြန်မာတွေရဲ့ ရင်ထဲနှလုံးထဲရောက်အောင် ဟိုးယခင်ကတည်းကပို့ဆောင်ခဲ့တဲ့ ဘာသာစကားဖြစ်တယ်။ ရုံးသုံး၊ကျောင်းသုံး အတွက် အသုံးပြုတဲ့ကြားခံ၊ ပညာသင်ကြားရေးအတွက် ကြားခံလို့ပြောတာအပြင် ဘာသာတရားကို လူတွေရဲ့ရင်ထဲရောက်အောင် ပို့ပေးတဲ့ကြားခံပစ္စည်းလို့ ပြောရတယ်။ မြန်မာစာက ဗုဒ္ဓဘာသာနဲ့ တစ်သားတည်း ခေတ်အဆက်ဆက်ဖွံ့ဖြိုးတိုးတက်လာတာ၊ ဗုဒ္ဓဘာသာအကြောင်းပြုလို့ မြန်မာစာဖွံ့ဖြိုးတာပဲ။ ဗုဒ္ဓဩဝါဒတွေ၊ လူတွေရဲ့ ကိုယ်ကျင့်တရားတွေ၊ လူတွေရဲ့စိတ်ကောင်းစေတနာကောင်းတွေ နိုးကြားဖို့ မြန်မာစာကအများကြီး အထောက်အကူပြုတယ်။ မြန်မာစာနဲ့ ဗုဒ္ဓဘာသာဆက်စပ်ပြီးတော့ မြန်မာဖွံ့ဖြိုးတိုးတက်ဖို့၊ မြန်မာစာကိုလူတွေ အလေးထားဖို့ ချစ်မြတ်နိုးဖို့ ဒီပွဲလုပ်တာ ဖြစ်ပါတယ်။ အခုနောက်ပိုင်းလူငယ်တွေ မြန်မာစာနဲ့ပတ်သက်ပြီး အတိမ်းအချော်လေးတွေ ဖြစ်လာတာများလာတယ်။ ဘာပဲဖြစ်ဖြစ် မြန်မာစာကမိခင်ဘာသာစကား ဖြစ်တယ်။ မြန်မာနိုင်ငံမှာမွေးပြီး ကြီးပြင်းလာတဲ့လူမျိုးတစ်ယောက်အနေနဲ့ ကိုယ့်မိခင်ဘာသာစကားအနေနဲ့ မြန်မာစာ မြန်မာစကားကို အလေးထားပြီး လေ့လာစောင့်ရှောက်ဖို့ ထိန်းသိမ်းဖို့ဆိုတာ အရေးကြီးတဲ့တာဝန်တစ်ရပ်အနေနဲ့ လိုအပ်တဲ့အတွက် ယနေ့ လူငယ်တွေ အတိမ်းအချော်ဖြစ်နေတဲ့ကိစ္စတွေကို တတ်နိုင်သလောက် ဝိုင်းဝန်းပြီး မြန်မာစာကို အလေးထားလာအောင်၊ မြန်မာစာတန်ဖိုးသိလာအောင် အသင်းကလည်း အဲဒီအတိုင်း ဆောင်ရွက်နေပါတယ်"ဟုပြောသည်။

အသင်းဉက္ကဋ္ဌ ဂုဏ်ထူးဦးသိန်းနိုင်က "ဒီနေ့ဟောပြောမယ့်အကြောင်းအရာက တို့စာကိုချစ်မြတ်နိုးပါ။ တို့ဗမာအစည်းအရုံးရဲ့ ကြွေးကြော်သံရှိတယ်။ မြန်မာပြည်သည် တို့ပြည်၊ မြန်မာစာသည် တို့စာ၊ မြန်မာစကားသည် တို့စကား၊ တို့ပြည်ကိုချစ်ပါ။ တို့စာကိုချီးမြှင့်ပါ။ တို့စကားကိုလေးစားပါ။ အဲဒါကနေ သူ့ကျွန်ဘဝကနေလွတ်အောင် ကြိုးစားခဲ့ကြတာ။ မြန်မာစာပေကအမျိုးသားရေးပါ။ အမျိုးသားရေးဖြစ်တဲ့ မြန်မာစာကို မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်

မြန်မာစာပေချစ်မြတ်နိုးသူများအသင်းကို မြန်မာစာပေကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာစာပေ ပြန့်ပွားတိုးတက်စေရန်၊ မြန်မာစာပေ၏ဂုဏ်ကို မြှင့်တင်ရန်၊ မြန်မာစာပေချစ်မြတ်နိုးသူများ တိုးပွားစေရန်၊ မြန်မာစာပေချစ်မြတ်နိုးမှုကိုအခြေခံ၍ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းများ ထိန်းသိမ်းတတ်စေရန်နှင့် မြန်မာစာပေစွမ်းအားဖြင့် ကျွန်ုပ်တို့၏နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးကိုသယ်ပိုးရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

# ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာအပေါ် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာအပေါ် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

အဆိုပါထုတ်ပြန်ချက်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး(OHCHR)မှ ကိုယ်စားလှယ်အဖွဲ့အား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စေလွှတ်စုံစမ်း၍ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင်ထုတ်ပြန်ခဲ့သည့် Interviews with Rohingyas fleeing from myanmar since 9 october 2016 အစီရင်ခံစာနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၈ ရက်တွင် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်မှ ယင်းစွပ်စွဲချက်များကို စစ်ဆေးလျက်ရှိကြောင်း ရခိုင်ပြည်နယ်အခြားကိစ္စများနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့များကို တရားဥပဒေစိုးမိုးရေးဘောင်အတွင်းမှ လူ့အခွင့်အရေးနှင့် ညီညွတ်စွာဆောင်ရွက်ရန်နှင့် အင်အားအလွန်အကျွံသုံးခြင်းမပြုရန် ညွှန်ကြားထားကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်ကြောင်း ခိုင်လုံသော အထောက်အထားများတွေ့ရှိပါက ဖောက်ဖျက်ကျူးလွန်သည့် မည်သူကိုမဆို အစိုးရက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့်လည်း အဆိုပါနယ်မြေရှင်းလင်းရေးနှင့်ပတ်သက်သည့် စွပ်စွဲမှုများအပါအဝင် စွပ်စွဲချက်အားလုံးကို မှန်ကန်မှု ရှိ၊ မရှိ စိစစ်သွားမည်ဖြစ်သည်ဟု ပါရှိကြောင်း။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နယ်ခြားစောင့်ရဲစခန်းသုံးခုကို နိုင်ငံရပ်ခြားမှ ရန်ပုံငွေပံ့ပိုးလှူဒါန်းပေးထားသော အကြမ်းဖက်အင်အားစုများက အင်အားသုံး အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ဦး အသက်ဆုံးရှုံးခဲ့ရကာ လက်နက် ၆၅ လက်နှင့် ခဲယမ်းများ ယူဆောင်သွားသည့်ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း၊ ယင်းဖြစ်စဉ်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးသည်သာမက နယ်မြေဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်များစွာ ထိခိုက်ခြင်း၊ အန္တရာယ်လွန်စွာရှိခြင်းတို့ကြောင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းလုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများကို ဖော်ထုတ်၍ ယူဆောင်သွားသည့် လက်နက်ခဲယမ်းများ အမြန်ဆုံးပြန်လည်ရရှိရေးအတွက် နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အင်အားအလွန်အကျွံသုံးစွဲခြင်းမရှိစေရေး၊ လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများမရှိစေရေး၊ ဥပဒေနှင့်အညီသာ လိုက်နာလုပ်ဆောင်ရေးတို့အား တာဝန်ရှိသူအဆင့်ဆင့်တို့မှ ညွှန်ကြားကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကယ်၍ ညွှန်ကြားချက်များအပေါ် ဖောက်ဖျက်ကျူးလွန်မှုများရှိပါက မည်သူကိုမဆို ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေရှင်းလင်းရေးဆောင်ရွက်မှုသည် လူ့အခွင့်အရေးချိုးဖောက်မှုအပါအဝင် ဥပဒေနှင့်မညီသော ဖြစ်စဉ်ဖြစ်ရပ်များ ရှိ၊ မရှိအား စစ်ဆေးနိုင်ရန် တပ်မတော်အနေဖြင့်လည်း စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုစုံစမ်းစစ်ဆေးရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း၊ အဖွဲ့ဝင်များအဖြစ် စစ်ရေးချုပ်ရုံးမှ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်ခွန်သန့်ဇော်ထူး၊ အမှတ်(၉) တပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်အောင်ကျော်ဟိုး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယလက်ထောက်စစ်ဥပဒေချုပ် ဗိုလ်မှူးလှမျိုးကျော်နှင့် အတွင်းရေးမှူးအဖြစ် စစ်ဥပဒေချုပ်ရုံးမှ လက်ထောက်စစ်ဥပဒေချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းအောင်တို့ပါဝင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ တာဝန်ရှိသူများက လူသားချင်းစာနာမှုအထောက်အပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

**ကျောဖုံးမှ**

အခမ်းအနားတွင် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.DATO' SERI REEZAL MERICAN NAINAMERICAN က လှူဒါန်းထောက်ပံ့ရသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး လှူဒါန်းပစ္စည်းများ လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

"နိုင်ငံတော်အစိုးရအနေနဲ့ အာဆီယံနိုင်ငံတွေရဲ့ ထောက်ပံ့မှုတွေကို ဘယ်လိုလက်ခံမလဲဆိုတာ တရားဝင်ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ဒါကို လက်ခံပေးတာဖြစ်ပါတယ်။ အရင် ထိုင်းနိုင်ငံက ငွေသားထောက်ပံ့တာရှိတယ်။ အင်ဒိုနီးရှားက ပစ္စည်းတွေ ထောက်ပံ့တာရှိတယ်"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ပြောသည်။

မလေးရှားနိုင်ငံအစိုးရက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ ရခိုင်ပြည်နယ်အတွက် ပေးအပ်သော လူသားချင်းစာနာမှုအထောက်အပံ့ပစ္စည်းများတွင် ဒေါ်လာ ၂၄၇၉၀၀ ကျော် တန်ဖိုးရှိသည့် ခေါက်ဆွဲခြောက်၊ ရေသန့်ဘူး၊ ဆန်နှင့် ပစ္စည်း ၁၂ မျိုးပါ ပုံးများပါဝင်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွက် မလေးရှားအစိုးရက The Food Flotilla For Myanmar အစီအစဉ်ဖြင့် ပေးအပ်မည့် လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ တင်ဆောင်လာသည့် NAUTICAL ALIYA သင်္ဘောသည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့သည်။ **သတင်း-မင်းသစ်**

**ဓာတ်ပုံ-ဇော်မင်းလတ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (သတင်းစဉ်)

**နှစ်(၇၀) မြောက်မှ**

ဗိုလ်ချုပ်အောင်ဆန်း ပင်လုံညီလာခံ တက်ရောက်စဉ် စာဖတ်ခဲ့သော ညောင်ပင်အောက်နေရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားလူငယ်များ၏ ငြိမ်းချမ်းရေးစကားဝိုင်း Panglong Peace Talk ကို ကျင်းပမည်ဖြစ်သည်။

ရှမ်းပြည်နယ် ပင်လုံမြို့တွင် ကျင်းပမည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနား (ပင်လုံ)တွင် ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့ကြသော ခေါင်းဆောင်များ၏ မိသားစုဝင်များ (နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် အပါအဝင်) တက်ရောက်ကြမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းရရှိသည်။




**(သတင်းစဉ်)**

# သဒ္ဓမ္မသုခဓမ္မရိပ်သာ အလိုတော်ပြည့်ဘုရားကြီးကျောင်းတွင် တပို့တွဲလ မြန်မာ့ရိုးရာထမနဲထိုးပွဲကျင်းပ

**ဇေယျာသီရိ ဖေဖော်ဝါရီ ၉**

နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု စက်ကုန်းကျေးရွာ သဒ္ဓမ္မသုခဓမ္မရိပ်သာ အလိုတော်ပြည့်ဘုရားကြီးကျောင်းတွင် တပို့တွဲလ မြန်မာ့ရိုးရာထမနဲထိုးပွဲကို ယနေ့ ပြုလုပ်သည်။**(ယာပုံ)**

"အခုလို ထမနဲထိုးပွဲလေး နှစ်စဉ်မပျက် ပြုလုပ်လာတာ ဒီနှစ်ရောဆို (၁၃)နှစ် လောက်ရှိပါပြီ။ ဒီလိုပြုလုပ်တာက မြန်မာ့ရိုးရာထုံးတမ်းနဲ့လည်း ညီတယ်။ အမှတ်တရလည်းဖြစ်စေသလို နောင်လာနောက်သားတွေအတွက်လည်း အတွေ့အကြုံလေးရပြီး မြန်မာ့ရိုးရာဓလေ့ထုံးတမ်းကို လက်ဆင့်ကမ်းထိန်းသိမ်းသွားရမယ်ဆိုတဲ့ အသိလေးတွေလည်း ရစေချင်တာလည်းပါတယ်။ တပို့တွဲလပြည့် ထမနဲပွဲလို့ သတ်မှတ်ထားပေမယ့် လမပြည့်သေးခင် အခုလို တပို့တွဲလဆန်း ၁၃ ရက်နေ့မှာ ကြိုတင်ပြုလုပ်တာကလည်း လပြည့်နေ့ဆို ဒီကျောင်းကို လာရောက်ကြတဲ့ ရပ်ဝေးရပ်နီးက ရဟန်းသံဃာတွေ၊ ဧည့်ပရိသတ်တွေကို ကုသိုလ်ဒါနအနေနဲ့ အဆင်သင့်ကျွေးမွေးဧည့်ခံသုံးဆောင်နိုင်အောင်အတွက်ပါ"ဟု သဒ္ဓမ္မသုခဓမ္မရိပ်သာ အလိုတော်ပြည့်ဘုရားကြီးကျောင်း၏ ကျောင်းထိုင်ဆရာတော် ဦးပညောဘာသက မိန့်ကြားသည်။

ယနေ့ပြုလုပ်သော ထမနဲအလှူတွင် ကျောင်းထိုင်ဆရာတော်အမှူးပြုကာ ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာတိုက်တို့မှ ဝန်ထမ်းမိသားစုများ၊ စေတနာရှင်၊ အလှူရှင်များက စုပေါင်းလှူဒါန်းခြင်းဖြစ်ပြီး နယ်မြေခံတပ်ရင်းတပ်ဖွဲ့နှင့် ဇေယျာသီရိမြို့နယ် ထန်းတပင်ကျေးရွာတို့မှ စေတနာရှင် လုပ်အားပေးအဖွဲ့များက သဒ္ဓါတရားထက်သန်စွာဖြင့် လုပ်အားဒါနကုသိုလ် ပြုခဲ့ကြသည်။

တပို့တွဲလပြည့်နေ့တွင် အဆိုပါကျောင်း၌ ရပ်ဝေးရပ်နီးမှ လာရောက်ကြသည့် ဧည့်ပရိသတ်များအား နံနက်ပိုင်းတွင် ထမနဲဖြင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ပြီး ညနေပိုင်းတွင် တရားစခန်းဝင်ကြမည့် ပုဂ္ဂိုလ်များအတွက် ခုနစ်ရက်တရားစခန်းအပ်ပွဲ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(တင်မောင်လွင်)**



# JMC-U နဝမအကြိမ် အစည်းအဝေးတွင် နယ်မြေသတ်မှတ်မှုနှင့် ပတ်သက်၍ JMC-S အဆင့်မှစတင်ကာ ညှိနှိုင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သည့်အပြင် JMC-S အဆင့် ရုံးများတွင် ကျင့်သုံးမည့်လုပ်ထုံးလုပ်နည်းများကို အတည်ပြုနိုင်ခဲ့



**ရန်ကုန် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ နဝမအကြိမ် အစည်းအဝေးတွင် နယ်မြေသတ်မှတ်မှုနှင့် ပတ်သက်၍ JMC-S အဆင့်မှစတင်ကာ ညှိနှိုင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သည့်အပြင် JMC-S အဆင့် ရုံးများတွင် ကျင့်သုံးမည့် လုပ်ထုံးလုပ်နည်းများကို အတည်ပြုနိုင်ခဲ့ကြောင်း ယနေ့ အစည်းအဝေးအပြီးတွင် JMC-U အတွင်းရေးမှူးများက မီဒီယာများအား ရှင်းလင်းပြောကြားသည်။

"ဆွေးနွေးပွဲမှာ JMC ရဲ့ အဓိကဖြစ်တဲ့ လုပ်ထုံးလုပ်နည်း(SOP)တွေနဲ့ လုပ်ငန်းလမ်းစဉ် ကိစ္စတွေကို ဆွေးနွေးဖြစ်တယ်။ TSC ရုံးကိစ္စနဲ့ ပတ်သက်ပြီး ဘတ်ဂျက်တွေအကြောင်း ဆွေးနွေးတယ်။ ဒါ့အပြင် အစည်းအဝေးတစ်ခုနဲ့တစ်ခုအကြား အခြေအနေတွေကိုလည်း သုံးသပ်ဆွေးနွေးဖြစ်တယ်။ နယ်မြေသတ်မှတ်ရေးနဲ့ ပတ်သက်ပြီးတော့လည်း JMC-S တွေမှာ စတင်ပြီးတော့ ညှိနှိုင်းဆောင်ရွက်သွားဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဆွေးနွေးတဲ့အထဲမှာ အတည်ပြုခဲ့တဲ့ လုပ်ထုံးလုပ်နည်း (SOP) ကတော့ JMC-S အဆင့်မှာ ရုံးတွေကနေ ကျင့်သုံးမယ့် လုပ်ထုံးလုပ်နည်းတွေကို အတည်ပြုဖြစ်ပါတယ်" ဟု ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရဲ့က ပြောသည်။

ထို့အပြင် JMC ၏ လုပ်ငန်းများဖြစ်သော လုပ်ထုံးလုပ်နည်း (SOP) ပေါင်း ၄၅ ခုခန့်ရှိရာ ယခင်အစည်းအဝေးများတွင် ၁၀ ခု ကို အတည်ပြုပြီး ယခုအစည်းအဝေးတွင် နှစ်ခုကို အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံး၌ ကျင်းပရာ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ JMC-U ဒုတိယဥက္ကဋ္ဌများ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ JMC-U အတွင်းရေးမှူးများ၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အရပ်သားကိုယ်စားလှယ်များ၊ နည်းပညာအထောက်အကူပြု အဖွဲ့များ တက်ရောက်၍ JMC ၏ လုပ်ထုံးလုပ်နည်း(SOP)နှင့် ပတ်သက်သော ဒေသဆိုင်ရာ ပူးတွဲစောင့်ကြည့်သူများ၏ လုပ်ငန်းလမ်းညွှန် (TOR) များနှင့် ဆက်စပ်သည့် မူကြမ်းကိစ္စများ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ရုံးများ၏ အုပ်ချုပ်မှုဆိုင်ရာ ရုံးလုပ်ထုံးလုပ်နည်းများနှင့် ဝန်ထမ်းကိစ္စရပ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCB) ၏ လမ်းညွှန်ချက်အတိုင်း ရေးဆွဲထားသော JMC-U ၏ဘတ်ဂျက်ကိစ္စများ၊ နော်ဝေနိုင်ငံ၏ စီစဉ်မှုဖြင့် JMC အဖွဲ့ဝင်များ ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်လေ့လာမည့်ကိစ္စရပ်များ၊ နော်ဝေပြည်သူများ ထောက်ပံ့ရေးအဖွဲ့ (NPA)၏ အစီအစဉ်ဖြင့် မိုင်းရှင်းလင်းရေးသင်တန်းပြုလုပ်မည့် ကိစ္စရပ်များ၊ နှစ်ဖက်တပ်များအကြား နယ်မြေသတ်မှတ်မှုနှင့် မိုင်းရှင်းလင်းမည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

"မိုင်းရှင်းလင်းရေးကိစ္စနဲ့ပတ်သက်ပြီးတော့လည်း အများပြည်သူနဲ့ သက်ဆိုင်တဲ့ နေရာတွေကို အဓိကထားပြီး ဦးစားပေးဆောင်ရွက်သွားဖို့ ဆွေးနွေးခဲ့ပါတယ်။ အသေးစိတ်ကိုတော့ ထပ်မံဆွေးနွေးသွားဖို့ရှိပါတယ်။ နော်ဝေနိုင်ငံက ပြည်ပလေ့လာရေးခရီးစဉ်အဖြစ် ကမ္ဘောဒီးယားနဲ့ ထိုင်းနိုင်ငံကို သွားရောက်လေ့လာဖို့ ဖိတ်ကြားထားတာရှိပါတယ်။ ဖိတ်ကြားတဲ့အခါမှာ တပ်မတော်ဘက်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေလေ့လာဖို့နဲ့ သင်တန်းတက်ရောက်ဖို့ ကမ်းလှမ်းဖိတ်ခေါ်ထားတာရှိပါတယ်။ လောလောဆယ်တော့ တပ်မတော်ဘက်က ၂၀ သင်တန်းတက်ရောက်ဖို့ သဘောတူခဲ့ပါတယ်။ တက်ရောက်တဲ့အခါမှာလည်း မိုင်းကျွမ်းကျင်တဲ့သူတွေကိုပဲ တက်ရောက်စေဖို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအနေနဲ့လည်း သူတို့ဘက်က ညှိနှိုင်းပြီးတော့ တက်ရောက်မယ့် အစီအမံတွေကို JMC-U ကို ပြန်လည်တင်ပြပြီးတော့ တက်ရောက်သွားဖို့ရှိပါတယ်"ဟု JMC-U အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ပြောသည်။

မိုင်းရှင်းလင်းရေးဆောင်ရွက်ရာတွင် ကရင်ပြည်နယ်ကို စတင်ဆောင်ရွက်သွားရန်စီစဉ်ထားပြီး ယင်းသို့ဆောင်ရွက်ရာတွင် ပူးတွဲစောင့်ကြည့်ရေးအနေဖြင့် နှစ်ဖက်အဖွဲ့အစည်းများ ညှိနှိုင်း၍ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူများ သွားလာမှုအများဆုံး ပြုလုပ်နေသော နေရာများကို အဓိကထားကာ ကနဦးအဆင့် ရှင်းလင်းသွားရန် စီစဉ်ထားသည့်အပြင် နောက်တစ်ဆင့်အနေဖြင့် တပ်ပိုင်းဆိုင်ရာ လုံခြုံရေးနှင့်ပတ်သက်သော နေရာများကို ဆက်လက်ရှင်းလင်းသွားရန် စီစဉ်ထားကြောင်း သိရသည်။

ထို့အပြင် ဒေသန္တရ စောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် နှစ်ဖက်လက်ခံသည့် ဒေသခံအရပ်သားစောင့်ကြည့်သူများနှင့် ပတ်သက်၍ "နှစ်ဖက်က လက်ခံတဲ့ ဒေသခံအရပ်သား စောင့်ကြည့်သူဆိုတာကို ထားရှိပြီးတော့ ဆောင်ရွက်သွားဖို့ကိုလည်း ဆွေးနွေးခဲ့တာရှိပါတယ်။ အတည်တော့ မပြုရသေးပါဘူး။ ဒီလုပ်ငန်းဆိုတာကလည်း JMC-L အဆင့်လောက်ကနေပြီးတော့ ကျေးရွာတွေလို နေရာတွေမှာ အရပ်ဘက် စောင့်ကြည့်သူတွေကို ထားရှိသွားမှာဖြစ်ပါတယ်။ အရပ်ဘက်စောင့်ကြည့်သူတွေကတော့ ဘက်လိုက်ခြင်းမရှိတဲ့သူတွေ၊ ငြိမ်းချမ်းရေးကို လိုလားတဲ့ စေတနာ့ဝန်ထမ်းအဖွဲ့တွေကို ထားရှိပြီးတော့ ပစ်ခတ်တိုက်ခိုက်မှုနဲ့ပတ်သက်တဲ့ စောင့်ကြည့်ရေးလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သူတို့အနေနဲ့ JMC လုပ်ငန်းနဲ့ပတ်သက်ပြီး ကုန်ကျစရိတ်တချို့ကို JMC ဘတ်ဂျက်ကနေ ပေးသွားဖို့ ညှိနှိုင်းထားရှိပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ဘတ်ဂျက်အပေါ် မူတည်ပြီး အကောင်အထည်ဖော်သွားဖို့ရှိပါတယ်"ဟု ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ဆိုသည်။

JMC လုပ်ငန်းစဉ်များ အတွက် လိုအပ်သည့် ဘတ်ဂျက်ကိစ္စနှင့် ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုအပေါ် JMC-U အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါးရဲ့က "ဘတ်ဂျက်အနေနဲ့ကတော့ အရင်ထဲက အတည်ပြုပြီးသားရှိပါတယ်။ ဒါပေမယ့် အခုလောလောဆယ်မှာ နိုင်ငံတော်အစိုးရကနေ စံနှုန်းတွေ သတ်မှတ်တာရှိပါတယ်။ အဲဒါက မပြီးပြတ်သေးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ကတော့ စံနှုန်းတစ်ခု ယူထားပြီး လုပ်ထားပါတယ်။ တစ်နှစ်အတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ မီလီယံလောက်လုပ်ထားပါတယ်။ ဒါဟာ ပြည်ထောင်စုအဆင့် အတွက်တင် မဟုတ်ဘဲနဲ့ ဒေသအဆင့်၊ ပြည်နယ်အဆင့်တွေ အပါအဝင် အကုန်လုံးအတွက် ဖြစ်ပါတယ်။ ဒီဟာကလည်း JCB ကနေ နှုန်းထားတွေသတ်မှတ်မယ်ဆိုရင် အဲဒီ သတ်မှတ်ထားတဲ့ဟာနဲ့ အညီပြန်လည်ပြီးတော့ ပြုပြင်ပြောင်းလဲဖို့ရှိပါတယ်" ဟု ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး(ပဏ္ဍိတ)**

## ဒို့ညီနောင်ထု တည်ထောင်ပြု ပြည်ထောင်စုနေ့ ဒို့မမေ့

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးရွှေလေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံရေး)<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ခ) | ဦးအုန်းလွင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(တည်ဆောက်ရေး)<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

## သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၇ နာရီတွင် မြို့တော်ခန်းမရှေ့မဟာဗန္ဓုလပန်းခြံ၌ ကျင်းပမည်ဖြစ်ပါသည်။ အခမ်းအနား ကျင်းပစဉ် နံနက် ၆ နာရီမှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါ အတိုင်း ခေတ္တလမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း။

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း။

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှလည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်။

(ဃ) အခမ်းအနားသို့တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင် လည်းကောင်း၊ ဘဏ် လမ်းပေါ်တွင်လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## အစိုးရချင်း ချိတ်ဆက်မှု G to G စနစ်ဖြင့် YBS အတွက် ဘတ်စ်ကားသစ်များ ဝယ်ယူမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်မြို့ YBS ယာဉ်လိုင်းများအတွက် အစိုးရချင်း ချိတ်ဆက်မှု G to G စနစ်ဖြင့် ဘတ်စ်ကားသစ်များ ဝယ်ယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။ YBS ယာဉ်လိုင်းများတွင် ယာဉ်အစီးရေလိုအပ်ချက်ရှိနေရာ ပြည်ပမှ ခရီးသည်တင်ယာဉ်များ ဝယ်ယူရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ငွေကျပ် ၆၀ ဘီလီယံ အသုံးပြုသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

"အစိုးရဘက်က လမ်းမဘေးမှာ ကားတွေရပ်ထားတာကို ပြင်နိုင်ဖို့ ဂိတ်ရင်းတွေ၊ ဂိတ်ဖျားတွေမှာ အဆင့်မြှင့်တင်နိုင်ဖို့အတွက် ငွေကျပ် ၁၀ ဘီလီယံ အသုံးပြုဖို့ လျာထားပါတယ်။ ဘတ်စ်ကားသစ်တွေ ဝယ်ယူဖို့အတွက် ငွေကျပ် ၆၀ ဘီလီယံဖိုး ကားသစ်တွေ ဝယ်ယူပြီး ပြေးဆွဲမှာ ဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ်က ပြောကြားသည်။ အဆိုပါ ခရီးသည်တင်ယာဉ်များကို ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်ကာ အစိုးရချင်း ချိတ်ဆက်ဆောင်ရွက်မှု G to G စနစ်ဖြင့် ဝယ်ယူနိုင်ရန် စီစဉ်နေသည်ဟု သိရပြီး လက်ရှိယာဉ်လိုအပ်ချက်ဖြစ်နေသည့်အပေါ် အမြန်ဆုံး ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်နေသည်ဟု သိရသည်။

"ဘတ်စ်ကားတွေကို အစိုးရချင်း ချိတ်ဆက်မှုနဲ့ ဝယ်ဖို့လုပ်နေပါတယ်။ G to G ဆိုတော့ ဈေးနှုန်းအရရော၊ ကားကိုလည်း အရည်အသွေးကောင်းတာရော ရွေးချယ်နေပါတယ်။ Brand New ဝယ်ချင်ပေမယ့် ဈေးနှုန်းအလွန်ကြီးမြင့်တဲ့အတွက် ကားအသစ်ကဲ့သို့ ကောင်းမွန်တဲ့ကားမျိုးတွေကို ဝယ်ဖို့လုပ်နေပါတယ်။ သုံးပြီးသားကားတွေမှာ ပြုပြင်ထိန်းသိမ်းရတဲ့စရိတ်ကလည်း မနည်းပါဘူး။ ဒါကြောင့် ကားကောင်းတွေဖြစ်ဖို့လိုပါတယ်။ ဒီကားတွေ ရောက်လာပြီဆိုရင်၊ ကတ်စနစ်နဲ့ ကားခပေးနိုင်ပြီဆိုရင် YBS မှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ အဆင်ပြေသွားနိုင်ပါတယ်။ အပြောင်းအလဲကာလမှာ အခက်အခဲတွေ ကြုံတွေ့နေရတာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင် ပြေးဆွဲနေသည့် YBS ယာဉ်လိုင်းများတွင် လိုအပ်ချက်ရှိနေသည့် ခရီးသည်တင်ယာဉ်များကို ယခုဘဏ္ဍာနှစ်အတွင်း ဝယ်ယူဖြည့်တင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဝ၁)**

# ပြည်သူ့ဒီမိုကရေစီပါတီက
# ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၉

**ပြည်သူ့ဒီမိုကရေစီပါတီ ပူးတွဲတည်ထောင်သူ ဒေါက်တာသန်းထိုက်ဦးက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




ချစ်ခင်လေးစားရပါသော မိဘပြည်သူအပေါင်း ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ကြပါစေ။ မင်္ဂလာအပေါင်းနှင့်လည်း ပြည့်စုံကြပါစေ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒီမိုကရေစီနိုင်ငံရေးလမ်းပေါ်တွင် လျှောက်လမ်းနေကြသော နိုင်ငံရေးပါတီများ၊ ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြသော တပ်မတော်သားများ၊ ပြည်သူတို့ဘဝလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဥပဒေအရာရှိများ၊ တရားသူကြီးများနှင့် ပြည်သူတစ်ရပ်လုံးကလည်း **"တရားဥပဒေနှင့်အညီ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့"** ပူးပေါင်းပါဝင်လက်တွဲလျှောက်လှမ်းကြပါစေလိုကြောင်း မေတ္တာတရားဖြင့် ဆုတောင်းလိုက်ပါတယ်။

ကျွန်တော်ကတော့ ပြည်သူ့ဒီမိုကရေစီပါတီကို စတင်တည်ထောင်ခဲ့သူ ပြည်သူ့အကျိုးစီးပွားအတွက် ပြည်သူ့ဒီမိုကရေစီပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို မိမိတစ်ယောက်တည်း ရေးသားချမှတ်ခဲ့ပြီး ပူးပေါင်းပါဝင်လိုသည့် ပါတီတည်ထောင်လိုသူများနှင့် ပြည်သူ့ဒီမိုကရေစီပါတီ တည်ထောင်ခဲ့သူ ဒေါက်တာ သန်းထိုက်ဦးဖြစ်ပါတယ်။

မိဘပြည်သူအပေါင်းတို့ခင်ဗျား- ဦးစွာ ပြည်သူ့အကျိုးစီးပွားအတွက် နိုင်ငံရေးအနှစ်သာရရှိရှိ ကျွန်တော် ရေးသားချမှတ်ခဲ့သော ပါတီ၏အလံ၊ logo၊ မူဝါဒသဘောထားများကို မိဘပြည်သူများထံ တင်ပြအပ်နှံလိုပါတယ်။ ပါတီ၏အလံမှာ အောက်ခံအနီရောင်သည် ရဲရင့်ခြင်း၊ ပြတ်သားခြင်း၊ အပြာရောင်သည် တည်ကြည်ခြင်း၊ အေးချမ်းခြင်းတို့၏ အဓိပ္ပာယ်ကို ဖော်ဆောင်ပါသည်။ ကြယ်ဖြူကြီးတစ်လုံးကို ကြယ်ဖြူသေးငါးလုံးက ဝန်းရံထားခြင်းမှာ ကြယ်ဖြူကြီးတစ်လုံးနှင့်တူသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကြယ်ဖြူသေးငါးလုံးဖြစ်သော အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ စီးပွားရေးလုပ်ငန်းရှင်များက ဝန်းရံထားသည့်သဘောကို ဖော်ဆောင်ပါသည်။ ကြယ်တို့၏ ဝိသေသအထူးဖြစ်သော ကိုယ်ပိုင်အလင်းရောင်ရှိခြင်း၊ ခရီးလမ်းကို ဖြောင့်ဖြူးစွာသွားရခြင်းဟူသော သဘောကို ခံယူပါသည်။

ပါတီ၏ တံဆိပ်မှာ - ပြည်သူ့ဒီမိုကရေစီပါတီသည် "အရွယ်တူကြယ်ဖြူ ၁၄ လုံး၏ အလယ်တွင် တူ၊ တံစဉ်၊ စက်သွားတို့ပါရှိခြင်းမှာ တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုအတွင်းရှိ လယ်သမား၊ အလုပ်သမား၊ စက်မှုလုပ်ငန်းလုပ်ကိုင်နေသူများကို အခြေခံ၍ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်မည်ဟူသော" အဓိပ္ပာယ်ကို ဖော်ဆောင်ပါသည်။

တင်ပြခဲ့သော ပြည်သူ့ဒီမိုကရေစီပါတီ၏ တံဆိပ်(Logo)ဖြင့် ယခု ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့တွင် ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲတွင် မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မြေမှ ကျွန်တော့်အနေဖြင့် ပြည်သူ့လွှတ်တော်အတွင်း ရောက်ရှိရေးအတွက် ပြည်သူ့ဆန္ဒကို ခံယူသွားမည်ဖြစ်ပါသည်။

ပါတီ၏မူဝါဒများမှာ- "အမျိုးသားရေးမူဝါဒ"နှင့် ပတ်သက်၍ ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုအားလုံး ချစ်ကြည်သွေးစည်းမှုဖြင့် စစ်မှန်သောစည်းလုံးညီညွတ်မှုကို ဖော်ဆောင်သည့် ပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင် ကြိုးစားမည်။

လေးစားရပါသော မိဘပြည်သူအပေါင်း - ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မင်းရပ်ရပ်ကွက်တွင်ရှိသည့် ရောဝတီမြစ်ကမ်းဘေးက "ပြည်သူ့အားကစားကွင်း"ကို ၂၀၁၂ ခုနှစ် ကချင်ပြည်နယ်လွှတ်တော်မှာ "ရာသက်ပန် ပြည်သူ့အားကစားကွင်း(ဂရန်ရရှိအောင်) လွှတ်တော်ပြင်ပနိုင်ငံရေးအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"။ သို့အတွက်လည်း ယခုအချိန်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ပြည်သူအပေါင်းသည် ဟောင်းနွမ်းဆွေးမြည့်နေသည့် ပြည်သူ့အားကစားကွင်းကို ဥပဒေ၏အကာအကွယ်ဖြင့် သစ်လွင်တက်ကြွရောင်စုံမီးများဖြင့် သာယာလျက်ရှိသော ပြည်သူ့အားကစားကွင်းအသွင်ဖြစ်ပေါ်အောင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဘဝတွင် ဆောင်ရွက်ခဲ့သည့် ကျွန်တော်၏ သမိုင်းဝင်မှတ်တိုင်တစ်ခုလည်းဖြစ်ပါသည်။

**"နိုင်ငံရေးမူဝါဒ"**နှင့်ပတ်သက်၍ စစ်မှန်သော စည်းလုံးညီညွတ်မှုရှိသည့် ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်ကို ကျင့်သုံးမည်။

သတင်းမီဒီယာသမားများအတွက် အကာအကွယ်ပေးသော ဥပဒေများရှိခဲ့သော်လည်း နိုင်ငံရေးပါတီများသည် ပြည်သူ့အကျိုးစီးပွားအတွက် ဆောင်ရွက်ရင်း ဥပဒေ၏ အကာအကွယ်ကိုရရှိစေရန် "နိုင်ငံရေးပါတီများအား ကာကွယ်စောင့်ရှောက်သည့်ဥပဒေ" ပေါ်ပေါက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**"စီးပွားရေးမူဝါဒ"**နှင့်ပတ်သက်၍ လွတ်လပ်မျှတသော ဈေးကွက်စီးပွားရေးစနစ် (Social Market Economy) ကို ကျင့်သုံးခြင်းဖြင့် အရင်းရှင်ဝါဒ ထွန်းကားမည့်အန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

လေးစားရပါသော မိဘပြည်သူအပေါင်း - ကျွန်တော်သည် ပြည်သူ့ဒီမိုကရေစီပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များနှင့်အညီ ၂၀၁၀ အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဘဝအဖြစ် လွှတ်တော်ပြင်ပနိုင်ငံရေးကို ဆောင်ရွက်ခဲ့ပါသည်။ ကျွန်တော်၏ ဆောင်ရွက်ပေးမှုကြောင့် ပြည်သူ့အကျိုးစီးပွားလည်း ဖြစ်ထွန်းခဲ့ပါသည်။

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ "ပုဂ္ဂလိကမော်တော်ယာဉ်အသင်းများ စနစ်တကျပြေးဆွဲစေရေးဥပဒေ" ပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ယနေ့တိုင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များဟာ "ဈေးကွက်စီးပွားရေးစနစ်နှင့်အညီဥပဒေ၏အကာအကွယ်ကို ရရှိခဲ့ကြပါတယ်"။

**"နိုင်ငံခြားရေးမူဝါဒ"**နှင့်ပတ်သက်၍ လွတ်လပ်တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမည်။ ဘန်ဒေါင်း မူကြီးငါးချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

**"ကာကွယ်ရေးမူဝါဒ"**နှင့်ပတ်သက်၍ တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာမည့် ပြည်တွင်း၊ ပြည်ပရန်သူများ၏ အန္တရာယ်မှ ကာကွယ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရမည့် ကာကွယ်ရေးအတွက် အဓိကကျသော ခေတ်မီတပ်မတော်ဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်မည်။ တပ်မတော်အတွင်း တိုင်းရင်းသားမျိုးနွယ်စုအားလုံး စည်းကမ်း၊ ဥပဒေများနှင့်အညီ ဝင်ရောက်လိုပါက ဝင်ရောက်နိုင်အောင် စီမံဆောင်ရွက်သွားမည်။ အမှန်တကယ်အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော၊ ခေတ်မီတိုးတက်သော တပ်မတော်ဖြစ်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်။

**"တောင်သူလယ်သမားရေးဆိုင်ရာမူဝါဒ"**နှင့်ပတ်သက်၍ တောင်သူလယ်သမားများ၏ လယ်ယာမြေပိုင်ဆိုင်မှုကို အခြေခံထားပြီး လယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်။

လေးစားရပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား- ကျွန်တော်သည် ၂၀၁၀ အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဘဝနှင့် လွှတ်တော်ပြင်ပ နိုင်ငံရေးအဖြစ် ရှမ်းပြည်နယ် နောင်ချိုမြို့နယ်မှ တောင်သူလယ်သမားများ၏သိမ်းဆည်းခံ လယ်ယာမြေများကို ပြန်လည်လုပ်ကိုင်ခွင့်ရရှိသည်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

ကျွန်တော်နိုင်ငံရေးအကျဉ်းသားဘဝမှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် လွတ်မြောက်လာပြီး မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်၊ ရှမ်းပြည်နယ် နောင်ချိုမြို့နယ်က တောင်သူလယ်သမားများ၏ သိမ်းဆည်းခံလယ်ယာမြေများ၊ ပြန်လည်ရရှိရေးကို ဆောင်ရွက်ပေးနေပါတယ်။ ထို့ပြင် တောင်သူလယ်သမားတို့အတွက် အမှန်တကယ် တောင်သူလုပ်ကိုင်သော တောင်သူလယ်သမားများ ပုံစံ(၇) ရရှိရေးအတွက် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ ဆောင်ရွက်ပေးနေပါတယ်။

**"အလုပ်သမားရေးရာမူဝါဒ"** နှင့်ပတ်သက်၍ ပြည်တွင်းအလုပ်သမားများ၏ အခွင့်အရေးကို အခြေအနေပေးလာပါက ကမ္ဘာ့အလုပ်သမားများ၏ အခွင့်အရေးများနှင့် တန်းတူရရှိအောင် ဆောင်ရွက်သွားမည်။

**"ဘာသာရေးဆိုင်ရာ မူဝါဒ"** နှင့်ပတ်သက်၍ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်မှုရှိခြင်းသည် နိုင်ငံသားအခွင့်အရေးဖြစ်သည်ဟူသော သဘောထားကို ကျင့်သုံးဆောင်ရွက်သွားမည်။

**"ပညာရေးဆိုင်ရာမူဝါဒ"**နှင့်ပတ်သက်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ပညာရေးစနစ်အဖြစ် တိုးတက်အောင် ဆောင်ရွက်သွားမည်။

**"ကျန်းမာရေးဆိုင်ရာမူဝါဒ"**နှင့်ပတ်သက်၍ တစ်မျိုးသားလုံး၏ သက်ရှည်ကျန်းမာရေးအတွက် လူသားမျိုးနွယ်စုများကို ကောင်းကျိုးပေးသော ကမ္ဘာ့နိုင်ငံအသီးသီးတွင် တိုးတက်ထွန်းကားနေသော အနောက်တိုင်းဆေးပညာ၊ ဟိုမီယိုပက်သစ်ဆေးပညာ၊ အာယုဗေဒဆေးပညာ၊ အော်တာနေးတစ်ဆေးပညာရပ်များအားလုံးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းဆေးကောင်စီ၊ အနောက်တိုင်းဆေးကောင်စီ ဥပဒေများနှင့်အညီ တိုးတက်စေရေးအတွက် ဆောင်ရွက်သွားမည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ထွန်းကားနေသော ဟိုမီယိုပက်သစ်ဆေးပညာ၊ အာယုဗေဒဆေးပညာ၊ အော်တာနေးတစ်ဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေရုံသာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံး၏ လူမှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟိုမီယိုပက်သစ်ဆေးပညာနှင့် အော်တာနေးတစ်ဆေးပညာရှင်များ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း (ပြည်ထောင်စုအဆင့် NGO)ကို ပြည်ထဲရေးဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်ကာ ဆောင်ရွက်နေပါသည်။



**"ယဉ်ကျေးမှုဆိုင်ရာမူဝါဒ"**နှင့် ပတ်သက်၍ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကာ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ ပျက်ပြားစေမည့် ယဉ်ကျေးမှုများကို တိုက်ဖျက်သွားမည်။

ပါတီ၏ မူဝါဒသဘောထားများအား အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းစဉ်သုံးရပ်ကို ချမှတ်ထားပါသည်။ အမျိုးသားရေးလုပ်ငန်းစဉ်၊ နိုင်ငံရေးလုပ်ငန်းစဉ်၊ ကာကွယ်ရေးလုပ်ငန်းစဉ်တို့ဖြစ်ပါသည်။ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားမျိုးနွယ်စုအားလုံးသည် "တန်းတူအခွင့်အရေး" ရရှိရေးအတွက် "ဥပဒေနှင့်အညီ" (According to the law)ဆောင်ရွက်ပေးသွားပါမယ်။ လယ်ယာမြေများ၊ စီးပွားရေးလုပ်ငန်းများကို "နိုင်ငံပိုင်သိမ်းခြင်း"မှ ကာကွယ်ပေးသွားပါမည်။ တိုင်းရင်းသားမျိုးနွယ်စုအသီးသီး နေထိုင်ရာဒေသမှ ထွက်ရှိသော "သယံဇာတ" ပစ္စည်းများမှ ရရှိသည့်ဝင်ငွေများဖြင့် တိုင်းရင်းသားမျိုးနွယ်စုအသီးသီးနေထိုင်ရာဒေသများ တိုးတက်ရေးအတွက် တန်းတူဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

နိုင်ငံရေးလုပ်ငန်းစဉ်အဖြစ်"အာဏာသည် ပြည်သူမှဆင်းသက်ရမည်ဟူသော" ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြည်သူတို့ကပေးခဲ့သော ဆန္ဒမဲများအမှန်ဖြစ်စေရေးကိုဆောင်ရွက်သွားမည်။ တိုင်းရင်းသားမျိုးနွယ်စုအားလုံးကလည်း တိုင်းပြည်နှင့်လူမျိုးအတွက် လွှတ်တော်အတွင်း၊ လွှတ်တော်ပြင်ပနိုင်ငံရေးဆောင်ရွက်နိုင်စေရန် ပါတီအသီးသီးတည်ထောင်ပြီး ပါတီများကိုလည်း ငြိမ်းချမ်းစေရေးအတွက် "လက်နက်စွဲကိုင်တော်လှန်ခြင်းမပြုရန်" နိုင်ငံရေးစားပွဲဝိုင်းများအဖြစ် ဆွေးနွေးဆောင်ရွက်ခြင်းကို ပြုလုပ်သွားမည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်အသီးသီးရှိ လွှတ်တော်ကိုယ်စားလှယ်များသည်လည်း မိမိတို့ဝင်ရောက်အရွေးခံကိုယ်စားပြုခဲ့သည့် ပါတီအရေးထက် မိမိတို့ မဲဆန္ဒနယ်မြေအတွင်းရှိ ပြည်သူတို့၏ လိုအပ်ချက်ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်။ လွှတ်တော်အသီးသီးသို့ ပြည်သူ့အကျိုးပြုဥပဒေများ ပေါ်ပေါက်စေရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားမည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့တွင်"အမှန်တရားအတိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး"အတွက် အပြန်အလှန်ထိန်းကျောင်းခြင်းများသာ ရှိရမည်ဖြစ်ပြီး "ဥပဒေမဲ့ ဖိအားပေးဆောင်ရွက်ခြင်း" များကို ရှောင်ရှားနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။ စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လေးစားရပါသော မိဘပြည်သူအပေါင်း - "နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းစဉ်" အဖြစ် တပ်မတော်သည် တိုင်းပြည်၏ တစ်ခုတည်းသော "ကာကွယ်ရေးဌာန"ဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရပ်တည်ကာ မည်သည့်နိုင်ငံရေးပါတီကိုမျှ "ကျောထောက်နောက်ခံမပြုရေး"ကို ဆောင်ရွက်သွားမည်။

လေးစားရပါသော မဲဆန္ဒရှင်ပြည်သူအပေါင်း - ပြည်သူ့ဒီမိုကရေစီပါတီ၏ နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်သော သဘောထားမှာ နိုင်ငံ့ဝန်ထမ်းများသည် ယခုအခါ ပြည်သူ့ဝန်ထမ်းများဖြစ်လာသည့်အတွက် နိုင်ငံနှင့်ပြည်သူ့အကျိုးစီးပွားကိုသာ ဦးစားပေးရမည့် စည်းကမ်းဥပဒေနှင့်ပြည့်စုံသော ပြည်သူ့ဝန်ထမ်းများအဖြစ် ရပ်တည်သင့်ပါသည်။

လေးစားရပါသော မဲဆန္ဒရှင်ပြည်သူအပေါင်း - ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ကျွန်တော်နှင့် ကျွန်တော်တည်ထောင်ထားသည့် ပြည်သူ့ဒီမိုကရေစီပါတီ၏ ရိုးရှင်းလှသည့် မဲဆွယ်စည်းရုံးရေးမူဝါဒကတော့ "ပြည်သူ့ဆန္ဒအများစုဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့သော်လည်း လွှတ်တော်တွင်း နိုင်ငံရေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဘဝဖြင့် ကျေနပ်ခဲ့ရသော လွှတ်တော်ပြင်ပ နိုင်ငံရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။"

ပြည်သူ့အကျိုးစီးပွားအတွက် အရေးတကြီးပြုပြင်ပြောင်းလဲရန်လိုအပ်လျက်ရှိသော တရားဥပဒေစိုးမိုးရေးအတွက် ကျွန်တော်သာ ပြည်သူ့ကိုယ်စားလှယ်ဖြစ်ခဲ့သော်၊ လွှတ်တော်အတွင်း၌လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဘဝဖြင့် ကျေနပ်ခဲ့ရသော် လွှတ်တော်ပြင်ပနိုင်ငံရေးအဖြစ်လည်းကောင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် မိဘပြည်သူများထံ လေးလေးနက်နက် ကတိပြုလိုသည်မှာ ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့သော်၊ လွှတ်တော်တွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဘဝဖြင့် ကျေနပ်ခဲ့ရသော် လွှတ်တော်ပြင်ပနိုင်ငံရေးကို ပြည်သူ့အကျိုးစီးပွားအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ပါ၍ မုံရွာမြို့နယ် မဲဆန္ဒနယ်မြေမှ မဲဆန္ဒရှင်ပြည်သူများ၊ ပြည်သူ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စသည့်မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ကျွန်တော့်အား ၂၀၁၇ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွင်းသို့ ပို့ဆောင်ပေးပါရန် တိုက်တွန်းရင်း မိဘပြည်သူအပေါင်း ကျန်းမာချမ်းသာကြပါစေ။ ။

# မောင်တောခရိုင်အတွင်းထုတ်ပြန်ထားသည့် ပုဒ်မ- ၁၄၄ ကို ပြစ်မှုဆိုင်ရာ အထွေထွေအမှုအမှတ်(၁/၂၀၁၇)ဖြင့် ပြင်ဆင်ထုတ်ပြန်

**မောင်တော ဖေဖော်ဝါရီ ၉**

မောင်တောခရိုင်အတွင်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၉ ရက်(၁၃၇၈ ခုနှစ် နတ်တော်လဆန်း ၆ ရက်)တွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ- ၁၄၄ အရ ထုတ်ပြန်ခဲ့သည့် ညမထွက်ရအမိန့် ပြစ်မှုဆိုင်ရာအထွေထွေအမှုအမှတ်(၂/၂၀၁၆)ကို မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ- ၁၄၄၊ ပြစ်မှုဆိုင်ရာ အထွေအထွေအမှုအမှတ်(၁/၂၀၁၇)ဖြင့် ယနေ့တွင် ပြင်ဆင်ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါပြင်ဆင်ထုတ်ပြန်သည့်အမိန့်တွင် မောင်တောခရိုင်အတွင်း ပြည်သူတို့သွားလာရာ လမ်းမကြီး၊ လမ်းသွယ်၊ လမ်းကြား၊ ဥယျာဉ်(သို့မဟုတ်) အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် ၅ ဦး(သို့မဟုတ်) ၅ ဦး ထက်ပိုသော လူများစုဝေးခြင်းမပြုလုပ်ရန်နှင့် ယခင်ကထုတ်ပြန်ခဲ့သည့် ည ၇ နာရီမှ နောက်တစ်နေ့ နံနက် ၆ နာရီကာလအတွင်း ညမထွက်ရအမိန့်အစား ယခု ည ၉ နာရီမှ နံနက် ၅ နာရီထိ ကာလအတွင်း ညမထွက်ရအမိန့်ကို ထပ်မံပြင်ဆင်ထုတ်ပြန်လိုက်ကြောင်း၊ ထပ်မံထုတ်ပြန်သည့် အမိန့်သည် ယနေ့မှစ၍ ၂ လပြည့်မြောက်သည်အထိ အတည်ဖြစ်ကြောင်း သိရသည်။

မောင်တောဒေသအတွင်း ၂၀၁၂ ခုနှစ် ဇွန်လအတွင်းဖြစ်ပွားခဲ့သည့် အများပြည်သူတို့၏လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန် ကြိုးပမ်းခဲ့သည့် ဖြစ်စဉ်များ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများက မောင်တောခရိုင်၏ နယ်စပ်ဒေသလုံခြုံရေးကို တာဝန်ယူဆောင်ရွက်နေသည့် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး(ဌာနချုပ်)နှင့် နယ်မြေရဲကင်းစခန်း ၂ ခုတို့အား အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်သည့်ဖြစ်စဉ်များကြောင့် တပ်မတော်နှင့်လုံခြုံရေးအဖွဲ့အစည်းများ အနေဖြင့် ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှု ရှိစေရေးတို့အတွက် ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိနေသေးကြောင်း သိရသည်။

"ဒေသတည်ငြိမ်အေးချမ်းလာတာနဲ့အမျှ ညမထွက်အရအမိန့်ကို အချိန်လျှော့ပြီး ထုတ်ပြန်တာဖြစ်ပါတယ်။ အရင်က ည ၇ နာရီကနေ နောက်နေ့ နံနက် ၆ နာရီအထိ ညမထွက်ရဘူး။ အခု ည ၉ နာရီ ကနေ နောက်နေ့ နံနက် ၅ နာရီအထိဆိုပြီး ညမထွက်ရတဲ့ အချိန်ကို လျှော့ချလိုက်တာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ သတ်မှတ်ကာလကို အကျိုးရှိရှိအသုံးချနိုင်ဖို့နဲ့ ပြည်သူတွေရဲ့ဘဝလုံခြုံရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးဖို့ တိုက်တွန်းလိုပါတယ်"ဟု မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က ပြောသည်။

မောင်တောဒေသခံ အဗ္ဗဒူအာမင်က"အခုလို ညမထွက်ရအမိန့်ကို ပြင်ဆင်ထုတ်ပြန်ပေးတာ ဝမ်းသာတယ်။ ကျွန်တော်တို့ အရင်ကဆို ည ၇ နာရီမထိုးခင်ကို အလုပ်တွေမြန်မြန်ပြီးအောင်လုပ်ရတယ်။ အခုတော့ အလုပ်ပြီးဖို့ သိပ်ဆန္ဒစောဖို့ မလိုတော့ဘူး။ ဒီအမိန့်ကို ကြိုဆိုပါတယ်"ဟု ပြောသည်။

**မင်းမင်းဇော်(သတင်းစဉ်)**




# မောင်တောမြို့၌ ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ကျင်းပ

**မောင်တော ဖေဖော်ဝါရီ ၉**

ရခိုင်ပြည်နယ် မောင်တောမြို့၏ (၂၄)ကြိမ်မြောက် ရခိုင်ရိုးရာရထားဆွဲပွဲတော်ကို ယနေ့ ည ၇ နာရီတွင် မောင်တောမြို့ မင်းဘာကြီးလမ်း၌ ကျင်းပသည်။

အစီအစဉ်အရ ရခိုင်ရိုးရာရထားဆွဲပွဲတော်ကို မောင်တောမြို့ အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ မဏိသာရ၊ အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် သူရစန်းလွင်၊ အမှတ်(၁၅) စစ်ဆင်ရေးကွပ်ကဲရေးဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီး ကျော်စိုးမင်း၊ မောင်တောခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနှင့် မြို့မိမြို့ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့က ရခိုင်မင်္ဂလာစည်တော်တီးခတ်ဖွင့်လှစ်သည်။

ထို့နောက် (၂၄)ကြိမ်မြောက် ရခိုင်ရိုးရာရထားဆွဲပွဲတော်ကျင်းပရေးနာယက မောင်တောခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းက ယနေ့ကျင်းပသည့် ရခိုင်ရိုးရာရထားဆွဲပွဲတော်သည် တိုင်းရင်းသားရခိုင်လူမျိုးတို့၏ ရှေးပဝေသဏီကတည်းက ဆင်းသက်လာသည့် အစဉ်အလာဖြစ်ကြောင်း၊ ရခိုင်လူမျိုးများအနေဖြင့် အမျိုး၊ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုအမွေအနှစ်များ စောင့်ထိန်းရာတွင် အတိမ်းအစောင်းများရှိလာပါက ပုဂ္ဂိုလ်ရေးထိခိုက်မှုမရှိစေဘဲ ပြုပြင်ထိန်းသိမ်းနိုင်ရန်နှင့် အချိန်မီကာကွယ်နိုင်ရန် သံချပ်များထိုး၍ ထောက်ပြလေ့ရှိကြောင်း၊ တိုင်းရင်းသားများ၏ ကိုယ်ပိုင်ယဉ်ကျေးမှုများသည် ဓလေ့စရိုက်အခြေခံစံနှုန်းချင်းမတူသည့် ပြည်ပအမှုအကျင့်များ ထိုးဖောက်ဝင်ရောက်ခြင်းမခံရရန် တားဆီးကာကွယ်ပေးသည့် စိတ်ဓာတ်ရေးရာတံတိုင်းကြီးဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံးစုစည်းညီညွတ်စွာ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မောင်တောမြို့သူမြို့သားများအနေဖြင့် အမျိုး၊ ဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ထုတ်ပြသသည့် ယဉ်ကျေးမှုအစဉ်အလာ ရိုးရာပွဲတော်များကို ဆက်လက်ကျင်းပဖော်ထုတ်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် မောင်တောမြို့မိမြို့ဖ ဦးလှဖြူသန့်က ရခိုင်ရိုးရာ ရထားဆွဲပွဲတော်ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ဗုဒ္ဓပူဇနီယယိမ်းအက၊ ရထားပန်းယိုင်ယိမ်းအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး ရခိုင်ရိုးရာရထားဆွဲပွဲကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပသည်။

ရခိုင်ရိုးရာရထားဆွဲပွဲတော်ကို မောင်တောမြို့၌ ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်ထိ ကျင်းပမည်ဖြစ်သည်။

**သတင်း- မောင်ဖိုးဇော်(သတင်းစဉ်)**
**ဓာတ်ပုံ- နေဝင်းထွန်း**

❑

# မောင်တောမြို့၌ မှူခင်းအသိပညာပေးဟောပြော

**မောင်တော ဖေဖော်ဝါရီ ၉**

ရခိုင်ပြည်နယ် မောင်တောမြို့ မင်းဘာကြီးလမ်း နာရီစင်လမ်းဆုံ၌ ယနေ့ နံနက်ပိုင်းတွင် မောင်တောရဲတပ်ဖွဲ့ စခန်းမှူး ဒုရဲမှူး ကျော်အေးလှိုင်နှင့် တာဝန်ရှိသူများက မှုခင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ ဒုစရိုက်မှုများ လျော့နည်းရေး၊ လူသတ်မှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ရေးနှင့် ဝန်ဆောင်မှုကို ရှေးရှုသည့် ရဲလုပ်ငန်းဆိုင်ရာများကို ပြည်သူလူထုထံ အသိပညာပေး ဟောပြောကြကြောင်း သိရသည်။

"သက်ငယ်မုဒိမ်းနဲ့ပတ်သက်တဲ့ ပြစ်မှုပြစ်ဒဏ်တွေနဲ့ မှုခင်းဆိုင်ရာ အသိပညာတွေ၊ မှုခင်းနဲ့ပတ်သက်တဲ့ ပြစ်ဒဏ်တွေကို အများပြည်သူတွေ သိအောင် ဟောပြောရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့က ဒီလိုလမ်းဆုံမှာတင်မကပါဘူး။ မောင်တောဒေသမှာရှိတဲ့ စာသင်ကျောင်းတွေ၊ ကျေးရွာတွေနဲ့ ရပ်ကွက်တွေကိုပါ လှည့်လည်ဟောပြောပါတယ်။ ပြည်သူတွေ မှုခင်းနဲ့ပတ်သက်တဲ့ အသိပညာတွေ တိုးပွားစေလိုလို့ ဖြစ်ပါတယ်"ဟု ဒုရဲမှူး ကျော်အေးလှိုင်က ပြောသည်။

မောင်တောဒေသခံ အာရှိကူမားက "ဒီလို အသိပညာပေးဟောပြောတာ ကောင်းပါတယ်။ ကျွန်တော်တို့လည်း ဗဟုသုတရတယ်။ များများဟောပြောစေချင်ပါတယ်"ဟု ၎င်းကဆိုသည်။

**သတင်း- မောင်ဖိုးဇော်(ကလေး)**
**ဓာတ်ပုံ- မောင်မောင်ဇော်**



# နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းနှင့် KIA/TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့ ထိတွေ့တိုက်ပွဲဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ ကွတ်ခိုင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းနှင့် KIA/TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ ယနေ့နံနက် ၁ နာရီခန့်က ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကွတ်ခိုင်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းသည် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် နမ့်အွန်ကျေးရွာ၏ မြောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာ၌ KIA/TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့ အင်အား ၂၀ ခန့်နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး နံနက် ၁ နာရီ ၃၅ မိနစ်ခန့်တွင် လက်နက်ကိုင်ပူးပေါင်းအဖွဲ့များသည် မြောက်ဘက်နှင့် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာသွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် KIA ပြောက်ကျား ယူနီဖောင်းဝတ်အလောင်း နှစ်လောင်း၊ M-22 သေနတ် နှစ်လက်၊ ၎င်းကျည်အိမ် သုံးခုနှင့် ၎င်းကျည် ၃၃၁ တောင့်၊ ၄၀ မမ ဗုံးသီး ငါးလုံး၊ လောလောင်ချာပို့ကျည် နှစ်တောင့်၊ TNT ယမ်းပြင်း နှစ်တုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပြီး အဆိုပါနေရာတစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

○ MNL မှ

ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်နှင့် ရတနာပုံပွဲမှာ ရှမ်းယူနိုက်တက်၏ အိမ်ကွင်း တောင်ကြီးမြို့၌ ကစားရမည်ဖြစ်သော်လည်း ကွင်းမအားသောကြောင့် ကြားကွင်း၌ကစားရခြင်းဖြစ်သည်။ ပွဲစဉ်(၄) အပြီးတွင် ရန်ကုန်အသင်းနှင့် လက်ရှိချန်ပီယံရတနာပုံအသင်းတို့က ၁၀ မှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းက ကိုးမှတ်၊ ရခိုင်နှင့် ဇွဲကပင်အသင်းတို့က ခြောက်မှတ်စီ၊ နေပြည်တော်၊ ချင်းယူနိုက်တက်၊ ဧရာဝတီနှင့် မကွေးအသင်းတို့က လေးမှတ်စီ၊ ဟံသာဝတီအသင်းက သုံးမှတ်၊ GFA နှင့် Southern အသင်းတို့က နှစ်မှတ်စီရရှိထားသည်။

ဒုတိယနေရာမှ ရတနာပုံနှင့် တတိယနေရာမှ ရှမ်းယူနိုက်တက်အသင်း ထိပ်တိုက်တွေ့ဆုံမှုကို ထိပ်ဆုံးမှ ရန်ကုန်အသင်း အခွင့်ကောင်းရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်ပြီး အဝေးကွင်းတွင် တန်းတက်နေပြည်တော်အသင်းကို အနိုင်ကစားရမည်ဖြစ်သည်။ လက်ရှိချန်ပီယံရတနာပုံအသင်းသည် ရှမ်းယူနိုက်တက်နှင့် အဝေးကွင်းပွဲကို ကြားကွင်းတွင် ကစားရမည်ဖြစ်သောကြောင့် အခွင့်အရေးရှိလာခဲ့ပြီး နိုင်ပွဲဆက်နေမှုကို ဆက်လက်ထိန်းသိမ်းနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ-ရှိုင်းထက်ဇော်**

# မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသည့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၇ ရက်က လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း မြမာလာခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ညွှန့်လွင်ဦးက ဖြစ်ပေါ်လာနိုင်သည့် မှုခင်းများအကြောင်း၊ မှုခင်းများ မဖြစ်ပေါ်မီ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# ဂါဘရီယယ်ဂျီးဆပ်မှာ ထိပ်တန်းအဆင့်ရှိ ကစားသမားဖြစ်လာမည်ဟု မန်စီးတီးအသင်းကစားဖော် ဖာနန်ဒင်ဟို ထောက်ခံပြောကြား



မန်စီးတီးအသင်း၏ တိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်သည် ပြီးခဲ့သည့် တစ်ပတ်က မန်စီးတီးအသင်းနှင့်အတူ ခြေစွမ်းပြကစားနိုင်ခဲ့ပြီးနောက် ထိပ်တန်းအဆင့်ရှိကစားသမားတစ်ဦးဖြစ်လာမည်ဟု ဖာနန်ဒင်ဟိုက ထောက်ခံပြောကြားလိုက်သည်။

အသက်(၁၉)နှစ်အရွယ်ရှိ လူငယ်တိုက်စစ်မှူး ဂါဘရီယယ်ဂျီးဆပ်သည် ပြီးခဲ့သည့်လက ပယ်မီးရက်စ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိတွင် မန်စီးတီးအသင်းအတွက် သုံးဂိုး သွင်းယူထားနိုင်ခဲ့သည်။ ဂါဘရီယယ်ဂျီးဆပ်သည် မန်စီးတီးအသင်းသို့ ရောက်ရှိလာချိန်တွင် ခြေစွမ်းကောင်းပြသနိုင်ခဲ့သဖြင့် မန်စီးတီးအသင်း၏ ပွဲထွက်ကစားသမားစာရင်းတွင် ပုံမှန်နေရာရနေသည့် တိုက်စစ်မှူး ဆာဂျီယိုအဂူရိုပင် ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့ရသည်။

ထိုသို့ မန်စီးတီးအသင်းသို့ ရောက်လာချိန်မှာပင် ခြေစွမ်းကောင်းပြသခဲ့မှုကြောင့် ဖာနန်ဒင်ဟိုက လူငယ်ကစားသမားတစ်ဦးအတွက် ဝမ်းမြောက်စကားဆိုခဲ့ပြီး ဂါဘရီယယ်ဂျီးဆပ်မှာ ကမ္ဘာ့အကောင်းဆုံး ကစားသမားတစ်ဦးဖြစ်လာနိုင်ကြောင်း ထောက်ခံပြောကြားခဲ့ခြင်းဖြစ်သည်။

ငွေကြယ် - ရေးသားသည်

## တိုက်စစ်မှူး ဆွာရတ်ဇ်၏ အနီကတ်ပြစ်ဒဏ်အတွက် ဘာစီလိုနာအသင်း လျှောက်လဲချက်တင်မည်



ဘာစီလိုနာအသင်း ယှဉ်ပြိုင်ကစားရမည့် စပိန်ကိုပါဒယ်ရေးဖလား နောက်ဆုံးဗိုလ်လုပွဲတွင် ဆွာရတ်ဇ်နှင့် ဘတ်စကွက်တို့ လွဲချော်မည်ဖြစ်သောကြောင့် အနီကတ်ပြစ်ဒဏ်ချမှတ်ခံထားရသည့် တိုက်စစ်မှူး ဆွာရတ်ဇ်အတွက် လျှောက်လဲချက်တင်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းနည်းပြ ဟင်းနရစ်က ပြောကြားလိုက်သည်။

ဘာစီလိုနာအသင်းသည် နူးကမ့်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်တွင် ဆွာရတ်ဇ်၏ သွင်းဂိုးတစ်ဂိုးဖြင့် သရေကျခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ်သုံးဂိုး-နှစ်ဂိုးဖြင့် အက်သလက်တီကိုမက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းမှာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သော်လည်း ယင်းပွဲစဉ်တွင် နှစ်ဝါ တစ်နီပြသခံခဲ့ရသည့် တိုက်စစ်မှူး ဆွာရတ်ဇ်မှာ လွဲချော်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် စပိန်ကိုပါဒယ်ရေးဖလား နောက်ဆုံးဗိုလ်လုပွဲတွင် တိုက်စစ်မှူး ဆွာရတ်ဇ် ပါဝင်ခွင့်ရရှိရေးအတွက် ဘာစီလိုနာအသင်းက လျှောက်လဲချက်တင်ရန် စီစဉ်နေခြင်းဖြစ်သည်။



# ဘိုင်ယန်သို့ ပြောင်းရွှေ့ရန် အာဆင်နယ်မှ အိုးဇေးလ် ထွက်ခွာသင့်ဟုဆို

ကွင်းလယ်ကစားသမား အိုးဇေးလ်အနေဖြင့် ဆုဖလားကိုင်မြှောက်အောင်ပွဲခံလိုပါက အာဆင်နယ်အသင်းမှ ထွက်ခွာကာ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့သင့်ကြောင်း မိုက်ကယ်ဘောလက်က အကြံပြုပြောကြားလိုက်သည်။

အိုးဇေးလ်၏ အာဆင်နယ်အနာဂတ်သည် စာချုပ်သစ်ချုပ်ဆိုရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်နေဆဲဖြစ်သည့်အပြင် စာချုပ်သစ်မချုပ်ဆိုနိုင်ခဲ့ပါက ၂၀၁၈ ခုနှစ် ဇွန်လတွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် အိုးဇေးလ်အတွက် အာဆင်နယ်အသင်းနှင့် နောက်ဆုံးလမ်းခွဲရတော့မည့်အနေအထားသို့ ရောက်ရှိသွားမည်လည်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားအိုးဇေးလ်အား ကလပ်အသင်းအတော်များများက ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း ချိတ်ဆက်မှုများရှိခဲ့သော်လည်း အပြောင်းအရွှေ့ကိစ္စဆောင်ရွက်မည်ဆိုပါက အခွင့်အလမ်းကောင်းများရရှိနိုင်မည့် မွေးရပ်မြေဂျာမနီသို့သာ ပြောင်းရွှေ့သင့်ကြောင်း မိုက်ကယ်ဘောလက်က ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းအနေဖြင့် အိုးဇေးလ်အား ရောင်းချမည်မဟုတ်ကြောင်းပြောကြားခဲ့သော်လည်း ဆုဖလား ကိုင်မြှောက်အောင်ပွဲခံလိုပါက အာဆင်နယ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့စေလိုကြောင်းလည်း မိုက်ကယ်ဘောလက်က ဆိုသည်။ ဘိုင်ယန်မြူးနစ်အသင်းကမူ အိုးဇေးလ်အနေဖြင့် ဂျာမနီမြေသို့ ပြောင်းရွှေ့လာမည်ဆိုပါက ပြောင်းရွှေ့ကြေးယူရိုသန်း ၅၀ ပေးမည်ဖြစ်ကြောင်း ပြောကြားထားသည်။

# အသင်းကြီးတွေနဲ့ဆို လီဗာပူးရလဒ်ကောင်းတတ်တယ်

## ပရီးမီးယားလိဂ်ရင်ခုန်သံ-၂၅

ရှိုင်း
မင်း
မင်း

***ပရီမီယာလိဂ်ပွဲစဉ် ၂၅ ကို လာမယ့် ဖေဖော်ဝါရီလ ၁၁၊ ၁၂၊ ၁၄ ရက်နေ့တွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဟားလ်ကိုအရေးနိမ့်ခဲ့ရတဲ့ လီဗာပူးက စပါးနဲ့ရင်ဆိုင်ရမှာဖြစ်တာကြောင့် ပွဲကြပ်တစ်ပွဲ ထပ်မံကြုံတွေ့နေကာ နိုင်ပွဲပြန်ရပ့ါမလားဆိုတာ စောင့်ကြည့်ရမယ်။***

### အာဆင်နယ် VS ဟားလ်

ည ၇း၀၀ (၁၁-၂-၁၇)

ချယ်လ်ဆီးကို ရှုံးနိမ့်ခဲ့ရတာကြောင့် အာဆင်နယ်တို့ နိုင်ပွဲပြန်ရ နိုင်ရေးအားစိုက်လာဖို့ရှိနေပါတယ်။ ဒါပေမယ့်လည်း အာဆင်နယ်က ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်အဝေးကွင်းပွဲကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ လက်ရှိအချိန်မှာလည်း ဟားလ် ခြေက ကောင်းမွန်နေကာ မန်ယူကိုသရေ၊ လီဗာပူးကို အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း အာဆင်နယ်အခက်တွေ့နိုင်ကာ ကပ်ပြီးသာ အနိုင်ရမယ်။

### မစ်ဒယ်ဘရာ့ VS အဲဗာတန်

ည ၉း၃၀ (၁၁-၂-၁၇)

လက်ရှိအချိန်မှာ အဲဗာတန်ခြေက ကောင်းမွန်မှု အပြည့်ရှိနေပါတယ်။ လူကာကူခြေစွမ်းပြနေတာကြောင့်လည်း တိုက်စစ်ပိုင်းက ထက်မြက်နေကာ ဘုန်းမောက်ကို ၆-၃ ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ မစ်ဒယ်ဘရော့ကတော့ အိမ်ကွင်းမှာ ခံစစ်အားပြုကစားမှာဖြစ်ပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေ အားနည်းလွန်းပါတယ်။ ဒါကြောင့်လည်း အဲဗာတန်ပဲ ကပ်နိုင်ခြေရှိတယ်။

### ဆန်းဒါးလန်း VS ဆောက်သမ်တန်

ည ၉း၃၀ (၁၁-၂-၁၇)

အိမ်ကွင်းမှာ ဝက်စ်ဟမ်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် ဆောက်သမ်တန်တို့နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်ဟာ အဝေးကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းက ကစားပုံ တည်ငြိမ်မှု မရှိပါဘူး။ တန်းဆင်းရဖို့နီးကပ်နေတဲ့ ဆန်းဒါးလန်းရဲ့ ရုန်းအားကတော့ ကောင်းမွန်မှုရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်လို့ ဆန်းဒါးလန်း အနိမ့်ဆုံး သရေလောက်ရမယ်။

### ဘန်လေ VS ချယ်လ်ဆီး

ည ၈း၀၀ (၁၂-၂-၁၇)

အာဆင်နယ်ကိုအနိုင်ရခဲ့တာကြောင့် ချယ်လ်ဆီးတို့ ချန်ပီယံဖြစ်ဖို့ ပိုနီးစပ်လာပါတယ်။ ခြေစွမ်းပိုင်းလည်း ကောင်းမွန်နေကာ ဟာဇက် ခြေစွမ်းပြနေတာကြောင့် တိုက်စစ်ပိုင်းက ကောင်းမွန်နေပါတယ်။ ဒါပေမယ့်လည်း ဘန်လေရဲ့အိမ်ကွင်းခံကစားအားကိုတော့ လျှော့တွက်လို့မရနိုင်ပါဘူး။ ဘန်လေရဲ့အိမ်ကွင်းခြေက ကောင်းမွန်တတ်တာကြောင့် ချယ်လ်ဆီး ကပ်ပြီးသာနိုင်မယ်။

### မန်ယူ VS ဝက်ဖို့ဒ်

ည ၉း၃၀ (၁၁-၂-၁၇)

မန်ယူက အမှတ်ဆုံးရှုံးမှုတွေများခဲ့တာကြောင့် ဒီအိမ်ကွင်းပွဲတွေမှာ နိုင်ပွဲရယူနိုင်ရေးအားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့် မန်ယူတိုက်စစ်မှာ အီဘရာဟီမိုဗစ်ဂိုးမသွင်းနိုင်ရင် ဂိုးရဖို့ ရုန်းကန်ရတတ်တာကို တွေ့ရသလို ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ်ပွဲကစားရဖို့ ရှိနေပါတယ်။ ဝတ်ဖို့ဒ်ကတော့ အဝေးကွင်းမှာခြေစွမ်းပိုင်း ကျဆင်းတတ်တယ်ဆိုပေမယ့် လက်ရှိခံကစားအားက ကောင်းမွန်မှုရှိပါတယ်။ ဒါကြောင့်လည်း မန်ယူတို့ အနည်းငယ် အခက်တွေ့နိုင်ကာ ကပ်ပြီးသာအနိုင်ရဖို့ရှိပါတယ်။

### စတုတ် VS ပဲလေ့စ်

ည ၉း၃၀ (၁၁-၂-၁၇)

အိမ်ကွင်းမှာ ကစားခဲ့ရပါလျက် ဆန်းဒါးလန်းကို တောင် လေးဂိုးပြတ်ရှုံးနိမ့်ခဲ့ရတဲ့ ပဲလေ့စ်ခြေကလည်း အားနည်းမှုတွေများလွန်းပါတယ်။ ပဲလေ့စ်အနေနဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် အဝေးကွင်းဖြစ်နေတာကိုသတိပြုရမယ်။ စတုတ်ကလည်း ဝက်စ်ဘရွမ်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အိမ်ကွင်းမှာ အားစိုက်လာမှာ သေချာနေပါတယ်။ ဒီပွဲမှာလည်း ပဲလေ့စ်တို့ရှုံးပွဲဆက်နိုင်ပါတယ်။

### ဝက်စ်ဟမ်း VS ဝက်စ်ဘရွမ်း

ည ၉း၃၀ (၁၁-၂-၁၇)

ဆောက်သမ်တန်ကို အဝေးကွင်းမှာ ၃-၁ ဂိုးနဲ့ အနိုင်ရခဲ့တဲ့ ဝက်စ်ဟမ်းခြေက ကောင်းမွန်ခဲ့ပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲဆက်နိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဝက်စ်ဘရွမ်းကတော့ နောက်ဆုံးပွဲမှာစတုတ်ကိုအနိုင်ရခဲ့ပေမယ့် ခြေစွမ်းပိုင်းအရ သိသိသာသာ အသာမရခဲ့သလို အဝေးကွင်းပွဲတွေမှာလည်းခြေစွမ်းပိုင်းနဲ့ ခံစစ်ကစားပုံအားနည်းတတ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာ ဝက်စ်ဟမ်းကသာ နိုင်ပွဲဆက်မယ်။

### ဆွမ်ဆီး VS လက်စတာ

ည ၁၀း၃၀ (၁၂-၂-၁၇)

ဆွမ်ဆီးက တိုက်စစ်ပိုင်းကစားပုံအခုနောက်ပိုင်းမှာ ကောင်းမွန်မှုရှိလာပါတယ်။ အမှတ်လိုအပ်နေတာကြောင့်လည်း အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် ခံစစ်ပိုင်းကတော့ တည်ငြိမ်မှုမရှိပါဘူး။ လက်စတာကလည်း တန်းဆင်းရမယ့်အန္တရာယ်နဲ့ နီးကပ်နေတာကြောင့် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်စတာအနေနဲ့ ဒီပွဲအပြီးမှာလည်းချန်ပီယံလိဂ်ပွဲကစားရဖို့ မရှိသေးပါဘူး။ သွင်းဂိုးများနိုင်ပြီး သရေကျနိုင်ပါတယ်။

### လီဗာပူး VS စပါး

နံနက် ၀၀း၀၀ (၁၂-၂-၁၇)

ဟားလ်ကို ရှုံးနိမ့်ခဲ့ရပြီးတဲ့နောက် လီဗာပူးဟာ ပရီမီယာလိဂ်မှာ ၅ ပွဲဆက်တိုက်အနိုင်ပျောက်ဆုံးခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ လီဗာပူးခြေက အားနည်းမှုတွေများနေသလို ခံစစ်ပိုင်းကစားပုံလည်း တည်ငြိမ်မှုမရှိပေမယ့် ဒီရာသီ အသင်းကြီးတွေနဲ့ရင်ဆိုင်ရတဲ့ပွဲတွေမှာ ရလဒ်ကောင်းမွန်တတ်တာကို သတိပြုရမယ်။ စပါးကတော့ လက်ရှိခြေစွမ်းပိုင်းကောင်းမွန်နေပေမယ့် အဝေးကွင်းမှာခြေကျတတ်တယ်။ လီဗာပူး အနိမ့်ဆုံးသရေရမယ်။

### ဘုန်းမောက် VS မန်စီးတီး

နံနက် ၂း၃၀ (၁၄-၂-၁၇)

အဲဗာတန်ကို ၆-၃ ဂိုးနဲ့ဂိုးပြတ်ရှုံးခဲ့ရတဲ့ပွဲမှာ ဘုန်းမောက်ရဲ့ခံစစ်ကစားပုံအားနည်းလွန်းခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့်လည်း အဆိုပါရှုံးပွဲကြောင့် ဘုန်းမောက်တို့ အိမ်ကွင်းမှာ ပြန်လည်အားစိုက်လာဖို့ ရှိနေပါတယ်။ ဘုန်းမောက်ရဲ့အိမ်ကွင်းခံကစားအားကလည်း ကောင်းမွန်မှုရှိနေပါတယ်။ မန်စီးတီးကတော့ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ကစားရမှာမဟုတ်သေးတာကြောင့် အားစိုက်လာမှာဖြစ်ပေမယ့် ခံစစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေပါသေးတယ်။ မန်စီးတီးတို့ ကပ်ပြီးသာအနိုင်ရရှိနိုင်ပါတယ်။



# ဧရာဝတီမြစ်အတွင်း ရှင်ဥပဂုတ္တဖောင်တော်ပင့်ဆောင်ပူဇော်ပွဲနှင့် လှေလှော်ပြိုင်ပွဲပြုလုပ်

**ပြည် ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ဧရာဝတီမြစ်အတွင်းတွင် ရှင်ဥပဂုတ္တဖောင်တော်ပင့်ဆောင်ပူဇော်ပွဲနှင့် လှေလှော်ပြိုင်ပွဲအား စည်ကားသိုက်မြိုက်စွာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလှေလှော်ပြိုင်ပွဲများကို ပြည်မြို့ နဝင်းနယ်မြေ ဖိုးဂေါင်ရပ်ကွက်အပိုင် မြစ်ကမ်းတွင် ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက်တို့တွင် မွန်းလွဲပိုင်းက နှစ်ရက်တိုင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲအား ဒေသခံရေလုပ်သားများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင်ငွေကြေးကို အဓိကမထားဘဲ ပြိုင်ပွဲသဘောမျိုးဖြင့်သာ ယှဉ်ပြိုင်ကြခြင်းဖြစ်ကြောင်း သိရသည်။

ရှင်ဥပဂုတ္တရဟန္တာဖောင်တော်ပင့်ဆောင်ပူဇော်ရခြင်းမှာ သောင်ခုံများ၊ ကမ်းများမပြိုရေးအတွက်နှင့် ကျွန်းကြီးများ၊ သောင်ခုံကြီးများ ပေါ်ထွန်းစေရေး၊ မိုးလေဝသကောင်းမွန်စေရေးနှင့် ရေလုပ်သားများအတွက် အဓိကကောင်းကျိုးချမ်းသာများ ရရှိနိုင်ကြောင်းတို့အတွက်ဖြစ်သည်။ လှေလှော်ပြိုင်ပွဲပြုလုပ်ရခြင်းအားဖြင့် ကလေးများအတွက် စိတ်ဓာတ်ခွန်အားရရှိစေပြီး ရပ်ရွာဝလေ့တစ်ခုဖြစ်ကြောင်း၊ ရှင်ဥပဂုတ္တဖောင်တော်ကို ဝိုင်းဝန်းကူညီပံ့ပိုးမှုများလည်း ရရှိစေကြောင်း၊ ဖိုးဂေါင်ရပ်ကွက်မှ လှေပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦးက ပြောသည်။

အဆိုပါရှင်ဥပဂုတ္တရဟန္တာဖောင်တော်အား ပြီးခဲ့သည့် ဝါဆိုလဆန်း ၈ ရက်က ညောင်ဦးမြို့မှစတင်ပူဇော်ကာ ဧရာဝတီမြစ်အတွင်း မျှောလိုက်ခြင်းဖြစ်ပြီး နဝင်းနယ်မြေ ဖိုးဂေါင်ရပ်ကွက်သားများက မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်းရှိ မြစ်အနောက်ဘက်ကမ်း စစ္စရံကျေးရွာမှ သွားရောက်ပင့်ဆောင်ခဲ့ခြင်းဖြစ်ပြီး ပြည်ကမ်းနားတွင် ၁၀ ရက်ခန့် အပူဇော်ခံထားရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြစ်မခရေတံခါးတည်ဆောက်ရေးလုပ်ငန်းခွင် တိုင်းဒေသကြီးဝန်ကြီး ကွင်းဆင်းကြည့်ရှု

**ပဲခူး ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်သည် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော သာယာဝတီခရိုင် မိုးညိုမြို့နယ် မြစ်မခရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ကွင်းဆင်းကြည့်ရှုရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ရေတံခါးတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ ရရှိလာမည့် အကျိုးကျေးဇူး၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအား ရုပ်ပုံကားချပ်များ၊ မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းများ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ ရေတံခါးတည်ဆောက်မှုဆိုင်ရာ အရည်အသွေးစစ်ဆေးခြင်းအနေဖြင့် ရေတံခါးတွင် အသုံးပြုသော တည်ဆောက်ရေးပစ္စည်းများ၏ အရည်အသွေး၊ ဆောင်ရွက်သည့် ကွန်ကရစ်လုပ်ငန်းများ၏ အရည်အသွေးဆိုင်ရာ စစ်ဆေးကြီးကြပ်ခြင်း လုပ်ငန်းများကိုလည်း ဌာနမှ ပညာရှင်အဖွဲ့အား လုပ်ငန်းခွင်အတွင်း ထားရှိဆောင်ရွက်နေမှုအခြေအနေများကို ညွှန်ကြားရေးမှူးက ထပ်မံရှင်းလင်းတင်ပြခဲ့ပြီး ဝန်ကြီးနှင့်အဖွဲ့သည် လုပ်ငန်းခွင်အတွင်း ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ မြစ်မခရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းသည် ၂၀၀၅-၂၀၀၆ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြစ်မခမြစ်ဝှမ်းနှင့်ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းခေါင်းစဉ်အောက်ရှိ လုပ်ငန်းသုံးခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး မြစ်မခမြစ်အနောက်ဘက်ကမ်း တာတည်ဆောက်ခြင်း (အလျား ၂၄ မိုင်) နှင့် တာအတွင်း ရေနုတ်မြောင်းတူးဖော်ခြင်း (အလျား ၁၂ မိုင်)လုပ်ငန်းများမှာ ဆောင်ရွက်ပြီးဖြစ်သည်။

ယခုဆောင်ရွက်နေသော မြစ်မခရေတံခါးသည်( ၆ ပေ၊ ၁၀ ပေ) ၁၀ ပေါက် အရွယ်အစားဖြစ်ပြီး ၂၀၁၇ ခုနှစ် မတ်လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ မိုးရာသီ မြစ်မခမြစ်ရေမြင့်တက်ချိန် ကွင်းအတွင်း မြစ်ရေဝင်ရောက်မှုအား ကာကွယ်ပြီး မြစ်ရေကျဆင်းချိန် ကွင်းရေအား မြစ်အတွင်းသို့ ထုတ်နုတ်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းပြီးစီးလျှင် တာအတွင်းဘက်ရှိ ဧက ၁၇၆၀၀ ကျော်သည် ရေတော်မိုးတော်ဧကများအဖြစ် အကျိုးဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မင်းလှမြို့ စိမ်းလန်းစိုပြည်ရေးကန်တူးဖော်မည့်နေရာနှင့် ဆောင်ရွက်ပြီး အုတ်ဖိုမြို့ပတ်တာအား ကွင်းဆင်းကြည့်ရှုရာ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုတို့အား ရှင်းလင်းတင်ပြခဲ့ကြသည်။

**သူရအောင်(ပြည်)**

# တရားမဝင်ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာအတုများကို ဥပဒေအရ အရေးယူသွားမည်

**ရေး ဖေဖော်ဝါရီ ၉**

မွန်ပြည်နယ်အတွင်း တရားမဝင်ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာအတုအပများ ဈေးကွက်ထဲဝင်လာသည့်အခါ သုံးစွဲမိလျှင် လူတို့၏ကျန်းမာရေးဆိုးကျိုးများ ခံစားရမည်ဖြစ်သည့်အတွက် မရောင်းချရန်နှင့် လိုင်စင်မရှိသည့် အရောင်းဆိုင်များကို ဥပဒေအရ ဆက်လက်အရေးယူသွားမည်ဟု ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သန်းသန်းလွင်က ပြောသည်။

ဈေးကွက်တွေမှာ မြန်မာစာတန်းအညွှန်းပါသော ပိုးသတ်ဆေးများကိုသာ တရားဝင်ရောင်းချခွင့်ပြုထားပြီး ပိုးသတ်ဆေးနှင့် မြေသြဇာရောင်းချရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသောဥပဒေအတိုင်း ရောင်းချရန်လိုအပ်ကြောင်း ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သန်းသန်းလွင်က ဆက်လက်ပြောသည်။

"ရေးမြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းများဖြစ်တဲ့ သံပရာအပင်သီးကို ပိုးထိုးရာမှာ သုံးဆေးနဲ့ မှိုဖြစ်ရင်သတ်တဲ့ ပိုးသတ်ဆေးကို အများဆုံးသုံးကြပါတယ်။ သခွားသီး၊ ခရမ်းသီးနဲ့ အခြားသီးနှံပင်တွေကိုသတ်တဲ့ ပိုးသတ်ဆေးများ သုံးကြနေသလို ရော်ဘာ၊ ကွမ်းသီး၊ သံပရာအပင်တွေအတွက် လိုအပ်သော ဓာတ်မြေသြဇာ အများဆုံးရောင်းရပါတယ်" ဟု ရေးမြို့နယ် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာ အရောင်းကိုယ်စားလှယ် ဦးအောင်သူက ပြောသည်။

ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများကို သတ်မှတ်အညွှန်းအတိုင်း သီးနှံပင်များအား အသုံးပြုပါက စားသုံးသူထိခိုက်မှုနည်းပါးနိုင်သော်လည်း ယနေ့အချိန်အခါတွင် သီးနှံပင်များစိုက်ပျိုးသည့်နေရာမှာ အလွန်အကျွံသုံးလာနေ၍ လူတို့၏ကျန်းမာရေးဆိုးကျိုးများဖြစ်သော အသည်း၊ နှလုံးကင်ဆာရောဂါများ ဖြစ်ပွားလာကာ သတ်မှတ်အညွှန်းထက် ပိုမိုမသုံးသင့်ကြောင်း သိရသည်။

မွန်ပြည်နယ် ရေးမြို့ မြမြင့်မိုရ်ဟိုတယ်၌ ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် အယ်ဗင်တိုင်းမ်လီမိတက် (အာမို)တို့က ကြီးမှူးကျင်းပပြီး GRO Myanmar မှ ကူညီပံ့ပိုးပေးသော အရောင်းကိုယ်စားလှယ်များအား ပြဋ္ဌာန်းထားသည့်ဥပဒေများဖြစ်သော ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးအသုံးချနည်းပညာများကို ဆွေးနွေးပို့ချကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**



# သံဓာတ်ချို့တဲ့သွေးအားနည်းရောဂါအကြောင်းပညာပေး

**ဘုရားသုံးဆူ ဖေဖော်ဝါရီ ၉**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ဘုရားသုံးဆူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါအကြောင်း ပညာပေးခြင်းနှင့် ဆေးများတိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီခွဲက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အသိပညာပေးဟောပြောရာတွင် ဘုရားသုံးဆူမြို့ ကျန်းမာရေးမှူး ဒေါ်စောယုမာက အပျိုဖော်ဝင်စ မိန်းကလေးငယ်များသိသင့်သည့် သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါအကြောင်းကိုလည်းကောင်း၊ သားဖွားဆရာမ ဒေါ်ခက်ခက်ဝင်းက အနာဂတ်မိခင်လောင်းများဖြစ်ကြမည့် အမျိုးသမီးများတွင် ဖြစ်ပေါ်တတ်သည် ရောဂါများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ပဉ္စမတန်းမှ နဝမတန်းထိကျောင်းသူ ၅၈၀ အား သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါမဖြစ်ပွားစေရန်အတွက် ကျန်းမာရေးဝန်ထမ်းများက (Furamin Bc) အားဆေးများကို တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**အောင်သူဟိန်း(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့တွင် လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**ကျောင်းကုန်း ဖေဖော်ဝါရီ ၉**

ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစန်းငွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းမှုသင်တန်းသည် အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သည့်အတွက် ကြိုးစားသင်ယူကြဖို့လိုကြောင်း၊ ကျောင်းကုန်းမြို့တွင် ပထမဆုံးသင်ကြားပေးသည့် သင်တန်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငြိမ်းသောင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လက်တွန်းထွန်စက်အင်ဂျင် စာတွေ့၊ လက်တွေ့၊ လက်တွန်းထွန်စက် ဂီယာဘောက် စာတွေ့၊ လက်တွေ့၊ ကူဘိုတာ ရိတ်သိမ်းခြွေလှေ့စက် စာတွေ့၊ လက်တွေ့၊ ကူဘိုတာထွန်စက်ကြီး စာတွေ့၊ လက်တွေ့ သင်ခန်းစာများ သင်ကြားပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ဝင်းကြိုင်(ပြန်/ဆက်)**




&xm;&wyfUrSwf(12)wyfwyfpk(1) oCefuGefwyfpkS&S tykfunfif;onf azazmf0g&D&ufeHuf 9 em&D oCefuGefbwfwmü &xm;pD;&Demiftajz;aeonfh c&D;onf;EStwGuf vlukefuljrwf;qD;Dmu , f&;qdkif&m tojzmay;aq;aE; rlw; vkyfaqmifcJhumifonf

**၁၁၈**

# ခေတ်မီစက်များဖြင့် အခမဲ့သွားရောက်ကုသပေး

**ကြာအင်းဆိပ်ကြီး ဖေဖော်ဝါရီ ၉**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မျိုးဝင်းဦးဆောင်၍ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက အမှတ်(၅) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြို့လယ်ဓမ္မာရုံ၌ ပြည်သူများ ကျန်းမာရေးဝန်ဆောင်မှုအား စေတနာ မေတ္တာထားကာ ကုသပေးလျက်ရှိသည်။

အဆိုပါတပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့သည် အရိုးအထူးကု၊ မျက်စိအထူးကုနှင့် အထွေထွေရောဂါများအား ကြည့်ရှုကုသပေးလျက်ရှိပြီး ဆေးရုံများသို့ တက်ရောက်ကုသရန်လိုအပ်ပါက မော်လမြိုင် တပ်မတော်ဆေးရုံသို့ အခမဲ့သွားရောက်ကုသမှုခံယူရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ဆေးကုသရေးသို့ ကျောင်းသား၊ ကျောင်းသူများ၊ မြို့ပေါ်နှင့်ကျေးလက်နေပြည်သူများမှ လာရောက်စမ်းသပ်ကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**

*EHHkwvnfqmufmwifEHHkwmfcyftjcmtPm\ cufoHnmzpfonf0ya'jya&;? tJ&cyf&;? w&m;pD&if&;[bnfr@dulDolkyfzifhtcifcif tjyeftvSef xefaumif;aqmifuBnf[kqlm;&m 0ya'qlm talumif;t&mrm;ulnfbrm; olblvlrmEHefpma&;olarmifpm*\ 0ya'ESifhqlm aqmif;rm;ult ywfp0f azmfjyay;oml;yrnfaqmif;wif;&Snft alumif;t&mrm;onfpma&;ol\ tmabmfbmzpfonf (pmwnftzJU*

# မေတ္တာဖြင့်ပေးကမ်းခြင်း(Gift)ပြုကြရာဝယ်



မောင်စာဂ

မေတ္တာဖြင့် ပေးကမ်းခြင်းဟုဆိုရာတွင် ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေ၊ ပဋိညာဉ်အက် ဥပဒေတို့အရ ပေးကမ်းခြင်းရှိသည်။ ဓလေ့ထုံးတမ်းဥပဒေအရ ပေးကမ်းခြင်းရှိသည်။ မည်သည့်နည်းဖြင့် ပေးကမ်းခြင်းပြုသည်ဖြစ်စေ၊ ပြဋ္ဌာန်းဥပဒေများနှင့် ညီညွတ်ပါမှ သို့မဟုတ် ဓလေ့ထုံးတမ်းနှင့်အညီဖြစ်ပါမှ ပေးကမ်းခြင်းအထမြောက်မည်။ ဤသို့မဟုတ်လျှင် "ပေးကားပေး၏မရ" ဆိုသလိုဖြစ်သွားနိုင်သည်။

သို့ပါ၍ "မေတ္တာဖြင့်ပေးကမ်းခြင်း" ဆိုင်ရာ သိသင့်သိထိုက်သည်များကို မှတ်သားမိသမျှ ပြန်လည်မျှဝေပါရစေ။

**မေတ္တာဖြင့်ပေးကမ်းခြင်းဟူသည်**

"မေတ္တာဖြင့်ပေးကမ်းခြင်း" ဆိုသည်မှာ ရှိနေသော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်ခုကို ပေးသူက ရယူသူသို့ အဖိုးစားနားမရှိဘဲ အလိုအလျောက် လွှဲပြောင်းပေးရာ ရယူသူကဖြစ်စေ၊ ၎င်းအတွက်ဖြစ်စေ လက်ခံယူခြင်းဖြစ်သည်။ (ပစ္စည်းလွှဲပြောင်း ခြင်း ဥပဒေပုဒ်မ ၁၂၂)

**မည်သို့သော ပစ္စည်းကို ပေးကမ်းနိုင်သနည်း**

မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းသာမက ရွှေ့ပြောင်းနိုင် သည့် ပစ္စည်းကိုပါ မေတ္တာဖြင့် ပေးခြင်းပြုနိုင်သည်။ ဒြပ်ရှိသည့်ပစ္စည်းကိုသာ ပေးနိုင်သည်။ ထို့ပြင် ပေးကမ်းချိန်၌ ထိုပစ္စည်းသည် ရှိနေရမည်။ နောင်တစ်ချိန်တွင် ပေါ်ပေါက်လာမည့် သို့မဟုတ် ရရှိလာမည့်ပစ္စည်းကို ပေးကမ်းခြင်း မပြုနိုင်။ အလားတူပင် အတိအကျဖော်ပြခြင်း မပြုနိုင်သည့် ပစ္စည်းသည်လည်း မေတ္တာဖြင့် ပေးနိုင်သော ပစ္စည်းတစ်ရပ်မဖြစ်နိုင်။ (ပုဒ်မ ၁၂၂ နှင့် ၁၂၄)

**မေတ္တာဖြင့်ပေးခြင်းတွင် မည်သည့်အချက်များလိုပါသနည်း**

ပေးသူနှင့် လက်ခံသူရှိရမည်။ ပေးကမ်းသော ပစ္စည်းသည် လက်ရှိပစ္စည်းဖြစ်ရန် လိုသည်။ ပေးသူက မိမိအလိုအလျောက် အဖိုးစားနားမရှိဘဲ ပေးခြင်းဖြစ်ရမည်။ ပေးသူက မိမိပိုင်ပစ္စည်းကို လွှဲပြောင်းပေးရမည်။ ပေးသောပစ္စည်းကို လက်ခံသူက ပေးသူအသက်ရှင်ဆဲ ပေးနိုင်သည့် အခြေအနေရှိစဉ် လက်ခံရမည်၊ (၂၀၀၁ ခုနှစ်၊ မတစ၊ ၃၉၂)(၂၀၀၇ ခုနှစ်၊ မတစ၊ ၅၂)

"ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၂၂ တွင် "အပိုင်ပေးခြင်း" ဆိုသည်မှာ တည်ဆဲရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သောပစ္စည်းကို အပိုင်ပေးသူဟုခေါ်တွင် သူက အပိုင်ရသူဟုခေါ်တွင် သူသို့ အဖိုးစားနားမရှိဘဲ အလိုအလျောက်လွှဲပြောင်းပေးရာ အပိုင်ရ သူကဖြစ်စေ၊ ၎င်းအတွက်ဖြစ်စေ လက်ခံရယူခြင်းဖြစ်သည်" ဟုပြဋ္ဌာန်းထားရာ "အပိုင်ပေးခြင်း"တွင် တည်ဆဲပစ္စည်းကို ပေးကမ်းခြင်းနှင့် ပေးကမ်းခြင်းကို အပိုင်ရသူကဖြစ်စေ၊ ၎င်းအတွက်ဖြစ်စေ လက်ခံရယူခြင်းစသည့်အချက်များနှင့် ပြည့်စုံလျှင် အပိုင်ပေးခြင်းအထမြောက်သည်။ အပိုင်ပေးသော ပစ္စည်းသည် အပိုင်ပေးသူလက်ရှိဖြစ်ရမည်။ အပိုင်ပေးသော ပစ္စည်းကိုအပိုင်ရသူက လက်ရောက် ရရှိရမည်ဟု ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၂၂ ပါ ပြဋ္ဌာန်းချက်က မဆိုလိုကြောင်း ပေါ်လွင်သည်။ (၂၀၁၅ ခုနှစ်၊ မတစ၊ ၁၃၇)

မေတ္တာဖြင့်ပေးခြင်းကို ပေးသူအသက်ရှင်လျက်ရှိစဉ် ပစ္စည်းအားပေးနိုင်သည့် အခြေအနေ ရှိခိုက်ပေးမှသာ အထမြောက်သည်။ မေတ္တာဖြင့်ပေးခြင်း အထမမြောက်မီ ပေးသူသေဆုံးသွားလျှင် ပေးရာမရောက်နိုင်။ အလားတူပင် ပေးသူကပစ္စည်းကို ပေးနိုင်သည့်အခြေအနေ မရှိလျှင် မေတ္တာဖြင့်ပေးခြင်း အထမြောက်မည်မဟုတ်။ ဥပမာအားဖြင့် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ သေခါနီး ပေးကမ်းခြင်းသည် အတည်မဖြစ်သည့်အလျောက် ပေးသူက သေခါနီးဆဲဆဲသေမည်ဟု ယူဆပြီး ပစ္စည်းကို မေတ္တာဖြင့် မပေးနိုင်။ (၁၉၄၉ ခုနှစ်၊ မတစ၊ ၄၇၁ လွှတ်တော်)

**အပိုင်ပေးခြင်းကို လက်ခံကြောင်း ထင်ရှားရမည်**

အပိုင်ပေးသူဘက်မှ အပိုင်ပေးခြင်းကို လက်ခံသူဘက်မှ လက်ခံကြောင်း အပိုင်ပေး စာချုပ် ၌မပါ။ သို့သော် အပိုင်ပေးစာချုပ်ချုပ်ဆိုပြီးနောက် အပိုင်ရသူ အမည်သို့ ပြောင်းခြင်း၊ အပိုင်ရသူ အမည်ဖြင့် အခွန်အခကောက်ခံခြင်း၊ အပိုင်ရသူက အပိုင်ပေးပစ္စည်း၏ ငှားရမ်းခများနှင့် အကျိုးအမြတ်ခံစားခြင်းတို့အရ အပိုင်ပေးစာချုပ်ကို လက်ခံကြောင်း ကောက်ချက်ချနိုင်သည်ဟု ပြဆိုထား သည်။ (၁၉၄၉ ခုနှစ်၊ မတစ၊ ၃၃၈ လွှတ်တော်)

ဤစီရင်ထုံးပါ "acceptance of a gift" ဟူသော ပြဆိုချက်ကို ထောက်ချင့်ပါက ပုဒ်မ ၁၂၂ ပါ "accepted"သည် အပိုင်ပေးခြင်း၊ gift ကို လက်ခံခြင်းသာဖြစ်ကြောင်း ပေါ်လွင်သည်။ (၂၀၁၅ ခုနှစ်၊ မတစ၊ ၁၃၇)

**မည်သူတို့ကပေးနိုင်သနည်း**

ပစ္စည်းကိုပေးသူသည် ပစ္စည်းအား လွှဲပြောင်းပေးနိုင်သူဖြစ်ရမည်။ အရွယ်ရောက်ပြီးသူတိုင်း၊ ပဋိညာဉ်ပြုနိုင်သူတိုင်းသည် ပစ္စည်းကို မေတ္တာဖြင့် ပေးနိုင်သည်။ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေ (ပုဒ်မ ၇) ။

**မည်သူ့တို့ကလက်ခံနိုင်သနည်း**

အရွယ်ရောက်ပြီးသူဖြစ်စေ၊ အရွယ်မရောက်သေးသူဖြစ်စေ လက်ခံသူဖြစ်နိုင်သည်။ အတိအကျ သို့မဟုတ် အတိအကျသတ်မှတ်၍ရသည့် ပုဂ္ဂိုလ်ဖြစ်ရန် လိုသည်။ သို့မှသာ ထိုပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏ကိုယ်စား မေတ္တာဖြင့် ပေးခြင်းကိုလက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်မည်ဖြစ်သည်။ အသက်ရှိ မဟုတ်သည့် အသင်းအဖွဲ့၊ ဘုရားပုထိုးများ သည်လည်း လက်ခံသူဖြစ်နိုင်သည်။ အသင်း၏အမှုဆောင်အဖွဲ့၊ ဘုရားပုထိုး၏ ဂေါပကအဖွဲ့တို့သည် အသင်းအဖွဲ့၊ ဘုရားပုထိုး ကိုယ်စားပေးကမ်းသည့်ပစ္စည်းကို လက်ခံနိုင်သည်။ ငြင်းပယ်နိုင်သည်။

သတိပြုရန်အချက်မှာ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း (ကန့်သတ်မှု) ဥပဒေအရ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို နိုင်ငံခြားသားအား အပိုင်ပေးလျှင် တရားမဝင် ပျက်ပြယ်ကြောင်း သိရှိရန်လိုသည်။ (၁၉၇၅ ခုနှစ်၊ မတစ၊ စာ ၈၄) (၁၉၅၉ ခုနှစ်၊ မတစ ၁ လွှတ်တော်)

**အလိုအလျောက်ပေးခြင်းဖြစ်ရမည်**

မေတ္တာဖြင့်ပေးခြင်း အထမြောက်ရန်အလို့ငှာ အရေးကြီးသည့် လိုအပ်ချက်တစ်ရပ်မှာ ပေးသူသည် ရယူသူ သို့မဟုတ် အခြားသူတစ်ဦး၏ သွေးဆောင်ဖြားယောင်းမှု၊ အကျပ်ကိုင်မှု၊ မလျော်သြဇာအသုံးချမှု စသည်တို့ မပါဘဲ မိမိသဘောအတိုင်း အလိုအလျောက်ပေးရန်လိုသည်။

**အဖိုးစားနားမပါဘဲ ပေးခြင်းဖြစ်ရမည်**

မေတ္တာဖြင့် ပေးသည့်ကိစ္စတွင် ထူးခြားသည့်အချက်မှာ အဖိုးစားနား လုံးဝမပါခြင်းဖြစ်သည်။ အဖိုးစားနားဆိုသည်မှာ ငွေ သို့မဟုတ် ငွေနှင့်တန်ဖိုးဖြတ်၍ရသည့် ပစ္စည်းကို ဆိုလိုသည်။ အခြား အခြားသော ပစ္စည်းလွှဲပြောင်းမှုများတွင် အနည်းနှင့်အများဆိုသလို ပစ္စည်းအတွက် အဖိုးစားနား ပေးရသော်လည်း မေတ္တာဖြင့်ပေးရာ၌ အဖိုးစားနား လုံးဝပေးရန်မလို။

**အသိသက်သေနှစ်ဦး လက်မှတ်ထိုးရန်လိုသည်**

မေတ္တာဖြင့်ပေးသည့်စာချုပ်တွင် ပေးသူကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ကိုယ်စား လက်မှတ်ထိုးနိုင်သူကဖြစ်စေ၊ လက်မှတ်ရေးထိုးပြီး အနည်းဆုံးသက်သေနှစ်ဦးက အသိသက်သေအဖြစ် လက်မှတ်ထိုးရန်လိုသည်။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်ပါက ထိုကဲ့သို့ လက်မှတ်ရေးထိုးထားသည့် စာချုပ်ကို မှတ်ပုံတင်ပြီးမှသာ မေတ္တာဖြင့်ပေးခြင်း အထမြောက်သည်။ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း ဖြစ်ပါမူ မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ဖြစ်စေ၊ လက်ရောက်ပေးအပ်ခြင်းဖြင့်ဖြစ်စေ ပြုလုပ်နိုင်သည်။ (၁၉၆၆ ခုနှစ်၊ မတစ၊ ၇၅၅) (၁၉၄၈ ခုနှစ်၊ မတစ၊ ၇၁၇) (၁၉၉၅ ခုနှစ်၊ မတစ၊ ၈၄)

**မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် မေတ္တာဖြင့်ပေးခြင်း သဘောအဓိပ္ပာယ်**

ပစ္စည်းကို မေတ္တာဖြင့်ပေးခြင်းသည် သာမန်အားဖြင့် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ၊ ပဋိညာဉ် ဥပဒေတို့နှင့်သာ သက်ဆိုင်သည်။ သို့ရာတွင် ထိုကဲ့သို့ မေတ္တာဖြင့်ပေးခြင်းသည် ဘာသာရေး၊ ထိမ်းမြားလက်ထပ်ရေး၊ အမွေဆက်ခံရေးတို့နှင့်ပတ်သက်လာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ အရ ခိုင်မာခြင်း ရှိ မရှိ ညှိနှိုင်းဆုံးဖြတ်ရသည်။ ရှင်ပြုချိန် ပေးကမ်းခြင်းသည် ဘာသာရေးနှင့် သက်ဆိုင်မည်ဖြစ်သည်။ [အတွဲ ၂ အထက်မြန်မာပြည် စီရင်ထုံး (၁၉၀၂-၀၃) ၁]

ဘိုးဘွားများက မြေးများကို မေတ္တာဖြင့်ပေးခြင်းသည် အမွေဆက်ခံခြင်းနှင့် သက်ဆိုင်သည်။ ဘိုးဘွားများ သေဆုံးသည့်အခါ မြေးများသည် ၎င်းတို့၏ဦးကြီး၊ ဦးလေးတို့နှင့် ယှဉ်ပြိုင်၍ အမွေခွဲရာ၌ မနစ်နာစေရန် ဘိုးဘွားများက အမွေပေးခဲ့ခြင်းဖြစ်သည်။ [အတွဲ ၃ အထက်မြန်မာပြည် စီရင်ထုံး (၁၉၁၇-၂၀)၂၂၈]

မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကိုပေးသူက ဘုန်းကြီးတစ်ပါးအား လှူဒါန်းရာ လှူဒါန်းသည့် စာချုပ်၌ ပေးသူကွယ်လွန်ပြီးနောက် ပစ္စည်းကိုရောင်းချ၍ ရောင်းရငွေဖြင့် ဖော်ပြထားသည့်ကိစ္စများဆောင်ရွက်ပေးရန် စည်းကမ်းချက်များပါရှိသည်။ ထိုမေတ္တာဖြင့်ပေးသော စာချုပ်မှာ အမှန်အားဖြင့် သေတမ်းစာဖြစ်၍ မြန်မာဗုဒ္ဓဘာသာဝင်တို့အနေဖြင့် ပြုလုပ်ခွင့်မရှိ။ (အတွဲ ၅၊ ရန်ကုန် ၃၇၁)

တစ်နည်းဆိုရသော် ပေးသူသေဆုံးပြီးမှသာ မေတ္တာဖြင့်ပေးသည့် စာချုပ်သည် အတည်ဖြစ်သည့်သဘောသက်ရောက်လျှင် ပေးသူသည် သေတမ်းစာရေးသားရာရောက်သဖြင့် မြန်မာဗုဒ္ဓဘာသာဝင်များ အနေဖြင့် ပြုလုပ်ခွင့်မရှိ။ (အတွဲ ၁၀ ရန်ကုန် ၂၂၄)

**သေခါနီးဆဲဆဲ မေတ္တာဖြင့်ပေးခြင်း**

ပစ္စည်းကို မေတ္တာဖြင့်ပေးသူသည် အသက်ရှင်ရန်မျှော်လင့်ချက်လုံးဝမရှိဘဲ သေခါနီးဆဲဆဲ အိပ်ရာပေါ်၌ လဲနေချိန်တွင် မိမိ၏သဘောအတိုင်း ပစ္စည်းကို ရယူသူအား လွှဲပြောင်းပေး ခြင်းကို သေခါနီးဆဲဆဲပေးခြင်းဟုခေါ်သည်။ (၁၉၄၆ ခုနှစ်၊ ရန်ကုန်စီရင်ထုံး ၁၃၉)

သေခါနီးဆဲဆဲ မေတ္တာဖြင့်ပေးခြင်းမှာ စင်စစ်အားဖြင့် ပေးသူသည် ၎င်းသေဆုံးသည့်အခါမှ ပေးရန်ရည်ရွယ်၍ ပြုလုပ်သည်ဟုကောက်ယူရမည်ဖြစ်၍ သေတမ်းစာပြုလုပ်သည့် နည်းလမ်းတစ်ခုဖြစ်သည်ဟု ယူဆရမည်။ မြန်မာဗုဒ္ဓဘာသာများတွင် သေတမ်းစာပြုလုပ်ပြီး မိမိ၏ ပစ္စည်းကို ခွဲဝေပေးကမ်းခွင့်မရှိ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကို ချိုးဖောက်ရာရောက်သဖြင့် အတည်မဖြစ်နိုင်။ (အတွဲ ၁၀ ရန်ကုန် ၂၂၄)

**သေတမ်းစာ**

သေတမ်းစာဆိုသည်မှာ ပစ္စည်းရှင်က မိမိကွယ်လွန်သောအခါ မိမိ၏ပစ္စည်းကို မည်သို့ မည်ပုံစီမံခန့်ခွဲလိုကြောင်းနှင့် ၎င်း၏ရည်ရွယ်ချက်ကို ဖော်ထုတ်ထားသည့် တရားဝင်ကြေညာ စာတမ်းဖြစ်သည်။ (၂၀၀၁ ခုနှစ်၊ မတစ၊ ၃၉၂)

**သေတမ်းစာပြုလုပ်၍ မေတ္တာဖြင့်ပေးခြင်း**

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မြန်မာဗုဒ္ဓဘာသာဝင်များသည် သေတမ်းစာရေးသားခွင့်မရှိဆိုသောအချက်မှာ ယနေ့အထိ အခိုင်အမာ အတည်ဖြစ်လျက်ရှိသည်။ (အောက်မြန်မာပြည် ရွေးချယ်ထားသည့် စီရင်ထုံးများ ၉၅)

သို့ရာတွင် မြန်မာဗုဒ္ဓဘာသာဝင် အချို့သည် ထိုဥပဒေသဘောတရားကို ရှောင်တိမ်းလိုသည့်သဘောဖြင့် သေတမ်းစာအဖြစ် အကျိုးသက်ရောက်သည့် မေတ္တာဖြင့်ပေးသော စာချုပ်စာတမ်းများ ချုပ်ဆိုကြသည်ကို တွေ့ရသည်။ မိခင်ဖြစ်သူက သားသမီးငါးဦးရှိသည့်အနက် သုံးဦးအား မြေကိုမေတ္တာဖြင့် ပေးသည့် စာချုပ်ချုပ်ဆိုခဲ့ရာ ထိုစာချုပ်တွင် မိခင်သေဆုံးမှသာ မေတ္တာဖြင့်ပေးခြင်း အတည်ဖြစ်သည်ဆိုသော စည်းကမ်းချက်ပါရှိနေသဖြင့် ထိုစာချုပ်သည် စင်စစ်မေတ္တာဖြင့် ပေးသောစာချုပ်မဟုတ်ဘဲ သေတမ်းစာသာဖြစ်သည့်အလျောက် ဥပဒေနှင့်ကိုက်ညီခြင်းမရှိ။ (အတွဲ ၁ ရန်ကုန် ၃၅၁)

**မည်သည့်အတိုင်းအတာအထိ ပေးနိုင်သနည်း**

လူတစ်ဦးသည် မိမိပိုင်ဆိုင်သော ပစ္စည်းကို မိမိ၏ဆန္ဒအလျောက် မေတ္တာဖြင့် ပေးခွင့်ရှိသည်ဆိုခြင်းမှာ အခြေခံသဘောတရားပင်ဖြစ်သည်။ သို့ရာတွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မြန်မာဗုဒ္ဓဘာသာဝင်တစ်ဦးသည် မိမိ၏အမွေစား အမွေခံများ၏ အခွင့်အရေးကို ဆုံးရှုံးနစ်နာ အောင် မိမိတွင်ရှိသမျှ ပစ္စည်းအားလုံးကို မေတ္တာဖြင့်ပေးခြင်းမပြုနိုင်။ (၁၉၄၉ ခုနှစ်၊ မတစ၊ ၄၇၁)။ ပေးလျှင်ပျက်ပြယ်သည်။ (၁၉၈၃ ခုနှစ်၊ မတစ၊ ၁၉၁) (၁၉၉၁ ခုနှစ်၊ မတစ၊ ၁၄၉ စုံညီ)

ရာဇသတ်၊ ဓမ္မသတ်နှင့် မနုကျယ်ဓမ္မသတ်တို့တွင် ကြက်မကြီးသည် ရှာဖွေခဲ့သော အစာများကို ကြက်သူငယ်များအနက် တစ်ကောင်တည်းကိုသာ ပေးငြားသော် ကြက်သူငယ်တို့ လုယက် စားသောက်ကြမည်ဖြစ်၍ မသင့်လျော်သည့်နည်းတူ အမွေရှင်က အမွေဆိုင်တစ်ဦးတည်းကိုသာ စုပုံ၍ပေးခြင်းမပြုရ။ ပေးခဲ့သော် အတည်မဖြစ်စေရဟု ဖော်ပြထားသည်မှာ မှတ်သားစရာပင်။

ဇနီးနှင့်ခင်ပွန်းနှစ်ဦးပိုင်ပစ္စည်းများကို ခင်ပွန်းကဖြစ်စေ၊ ဇနီးကဖြစ်စေ ခင်ပွန်း သို့မဟုတ် ဇနီးသည်၏ သဘောတူညီချက်မရှိဘဲ မေတ္တာဖြင့်ပေးလျှင် ပေးသည့် ပစ္စည်း၌ ပေးသူ၏အကျိုးခံစားခွင့်ရှိသော အစုအတွက်သာ အတည်ဖြစ်သည်။ သဘောတူညီချက်မပေးသည့် ခင်ပွန်း သို့မဟုတ် ဇနီးသည်၏ အကျိုးခံစားခွင့် ထိခိုက်ခြင်းမရှိ။ (အတွဲ ၁၀ ရန်ကုန် ၂၆၁ နှင့် အတွဲ ၉ ရန်ကုန် ၅၂၄)

**မေတ္တာဖြင့်ပေးခြင်း ဟုတ် မဟုတ် မည်သို့စိစစ်မည်နည်း**

စာချုပ်တစ်ခုသည် မေတ္တာဖြင့်ပေးသည့် စာချုပ်ဖြစ်ပါသလော၊ ရောင်းချသည့်စာချုပ်ဖြစ်ပါ သလောဆိုသည့် ပြဿနာကို ဆုံးဖြတ်ရာ၌ စာချုပ်ပါစကားရပ်များသာမက ထိုစာချုပ်ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင် အထောက်အထားများကို စိစစ်ရန်လိုမည်ဖြစ်သည်။ စာချုပ်တွင် ဖော်ပြထားသည့်စကားရပ်သည် နှစ်ဦးနှစ်ဘက်သဘောတူထားကြသည့်အတိုင်း ရည်ရွယ်ထားကြသည့်အတိုင်း ဖြစ်ချင်မှဖြစ်မည်။ သို့ဖြစ်ရာ မေတ္တာဖြင့်ပေးသည်ဟု စာချုပ်၌ ဖော်ပြထားစေကာမူ စင်စစ်အားဖြင့် မေတ္တာဖြင့် ပေးခြင်းမဟုတ်ဘဲ ရောင်းချခြင်းသာဖြစ်နိုင်သည်။ မေတ္တာဖြင့်ပေးခြင်းနှင့် ရောင်းချ ခြင်းတို့၏ အဓိကကွာခြားချက်မှာ ရောင်းချခြင်းတွင် ရောင်းချသည့် ပစ္စည်းအတွက် အဖိုးစားနား ပေးခြင်း၊ ပေးရန်ကတိပြုခြင်းရှိပြီး မေတ္တာဖြင့်ပေးခြင်းတွင် ပေးသည့်ပစ္စည်းအတွက် လုံးဝအဖိုးစားနား မရှိခြင်းဖြစ်သည်။ (၁၉၆၁ ခုနှစ်၊ မတစ၊ ၃၉၅ လွှတ်တော်)

**အစဉ်အလာကောင်းကို ထိန်းသိမ်းစောင့်ရှောက်ကြပါ**

မေတ္တာဖြင့်ပေးကမ်းခြင်းပြုကြရာတွင် ပြဋ္ဌာန်းဥပဒေများ၊ ဓလေ့ထုံးတမ်းဥပဒေများနှင့်အညီဖြစ်စေရေး အတွက် ဖော်ပြပါစီရင်ထုံးများကို လေ့လာမှတ်သားသင့်သည်။ ဤသည်မှာ အညွှန်းသဘောမျှသာဖြစ်သည်။ စီရင်ထုံးအကျယ်ဖတ်ရန် လိုပါမည်။ ဆောင်သင့်တာဆောင်၍ ရှောင်သင့်တာရှောင်ရပါမည်။ လိုက်နာသင့်သည်များ လိုက်နာရပါမည်။ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် ဥပဒေစိုးမိုးမှုဖြစ်စေသည်။ မိမိ၏ရည်မှန်းချက်အထမြောက်မည်။

မေတ္တာဖြင့် ပေးကမ်းခြင်းပြုရာတွင် စေတနာသဒ္ဓါတရားထက်သန်မှု၊ ရက်ရက်ရောရော ရှိမှုတို့သည် လေးစားထိုက်၊ ဂုဏ်ယူထိုက်၊ မြတ်နိုးထိုက်သည့် အစဉ်အလာကောင်း တစ်ရပ် ဖြစ်သည်။ ထိုအစဉ်အလာကောင်း တစ်ရပ်ကို ပြုမူဆောင်ရွက်ကြရာတွင် ပြဋ္ဌာန်းဥပဒေ၊ ဓလေ့ထုံးတမ်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြပါစို့ဟု ဆန္ဒပြုလိုက်ပါရစေ။

# လက်တုံ့ပြန်မယ့်အမုန်းတရားတွေနဲ့ အာနိုးရှာဝါဇင်နေဂါ



မြန်မာရုပ်ရှင်ချစ်ပရိသတ်တွေအနေနဲ့ အာနိုးလို့ ခေါ်ဝေါ်ကြတဲ့ မင်းသားကြီး အာနိုးရှာဝါဇင်နေဂါ ခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်ရှင်"Aftermath" ကို အစမ်းထုတ်လွှင့်ပြသခဲ့ရာမှာတော့ အဆိုပါ ရုပ်ရှင်မှာ ပါဝင်တဲ့ မင်းသားကြီးရဲ့ဇာတ်ကောင်ဟာ အမုန်းတရားတွေနဲ့ ပြည့်နေသူတစ်ဦးဖြစ်ပြီး ရန်သူကို လက်တုံ့ပြန်လိုသူတစ်ဦးဖြစ်နေတာကို တွေ့မြင်ခဲ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာမီက ထုတ်လွှင့်ပြသခဲ့တဲ့ "Aftermath (2017)"ရဲ့ အစမ်းရုပ်ရှင်မှာတော့ အာနိုးရှာဝါဇင်နေဂါဟာ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ ရိုမန်နေရာက ပါဝင်ထားတာဖြစ်ပြီး ရိုမန်ရဲ့ ဇနီးနဲ့ သမီးဖြစ်သူတို့ဟာ လေယာဉ်ပျက်ကျမှုတစ်ခုအတွင်း သေဆုံးခဲ့ကြတာကြောင့် သေဆုံးစေခဲ့သူဆီက တောင်းပန်စကားကို လိုချင်ခဲ့ပေမယ့် မရရှိခဲ့တဲ့အတွက် လက်တုံ့ပြန်ဖို့ ဆုံးဖြတ်လိုက်တာကို တွေ့မြင်ခဲ့ကြရပါတယ်။

ဗီတယ်လီကော်ရှိုင်ယီလို့အမည်ရတဲ့ ရုရှလူမျိုးတစ်ဦးရဲ့ မိသားစုဝင်တွေဟာ လေကြောင်းကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့ရဲ့မှားယွင်းမှုကြောင့် ပျက်ကျခဲ့ရတဲ့ လေယာဉ်ပေါ်မှာ ပါသွားကြပြီး အသက်ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။ အဆိုပါဖြစ်ရပ်အပေါ် အခြေခံကာ ဖန်တီးထားတဲ့ "Aftermath" ဟာ ဖြစ်ရပ်မှန်ပေါ် အခြေခံထားတဲ့ ရုပ်ရှင်တစ်ကားလို့လည်း ဆိုနိုင်ပါတယ်။ ယင်းရုပ်ရှင်မှာ မင်းသားကြီး အာနိုးအပြင် မက်ဂီဂရေ့စ်၊ မာတင်ဒွန်နိုဗန်၊ ကေဗင်နဲဇက်ဂါစ်နဲ့ ဂလန်းမော်ရှာဝါအစရှိတဲ့ ဟောလိဝုဒ်သရုပ်ဆောင်များစွာ ပါဝင်အားဖြည့်ထားကြောင်းလည်း သိရပါတယ်။

အဆိုပါရုပ်ရှင် "Aftermath" ကို လာမယ့် ဧပြီ ၇ ရက်ကစတင်ပြီး အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်သွားမှာဖြစ်ပြီး "Video On Demand" ကနေတစ်ဆင့်လည်း ကူးယူကြည့်ရှုနိုင်မှာဖြစ်ကြောင်း သိရပါတယ်။

**အေးပြည့် ရေးသားသည်**



# ခွဲစိတ်ကုသမှုတွေ ခံယူခဲ့ရပြီးနောက် ကောင်းမွန်လာပြီဖြစ်တဲ့ မွန်ဂွန်ယောင်း

တောင်ကိုရီးယားရဲ့ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ်မှသည် အောင်မြင်တဲ့ ဇာတ်ဆောင်မင်းသမီးတစ်ဦးအဖြစ် တက်လှမ်းနိုင်ခဲ့တဲ့ မင်းသမီး မွန်ဂွန်ယောင်းဟာ ကျန်းမာရေးပြဿနာကြောင့် ဆေးရုံတက်ရောက်ခဲ့ရပြီး အရေးပေါ်ခွဲစိတ်မှု သုံးကြိမ်ခံယူခဲ့ရပြီးနောက် ကျန်းမာရေးအထိုက်အလျောက်ပြန်လည်ကောင်းမွန်လာခဲ့ပြီဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ မွန်ဂွန်ယောင်းဟာ ဆေးရုံက ဆင်းခွင့်ရခဲ့ပြီဖြစ်ပေမယ့် နောက်ထပ် ခွဲစိတ်ကုသမှုတွေ ခံယူနိုင်ရဖွယ်ရှိနေသေးကြောင်းလည်း သိရပါတယ်။ ဒါ့ကြောင့် မွန်ဂွန်ယောင်းဟာ သူပါဝင်ကပြဖို့စီစဉ်ထားခဲ့တဲ့ "Romeo and Juliet" ပြဇာတ်ကိုလည်း ကပြနိုင်ခြင်းမရှိတော့ကြောင်းနဲ့ သူ့ရဲ့ဖျော်ဖြေမှုကို အကြာကြီးစောင့်ဆိုင်းခဲ့ရတဲ့ ပရိသတ်တွေကို ဒီလိုဖျက်သိမ်းရတဲ့အတွက် အလွန်ဝမ်းနည်းမိကြောင်းနဲ့ အနူးအညွတ်တောင်းပန်ပါကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

မွန်ဂွန်ယောင်းဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂ ရက်က သူ့ရဲ့ ညာဘက်လက်မောင်းမှာ အလွန်စူးရှနာကျင်တဲ့ ဝေဒနာကိုခံစားခဲ့ရပြီး နောက်တစ်နေ့မှာ ဆေးရုံတက်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုပြင်းထန်တဲ့နာကျင်မှုမျိုးကို ခံစားရတဲ့အတွက် အရေးပေါ်ခွဲစိတ်မှုခံယူခဲ့ရကာ လတ်တလောမှာ သုံးကြိမ်မြောက်ခွဲစိတ်မှုအပြီးမှာတော့ ပြန်လည်ကောင်းမွန်လာခဲ့ပေမယ့် နောက်ထပ်ခွဲစိတ်မှု ခံယူနိုင်ရဖွယ်အခြေအနေမှာ ရှိနေသေးတာဖြစ်ကြောင်းလည်း သိရပါတယ်။

# အမြွှာလေးတွေကို ပထမဆုံးအကြိမ်လူမှုကွန်ရက်မီဒီယာပေါ် ခေါ်ဆောင်လာခဲ့တဲ့ မက်ဒေါနား

မကြာသေးမီကမှ အမြွှာညီအစ်မလေးနှစ်ဦးကို ထပ်မံမွေးစားလိုက်တဲ့ ပေါ့ပ်အဆိုတော် မက်ဒေါနားက အဆိုပါကလေးငယ်လေးတွေကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ ပထမဆုံးအကြိမ်အဖြစ် ထုတ်ဖော်ပြသခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မော်လဝီနိုင်ငံသူလေးတွေဖြစ်ကြတဲ့ အမြွှာညီအစ်မနှစ်ဦးကို အဆိုတော်မက်ဒေါနားက တရားဝင်မွေးစားလိုက်ပြီဖြစ်ကာ ယင်းကလေးငယ်နှစ်ဦးနဲ့အတူ ကျေးလက်ဒေသတစ်ခုမှာ ပျော်ရွှင်နေတဲ့ သူ့ရဲ့ ပုံရိပ်တွေပါဝင်တဲ့ ဓာတ်ပုံ



တစ်ပုံကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၈ ရက်မှာ မက်ဒေါနားက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြခဲ့တာဖြစ်ပါတယ်။

မက်ဒေါနားက "ကျွန်မအနေနဲ့ လတ်တလောမှာ မော်လဝီနိုင်ငံသူ အမြွှာလေးနှစ်ဦးကို တရားဝင်မွေးစားဖို့ လုပ်ဆောင်တာတွေ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလိုက်ပါပြီ။ အခုသူတို့လေးတွေဟာလည်း ကျွန်မရဲ့ မိသားစုဝင်တွေဖြစ်လာတဲ့အတွက် အလွန်ပဲဝမ်းသာပျော်ရွှင်မိပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် ယခုလို အသက် လေးနှစ်အရွယ် အမြွှာညီအစ်မလေးနှစ်ဦးကို မွေးစားခွင့်ရဖို့ ဆောင်ရွက်ရာမှာ ပါဝင်ကူညီခဲ့ကြတဲ့ မော်လဝီနိုင်ငံသားတွေကို ကျေးဇူးတင်ရှိကြောင်း၊ ယခုလို နိုင်ငံရဲ့အကူးအပြောင်းကာလမှာ သူ့ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်အတွက် လေးစားပေးဖို့ကိုလည်း မီဒီယာတွေကို တောင်းဆိုပါကြောင်းနဲ့ သူ့ကိုအားပေးကြတဲ့ မိသားစုဝင်တွေ၊ သူငယ်ချင်းတွေနဲ့ ပရိသတ်တွေအားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း လတ်တလောမှာ အသက်(၅၈)နှစ်ရှိပြီဖြစ်တဲ့ မက်ဒေါနားက ဖွင့်ဟပြောကြားခဲ့ပါတယ်။

ယခုလို မော်လဝီနိုင်ငံက ကလေးငယ်လေးတွေကို ခေါ်ယူမွေးစားခဲ့ခြင်းဟာ မက်ဒေါနားအတွက် ပထမဆုံးအကြိမ်တော့မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်က ဒေးဗစ်ဘန်ဒါလို့အမည်ရတဲ့ ယောကျ်ားလေးတစ်ဦးကို မွေးစားခဲ့ကာ ၂၀၀၉ ခုနှစ်အတွင်းမှာလည်း မာစီဂျိမ်းစ်လို့အမည်ရတဲ့ မိန်းကလေးတစ်ဦးကို မော်လဝီနိုင်ငံကနေ ခေါ်ယူမွေးစားခဲ့ကြောင်းလည်း သိရပါတယ်။ မွေးစားကလေးတွေအပြင် မက်ဒေါနားမှာ သားဖြစ်သူ ရော့်ခ်ကိုနဲ့ သမီးဖြစ်သူ လော်ဒီးစ်တို့လည်းရှိတာကြောင့် လတ်တလောမှာ မက်ဒေါနားဟာ ကလေးခြောက်ဦးရဲ့ မိခင်ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

## ကြေးမုံ ရုပ် ရှင် အ ညွှန်း

# ယခုတစ်ပတ်တွင် လျှို့ဝှက်သည်းဖိုနဲ့ အက်ရှင်ဇာတ်ကားသစ်တွေကို ခံစားနိုင်ကြမည်ဖြစ်

ဒီတစ်ပတ်မှာတော့ လျှို့ဝှက်သည်းထိတ်ရင်ဖိုနဲ့ လှုပ်လှုပ်ရှားရှား အက်ရှင်ဇာတ်ကားတွေကိုမှ ကြိုက်နှစ်သက်တဲ့ ပရိသတ်တွေ အကြိုက်တွေ့စေမှာပါ။ အကြောင်းမှာ ဒီတစ်ပတ်ရုံတင်မယ့်နိုင်ငံခြားဇာတ်ကားသစ်တွေအားလုံးနီးပါးဟာ အဲဒီလိုဇာတ်ကားတွေဖြစ်နေလို့ပါပဲ။ ဒီတစ်ပတ်မှာ ပရလောကက လျှို့ဝှက်ဆန်းကြယ်ကျိန်စာတစ်ခုနဲ့ ပတ်သက်မိပြီး အဲဒီကျိန်စာကနေ ချစ်သူကို ကယ်တင်ဖို့ကြိုးစားခဲ့သူ ဂျူလီယာအကြောင်း ပုံဖော်ထားတဲ့ Rings ဇာတ်ကား၊ အက်ရှင်ဇာတ်လမ်း ခပ်ကြမ်းကြမ်းတွေကိုမှ နှစ်သက်သူ ပရိသတ်ကြီးအတွက် John Wick: Chapter 2 ဇာတ်ကားနဲ့ ကွန်ပျူတာအထူးပြုလုပ်ချက်တွေနဲ့ ရင်သပ်ရှုမောဖွယ်ဖန်တီးထားတဲ့ Monster Truck ဇာတ်ကားတို့ ရုံတင်မှာဖြစ်ပါတယ်။

ပထမဆုံးအနေနဲ့ Rings ဇာတ်ကားလေးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ ဒီဇာတ်ကားလေးဟာ Rings ဇာတ်လမ်းတွဲရဲ့ တတိယမြောက်ဇာတ်ကားဖြစ်ပြီး အီတလီက မော်ဒယ်နဲ့မင်းသမီးတစ်ဦးဖြစ်သူ မာလ်တီအယ်လ်လုဇ်၊ အမေရိကန်မင်းသား ဂျွန်နီဂယ်လကီ၊ အဲလက်စ်ရိုးတို့က အဓိကပါဝင်သရုပ်ဆောင်ထားကြပါတယ်။ Rings ဇာတ်ကားမှာ အရမ်းချစ်တဲ့ ချစ်သူနှစ်ဦးဖြစ်တဲ့ ဂျူလီယာနဲ့ ဟော့ထ်တို့က အဓိကဇာတ်ကောင်တွေဖြစ်ကြပြီးတော့ ကျိန်စာသင့်နေတဲ့ ကြောက်မက်ဖွယ်ဗီဒီယိုကို ကြည့်တဲ့သူတိုင်း အသက်အန္တရာယ်ကြုံရတဲ့ ကျိန်စာထဲကနေ ချစ်သူ ဟော့ထ်ကို ဂျူလီယာက ဘယ်လိုကယ်တင်မလဲဆိုတာကို သည်းထိတ်ရင်ဖိုခံစားနိုင်မယ့် ဇာတ်ကားတစ်ကားပါ။ Rings ဇာတ်ကားကို မင်္ဂလာ(၁)သိမ်ကြီးဈေး၊ မင်္ဂလာ(၂)၊ ဒဂုံစင်တာ-၂ မြေနီကုန်း၊ ရွှေ့ဆောင်၊ မင်္ဂလာ(ဂမုန်းပွင့်)၊ မင်္ဂလာဒိုင်းမွန်းနဲ့ မင်္ဂလာထွန်းသီရိ ရုပ်ရှင်ရုံတို့မှာ ယနေ့ စတင်ပြသမှာဖြစ်ပါတယ်။

နောက်ထပ် မိတ်ဆက်ပေးချင်တဲ့ဇာတ်ကားကတော့ အက်ရှင်ဇာတ်ကား John Wick: Chapter 2 ပဲဖြစ်ပါတယ်။ ဒီဇာတ်ကားဟာ ၂၀၁၄ ခုနှစ်က ထွက်ရှိခဲ့တဲ့ John Wick ရဲ့ နောက်ဆက်တွဲဇာတ်ကားဖြစ်ပြီးတော့ မင်းသား ခီယာနူရီးဗ်စ်ပဲ ပြန်လည်ပါဝင်ထားပါတယ်။ ဇာတ်လိုက် John Wick ဟာ လူတွေကို လုပ်ကြံသတ်ဖြတ်တဲ့ အဖွဲ့အစည်းတစ်ခုကနေ မိမိသဘောနဲ့နုတ်ထွက်ခဲ့ပြီး သွေးသစ္စာကြောင့် အဖွဲ့အစည်းက လိုအပ်ချိန်မှာ ပြန်လည် ကူညီရပါတယ်။ အီတလီနိုင်ငံ ရောမမြို့မှာ ကမ္ဘာ့ကြောက်စရာအကောင်းဆုံးလူသတ်သမားတွေပါဝင်နေတဲ့ လျှို့ဝှက်အဖွဲ့အစည်းနဲ့ သူသေကိုယ်သေယှဉ်ပြိုင်တိုက်ခိုက်ရပုံကို စိတ်ဝင်စားဖွယ် ကြည့်ရှုခံစားနိုင်မယ့် အက်ရှင်ဇာတ်ကား တစ်ကားဖြစ်ပါတယ်။ John Wick: Chapter 2 ကို နေပြည်တော်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)၊ မင်္ဂလာဒိုင်းမွန်းနဲ့ ပဲခူးနဲ့ မကွေးမြို့မှာရှိတဲ့ မင်္ဂလာ ရုပ်ရှင်ရုံတွေမှာ ရုံတင်ပြသပေးမှာဖြစ်ပါတယ်။

ဒါ့အပြင် Monster Truck လို့ အမည်ရတဲ့ အန်နီမေးရှင်းဇာတ်ကားလေးကိုတော့ နေပြည်တော်ရုပ်ရှင်ရုံနဲ့ တောင်ငူမြို့မှာရှိတဲ့ New 3D cinema ရုပ်ရှင်ရုံတို့မှာ ရုံတင်ပြသပေးသွားမှာဖြစ်ပါတယ်။

မြန်မာဇာတ်ကားတွေအနေနဲ့ကတော့ ပြသဆဲဇာတ်ကားတွေဖြစ်တဲ့ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)ရဲ့လက်ရာ ဟန်နီးမွန်းဇာတ်ကားနဲ့ မကွေးမြို့မှာ ဘွန်ဘောကြက်သူခိုးမြန်မာဇာတ်ကားတို့ကို ရုံတင်ပြသပေးမှာဖြစ်ပါကြောင်း ရုပ်ရှင်သတင်းကောင်းပါးလိုက်ရပါတယ်။

**ဖြိုးစန္ဒာမြင့်**



John Wick: Chapter 2 မှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

**NEW MOTION** TRAVELS & TOURS
ESCAPE FROM EVERYDAY LIFE

ဈေးလျှော့သက်သာ အထူးဆောင်ခရီးစဉ်များ

မန္တလေးမှထွက်မည့် ခရီးစဉ်များ

| | |
|---|---|
| ဂျပန် | – ဧပြီ (၁၁ – ၂၀) |
| ကိုရီးယား | – ဧပြီ (၁၁ – ၂၀) |
| စင်္ကာပူ | – ဧပြီ (၁၃ – ၁၈) |
| စင်္ကာပူ–မလေးရှား | – ဧပြီ (၁၂ – ၁၉) |
| ဘန်ကောက် | – ဧပြီ (၁၂ – ၁၇) |
| ဖူးခက် | – ဧပြီ (၁၃ – ၁၇) |
| ဘန်ကောက်–ဖူးခက် | – ဧပြီ (၁၂ – ၁၈) |
| အရှေ့ဥရောပမြို့ကြီး | – ဧပြီ (၁၂ – ၁၉) |

Call Now!



ရန်ကုန်မှထွက်မည့် ခရီးစဉ်များ

| | |
|---|---|
| အမေရိကား | – ဧပြီ (၁၀ – ၂၈) |
| | – ဧပြီ (၁၁ – ၂၇) |
| ဥရောပ | – ဧပြီ (၁၀ – ၂၄) |
| ဩစတြေးလျ | – ဧပြီ (၁၀ – ၂၀) |
| အင်္ဂလန် | – ဧပြီ (၁၁ – ၂၄) |
| စပိန်–ပေါ်တူဂီ | – ဧပြီ (၁၀ – ၂၁) |
| ဂရိ | – ဧပြီ (၁၁ – ၁၉) |
| အရှေ့ဥရောပမြို့ကြီး | – ဧပြီ (၁၂ – ၁၉) |
| ဟောင်ကောင် | – ဧပြီ (၁၂ – ၁၇) |
| ဟောင်ကောင်–တရုတ် | – ဧပြီ (၁၃ – ၂၀) |
| ဂျပန် | – ဧပြီ (၁၂ – ၂၁) |
| ဂျပန်(ဟိုကိုင်းဒိုး) | – ဧပြီ (၁၃ – ၂၁) |
| ဆီဒနီ | – ဧပြီ (၁၂ – ၁၈) |
| ဗုဒ္ဓဂါယာ | – ဧပြီ (၁၃ – ၂၀) |
| ကိုရီးယား | – ဧပြီ (၁၁ – ၂၀) |
| ဒူဘိုင်း | – ဧပြီ (၁၂ – ၁၈) |
| ဘူတန် | – ဧပြီ (၁၂ – ၁၉) |
| ထိုင်ဝမ် | – ဧပြီ (၁၄ – ၂၀) |
| စင်္ကာပူ | – ဧပြီ (၁၂ – ၁၆) |
| | – ဧပြီ (၁၃ – ၁၇) |
| စင်း–မလေး | – ဧပြီ (၁၁ – ၁၈) |
| စင်း–ဘာလီ | – ဧပြီ (၁၂ – ၁၉) |
| ဘာလီ | – ဧပြီ (၁၂ – ၁၈) |
| ဖူးခက် | – ဧပြီ (၁၃ – ၁၇) |
| ဘန်ကောက် | – ဧပြီ (၁၂ – ၁၇) |
| ကမ္ဘောဒီးယား | – ဧပြီ (၁၂ – ၁၉) |
| ဘန်ကောက်–ဖူးခက် | – ဧပြီ (၁၂ – ၁၈) |
| ဗီယက်နမ် (ဟနွိုင်း) | – ဧပြီ (၁၂ – ၁၆) |
| (ဒါနန်း) | – ဧပြီ (၁၃ – ၁၈) |
| (ဒါနန်း) | – ဧပြီ (၁၂ – ၁၇) |
| ဗီယက်နမ်–ကမ္ဘောဒီးယား | – ဧပြီ (၁၂ – ၁၉) |
| ဘန်ကောက်–ကမ္ဘောဒီးယား | – ဧပြီ (၁၃ – ၁၈) |

Feb & March!

| | |
|---|---|
| ဗုဒ္ဓဂါယာ | – Mar 02-09 |
| ဘန်ကောက် | – Feb 24-28 |
| ဖူးခက် | – Mar 24-28 |
| ဗီယက်နမ် | – Feb 24-27, Mar 17-20, Mar 24-28 |
| စင်္ကာပူ | – Feb 24-28, Mar 17-21 |

YANGON : No. 20, Ground Floor, Kyun Taw Road, Sanchaung Tsp, Yangon. Tel : 09-73148944~55~66, 09-260792885~6~7
MANDALAY : No. 234, 33rd Street. Between 81st x 82nd Street. Tel : 09-91021122, 43147879, 259033443

မြန်မာနိုင်ငံ၏ အကြီးကျယ်ဆုံး ကလေးအသုံးအဆောင်ပစ္စည်းများ
အရောင်းပြပွဲကြီး KIDS FAIR ခုတိယအကြိမ်မြောက် လာပါတော့မည်!

ပွဲပေါင်းပါဝင်ရန် စိတ်ပါဝင်စားသောလုပ်ငန်းရှင်များအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ အသေးစိတ် စုံစမ်းမေးမြန်းနိုင်ပါသည်။
09-425302963 09-799407860
09-793613100 09-5401729

Diamond Sponsor KODOMO
Platinum Sponsor Dutch Mill
Platinum Sponsor LACTOGEN 3
Media Sponsor MyGuide
Playground sponsor HAPPY WORLD




February 10, 11, 12
Tatmadaw Hall
(တပ်မတော်ခန်းမ)
Organized by EMG

မှခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြဖို့ မှခင်းအသိပညာရရှိစေဖို့
**မှုခင်း**
အမှတ်စဉ်(K/49)ယနေ့ထွက်ပြီ
ရှုထောင့်ဂျာနယ် ဖတ်ကြဖို့
Ph-01-397164, 01-9000017

ဆုပူကြိမ်းမောင်းနေတဲ့ဖခင်ဖြစ်သူကို သတ်လိုက်တဲ့ ခေတ်သစ်အဇာတသတ် ✱စက်ဘီးရပ်ပြီး စကားများရန်ဖြစ်ရာမှ အမျိုးသမီးအား ဓားဖြင့်ထိုးသတ်ထွက်ပြေးသွားသူဖမ်းဆီးရမိ ✱လေးခွနဲ့ပစ်သူကို ဓားနဲ့ခုတ်လို့သေဆုံးရတဲ့ရန်ပွဲ ✱သေမှုသေခင်းကို စုံစမ်းစစ်ဆေးရာမှ လူသတ်မှုအဖြစ်သို့ ပြောင်းလဲခဲ့ရတဲ့ဖြစ်ရပ် ✱အငှားယာဉ်ပေါ်မှာစားထောက်ခြိမ်းခြောက်လုယက်ကြသူများကို ဖော်ထုတ်အရေးယူ ✱ဆိုင်ကယ်ငှားစီးပြီးဓားနဲ့လိုးလုယက်သူအားဖမ်းဆီးရမိ ✱မြဝတီမြို့မှာ သစ်တောဦးစီးဌာနတောခေါင်းသေနတ်ပစ်ခံရ ✱ ညောင်ရွှေမြို့ မြန်မာ့စီးပွားရေးဘဏ်ဖောက်ထွင်းသူအား သက်သေခံပစ္စည်းများနှင့် ညတွင်းချင်းဖမ်းမိ ✱ ဓာတ်မှန်ရိုက်ကြည့်မှ ကိုယ်ဝန်(၆)လရှိမှန်းသိရ ✱ဆရာလုပ်တဲ့ကိစ္စနဲ့ စကားများရာမှ လူသတ်မှုဖြစ် ✱ ဘာချိုလိတ်မှာ လောင်တဲ့မီး ✱ အိပ်ပျော်နေတဲ့ကယ်ရီသမားရဲ့လက်စွပ်ကို ဖြုတ်ယူသွားသူ ဖမ်းဆီးရမိ .........စတဲ့သတင်းများနှင့်အတူ ................. ကဏ္ဍစုံလင်စွာဖတ်ရှုရမည်။

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း၊ ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း၊ များရှိမြေကွက်များကို ရောင်းပေးဝယ်ပေးသည်။
09-500 5916
09-730 97123

HI RO YU KI Co., Ltd.




Address: No 207/209, Kanna Street , Ahlone Township,Yangon Myanmar
Ph : 09 420054279, 09 31056216, 09 43024437. Mandalay Ph:09-36937919

Myanmar **Advertising** DIRECTORY




၂၀၁၇ အတွက်... ကြော်ငြာများထည့်သွင်းလိုပါက
www.myanmaradvertisingdirectory.com.mm
YGN Hot Line : 09 44800 1662 Email: ydg.adv@mmrdpub.com
MDY Hot Line : 02 4000611 Email: mdg.adv@mmrdpub.com
MMRD

သစ် တော နှ င့် သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် ခဥ် စိုက် ရှေ့ တိုက် ကို နိုး


မြကန်သာ
Condominium
၇၀% ဆောက်ပြီး၊ ၁၂-၂၀၁၇၊ Keyအပ်
သော့ရပြီး
အခန်းပြန်ငှားလျှင်
10 သိန်း
ခန့်ရနိုင်သည်
KEY 50%
AFTER KEY
လစဉ်
9 သိန်း
ခန့်
အတိုးမယူ
လ 50
ငွေချေစနစ်
ISM ကျောင်းနှင့်
သီရိမင်္ဂလာဈေးအနီး
i GREEN
11,12-Feb-2017 (၂) ရက်ထဲသာအောက်ဖော်ပြပါလိပ်စာတွင်ရောင်းချမည်
မြို့ထဲဆင်မလိုက်မှဘုရင့်နောင်လမ်းအတိုင်းလာ သီရိမင်္ဂလာဈေးသစ်ကျော် ISM ကျောင်းတွေ့လျှင်ညာချိုး
မြကန်သာလမ်းအတိုင်းသွား (၄) လမ်းမြောက်ရောက်လျှင် ဘယ်ချိုး၊ ၇၃-စီ၊ မြကန်သာ(၄)လမ်း။

## ကြော်ငြာ


ဗိုလ်မှူးကြီးသန်းမြင့် (ငြိမ်း) B.A တည်ထောင်အုပ်ချုပ်သည့်

# ပင်လုံနှင်းဆီ

ကက-၁၃/၁၁/၂၂၅

ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အဆင့်မြင့်ဘော်ဒါ

မူလတန်း၊ အလယ်တန်း၊ အထက်တန်း

-ကိုယ်ပိုင်ဆရာမှတ်ပုံတင်လက်မှတ်ရအတွေ့အကြုံရင့်(Ph.D, B.Ed, M.Sc, M.A)ဆရာ ဆရာမများမှစာသင်ခန်းအတွင်းတစ်ထိုင်တည်းရအောင်သင်ကြားပေးပါသည်။ Study guide များနှင့်တစ်နေ့စာတစ်နေ့အပြီးကျက်မှတ်ပေးပါသည်။

-ဂုဏ်ထူးဦးအောင်နိုင်(အင်္ဂလိပ်စာ)နှင့် ပါမောက္ခတွဲဖက်ပါမောက္ခကထိကများ၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့်လည်းထပ်ဆောင်းသင်ကြားပေးပါသည်။

-တိုင်းနှင့်ပြည်နယ် စာမေးပွဲမေးခွန်းဟောင်းများကို နေ့စဉ်၊အပတ်စဉ်၊ လစဉ်လေ့ကျင့်ဖြေဆိုစေပါသည်။တက္ကသိုလ်ဝင်တန်းအတွက် စာမေးပွဲကြီးမေးခွန်းပုံစံ(၅)ကြိမ် လေ့ကျင့်ဖြေဆိုစေပါသည်။

-၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင်ဖိဘာသာဂုဏ်ထူးရှင်(၂)ဦးနှင့်ဂုဏ်ထူးရှင်ပေါင်းများစွာမွေးထုတ်ပေးခဲ့ပါသည်။သို့ပွဲတွဲအောင်ချက်ရာခိုင်နှုန်း (၈၁.၁၈)ဖြင့်အောင်မြင်ခဲ့ပါသည်။

-အဆင့်မြင့်ဆိုက်ငြိမ် လုံးချင်းအိမ်ရာတွင် ကျောင်းသား/ကျောင်းသူသီးသန့်စီ လုံးချင်းနှစ်ထပ်တိုက်များဖြင့် အဆင့်မြင့်သောဝန်ဆောင်မှုဖြစ်ပါသည်။

-ကျန်းမာရေးအတွက် အဆောင်တွင် ဆရာဝန်ထား၍ စောင့်ရှောက်ပေးပါသည်။

၂၀၁၇-၂၀၁၈ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။

အမှတ်(၆၄/၆၅)၊ ဘုရင့်နောင်လမ်းမကြီး၊ ပင်လုံဥယျာဉ်အိမ်ရာ။အမှတ်(၆၆-စ)၊ နှင်းဆီလမ်း၊ ပင်လုံဥယျာဉ်အိမ်ရာ၊ (Rose Park II)ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

Ph: 09-2400261, 09448541535, 09-8792106, 09250666874



**Pleasant Times**
Travels & Tours Co.,Ltd.

- ဘားအံ - မြဝတီ - မဲဆောက် - ပဖါ (Mar:1, 24)
- ထားဝယ် - မောင်းမကန် - ကန်ဗျူနာဘူရီ (Mar:1, 24)
- ကော့သောင်း - သူဌေးကျွန်း - ရနောင်း (Mar:1, 24)

Day Return Trips (Feb: 25, Mar:1)

- ဘားအံ ဂူ(၅)ဂူ
- တောင်ငူ-သံတောင်-ဗိုးကျားဆင်စခန်း
- ဧရာ - ကဗျာဝကမ်းခြေ
- မော်လမြိုင် - ကျိုက္ကမီ - စကဲခ

အမှတ်(၇၃), အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
Ph:01-9317220, 09-454454310, 09-73072661



**ဦးရဲဝင်းဗိုလ် (သချာ်)**

နွေရာသီ(၃)လသင်တန်း ကျောင်းဖွင့်ပုံမှန်တန်းခွဲများ လက်ခံသင်ကြားနေပါပြီ ဝနေ-တနင်္ဂနွေနှင့်ကြားရက်တန်းခွဲ နံနက်-နေ့လယ် မတ်လဆန်းစပြီ ကြိုအပ်ပါ။

၅၊၆၊၇၊၈ တန်းသချာ်၊ အင်္ဂလိပ်စာ

၉၊၁၀ တန်းဘာသာစုံ သင်၊ကျက်၊စစ်

၁၆၅(ပထပ်)ဆိပ်ကမ်းသာလမ်း၊ကျောက်တံတားမြို့နယ်-၀၉၇၃၁၆၁၁၄၀



Since 1996

Home

**Kitchen Cabinet**
*Special Promotion*

Buy 4' Kitchen Set ဝယ်ရှုင် → Get 1Box လက်ဆောင်

ပထမဆုံးဝယ်ယူသူ (၃၀)ဦးအထိသာ

ယခင်စျေး 168,000 ယခုစျေး 149,000

ဒီဇိုင်းရွေးချယ်မှု

➤ အမှတ် ( E-11A ) လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။

➤ အမှတ်(၄/၄၆၇)၊(၂)ရပ်ကွက်၊ အပိုင်(၄)၊ တပင်ရွှေထီးလမ်း၊ မဟာမြိုင်မှတ်တိုင်အနီး၊ ပဲခူးမြို့။

HOTLINE: 09-79 700 70 71
09-79 700 70 81



**ကားငှား မျိုးစုံ**

Alphard, Hiace ၉/၁၃ယောက်စီး၊ အခန်းတကျ ၂၈/၃၃/၃၇/၄၅/၄၉ယောက်စီးများကိုခရီးစဉ်အမျိုးမျိုးအတွက် ယောင့်ပိုင်ရှင်များကိုယ်တိုင်မောင်းသောစျေးနှုန်းဖြင့်အငှားလိုက်ပါသည်။

Ph: 09795549249,095418126



**မင်္ဂလာပါ**

အိမ်ပြောင်းထိုင်ရွှေ့ လုပ်ငန်း မြို့တွင်း/နယ်ဝေးများအတွက် စျေးနှုန်းချိုသာစွာဖြင့် Box ကားမျိုးစုံဖြင့် အလုပ်သမားစုံလင်စွာဖြင့် ...

09-450042704
09-250095116
09-420096296



**deMan**
design & decoration

Ph : 09 - 43 21 21 21





ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကြော်ငြာ

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**FORWARD**
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
09259259180
09259259181
09259259182

**DADDY**
အလောင်းတော်ကဿပ
၃ညအိပ်/၄ရက် 120000/-
Feb-10,17,24
Ph: 09 448001903

၂၀၁၇ ခုနှစ်၊ နှစ်သစ်ကူး သင်္ကြန်အစီစဉ်သစ်
ထားဝယ်, မြိတ်, ကော့သောင်း, ကျွန်းများ ခရီးစဉ်
11-4-2017 မှ 18-4-2017 အထိ
ဆက်သွယ်ရန် 09 51 55654 / 09 770660095 / 01-253079

ခေတ်ရွှေဆောင်
09 449250191
Feb - 17, 24
March - 3, 17, 24
April - 11, 28

**UNIQUE STAR** TRAVELS & TOURS **Promotion** ( ၅ )ဦး ဝယ်လျှင် ( ၁ )ဦး အခမဲ့

| | | | |
|---|---|---|---|
| ဥရောပ (9) နိုင်ငံ Apr:10,12 ($ 4800) | အမေရိကား (East + West) Apr: 7,9 ($ 5160) | သြစတြေးလျ Apr:10,11,12,13 ($ 3120) | ဗန်ကောက်–ပတ္တရား Apr:9,10,11,12,13 ($ 695/ 595) |
| ဥရောပ (6) နိုင်ငံ Apr:10,12 ($ 3600) | စင်ကာပူ Apr:11,12,14 ($ 835) | ဂျပန် Apr:10,11,12,13 ($ 3600) | ဗန်ကောက်–ဖူးခက်/ ချင်းမိုင် Apr: 12, 13 ($ 955 / 895) |
| ဥရောပမြေထဲပင်လယ် Apr:11,12 ($ 4080) | စင်ကာပူ–မလေးရှား Apr:11,12,13 ($ 1195) | ကိုရီးယား Apr:11,12 ($ 2160) | ပီကင်း–ရှန်ဟိုင်း Apr: 11,12, 13 ($ 2190) |
| ဂရိ Apr:10,12 ($ 4450) | စင်ကာပူ–မလေး–လန်ကာဝီ Apr:11,13 ($ 1315) | အီဂျစ် Apr:12 ($ 3600) | ဟောင်ကောင်၊မကာအို၊ကွမ်ကျိုး Apr: 11,13 ($ 1980) |
| ဗီယက်နမ်–ကမ္ဘောဒီးယား Apr: 12,13 ($ 955) | ဟိုချီမင်း–ဟနွိုင်း–ဟာလောင်း Apr: 11,12 ($ 955) | ဟိုချီမင်း–ဒါနန်း–Ba Na Hill Apr: 11,13 ($ 1075) | ဗန်ကောက်–ကမ္ဘောဒီးယား Apr: 12, 13 ($ 835) |

| | | | |
|---|---|---|---|
| ဗန်ကောက်၊ပတ္တရား | (4 / 5 / 6) D | Feb: 11,18,25 / Mar:11, 25 | ($ 299 /399 /499) |
| ဗန်ကောက်၊ဖူးခက်/ ချင်းမိုင် | (6)D | Feb: 18 / Mar: 4, 11, 18, 25 | ($ 790/690) |
| ဟိုချီမင်း–မွေနဲ–ဒါလတ် | (5)D | Feb: 18, 25 / Mar: 4, 11, 18, 25 | ($ 360) |
| ဟနွိုင်း–ဟာလောင်း | (4)D | Feb: 18 / Mar: 4, 11, 18, 25 | ($ 490) |
| ဟိုချီမင်း–ဟနွိုင်း–ဟာလောင်း | (6)D | Feb: 11, 18, 25 / Mar: 4, 18, 25 | ($ 690) |
| ဗီယက်နမ်–ကမ္ဘောဒီးယား | (6)D | Feb: 11, 18, 25 / Mar: 4, 18, 25 | ($ 650) |
| စင်ကာပူ | (4) D | Feb: 11, 25 / Mar : 11, 24 | ($ 650 / 715) |
| စင်ကာပူ– ဗန်ကောက် | (6) D | Apr: 9, 10, 11 | ($ 1140) |
| ဖူးခက်–ဘာလီ | (6) D | Apr : 9, 10, 11 | ($ 1800) |

(70/A),Kabaaye Pagoda Rd,Bahan Tsp.Ph: 01-708 353 ,705 723,09 514 8079,09 7310 9133, 09 7310 9144.















# ရခိုင်ပြည်နယ်အတွက်ပေးအပ်သော လူသားချင်းစာနာမှုအထောက်အပံ့ပစ္စည်းများကို နှစ်ဖက်အဖွဲ့ အစည်းထံ မျှမျှတတထောက်ပံ့ပေးအပ်သွားမည်

လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ တင်ဆောင်လာသည့် NAUTICAL ALIYA သင်္ဘော သီလဝါဆိပ်ကမ်းသို့ ဆိုက်ကပ်စဉ်။



**ရန်ကုန် ဖေဖော်ဝါရီ ၉**

မလေးရှားနိုင်ငံအစိုးရက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသို့ ပေးအပ်သော ရခိုင်ပြည်နယ်အတွက် လူသားချင်းစာနာမှု အထောက်အပံ့ပစ္စည်းများကို နှစ်ဖက်အဖွဲ့အစည်းထံ မျှမျှတတ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း၌ မလေးရှားနိုင်ငံအစိုးရက မြန်မာနိုင်ငံအစိုးရသို့ ပေးအပ်သော ရခိုင်ပြည်နယ်အတွက် လူသားချင်းစာနာမှု အထောက်အပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မီဒီယာများအား ထိုသို့ပြောကြားခြင်းဖြစ်သည်။

"သံအမတ်ကိုယ်တိုင်လာပြီး ကြိုတင်ဆက်သွယ်လာတယ်။ ဒီအချိန်မှာ ရောက်မယ်၊ ပစ္စည်းတွေ လှူချင်တယ်။ လက်ခံပါဆိုတဲ့အတွက် ကျွန်တော်တို့လက်ခံတယ်။ လက်ခံပြီးတဲ့အခါ ဒီပစ္စည်းတွေကို တပ်မတော်ရေယာဉ်တွေနဲ့ပဲ ပို့မယ်။ ပို့ပြီးရင် ရခိုင်ပြည်နယ်အစိုးရနဲ့ ပူးပေါင်းပြီး သက်ရောက်မှုရှိတဲ့ဧရိယာမှာ ဖြန့်ဝေမှာဖြစ်ပါတယ်။ နှစ်ဖက်အဖွဲ့အစည်းတွေကို မျှမျှတတထောက်ပံ့သွားမယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့

## MNL ပွဲစဉ် (၅)တွင် ရှမ်းယူနိုက်တက်နှင့် ရတနာပုံတွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅)ကို ယခုတစ်ပတ်ဆက်လက်ကျင်းပမည်ဖြစ်ပြီး အမှတ်ပေးဇယား ထိပ်ဆုံးနေရာအတွက် ရန်ကုန်၊ ရတနာပုံနှင့် ရှမ်းယူနိုက်တက်အသင်းတို့ အမှားခံ၍ မရသည့် ရက်သတ္တပတ်ဖြစ်သည်။

ပွဲစဉ်(၅)အဖြစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် ဧရာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် GFA အသင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်အသင်းနှင့် ရန်ကုန်အသင်း၊ အောင်ဆန်းကွင်း၌ မကွေးအသင်းနှင့် ရခိုင်အသင်း၊ ဖေဖော်ဝါရီ ၁၂ ရက် တွင် မော်လမြိုင်ကွင်း၌ Southern အသင်းနှင့်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့



ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်း ၂၀၁၆ ရာသီက တွေ့ဆုံခဲ့စဉ်။

## နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနား (ပင်လုံ)နှင့် ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ် ပင်လုံမြို့၌ ကျင်းပမည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနား (ပင်လုံ) နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားလူငယ်များ၏ "ပင်လုံ ငြိမ်းချမ်းရေး စကားဝိုင်း" "Panglong Peace Talk" အစီအစဉ်များကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီ မိနစ် ၂၀ မှစတင်၍ MRTV ရုပ်သံလိုင်းနှင့် Myanmar State Counsellor Office Facebook Page တို့မှ တိုက်ရိုက် Live ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့

**၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုး အထောက်အကူပြု သင်ခန်းစာ အချပ်ပိုပါရှိ**








Blue Ribbon Co.,Ltd. (ရန်ကုန်) ဖုန်း-၀၉၇၉၈၁၁၂၁၇၆၊ (မန္တလေး)ဖုန်း-၀၉၉၇၇၀၅၄၉၀၁၊ Perfume City (တော်ဝင်စင်တာ) ဖုန်း-၀၉၉၇၄၀၁၉၂၄၃၊ (ဂမုန်းပွင့် စံရိပ်ငြိမ်) ဖုန်း-၀၉၉၇၄၀၁၉၂၄၆

# ၂၀၁၇ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုး အထောက်အကူပြု သင်ခန်းစာ

ဒေါက်တာထွန်းကို၊ ပါမောက္ခ၊ ဌာနမှူး၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

ဒီကနေ့ ပို့ချမှာကတော့ ၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပထဝီဝင်သင်ရိုးနဲ့ပတ်သက်ပြီး အထူးဂရုပြုလေ့လာသင့်တဲ့ အကြောင်းအရာတွေဖြစ်ပါတယ်။ အခြေခံပညာအထက်တန်းတက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးမှာ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်ဆိုပြီးအပိုင်းကြီး (၅)ပိုင်းပါဝင်ပါတယ်။

အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာလှုပ်ရှားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်းပါဝင်တယ်။

အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းမှာ

သတ္တုတွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ

မြန်မာနိုင်ငံရဲ့စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်တယ်။

အပိုင်း(ဃ)ကမ္ဘာ့ရွေးချယ်နိုင်ငံများပထဝီဝင်အပိုင်းမှာ

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားတယ်။

အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းမှာ

စကေးများ၊ ကွန်တိုနဲ့ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများ၊ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆိုတွက်ချက်ခြင်းများ ပါဝင်တယ်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံမှာ အပိုင်းခြောက်ပိုင်းပါဝင်ပြီး

အပိုင်း(က) ဓမ္မဓိဌာန်၊ အပိုင်း(ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ) စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င)ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ)လက်တွေ့ပထဝီဝင်မေးခွန်းများဟူ၍ဖြစ်တယ်။အဲဒီအထဲမှာအပိုင်း(က)နှင့်(စ)မှမေးခွန်းအားလုံးကိုဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း(၆)ပုဒ် ဖြေဆိုရမှာဖြစ်တယ်။လိုအပ်တဲ့နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများ ရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ ဖြေဆိုချိန် (၃) နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ (၁၀၀)ဖြစ်တယ်။

ဓမ္မဓိဌာန်မှာ သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ)အဖြေမှန်ရွေးတို့ ဖြစ်တယ်။

အပိုင်း(ခ)မှာမေးခွန်းရှည် နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်း စုစုပေါင်းသုံးပုဒ်မေးထားပြီး နှစ်သက်ရာတစ်ပုဒ်ကိုရွေးပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ထိုနည်းတူ အပိုင်း(ဂ)၊ (ဃ)၊ (င)တို့မှာလည်း (၁၅)မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၄)ပိုင်းအတွက် စုစုပေါင်း အမှတ် (၆၀)ရမယ်။

လက်တွေ့ပထဝီဝင်အပိုင်း (စ) မေးခွန်း ၁၄ (က)မှာ စကေးနှင့် ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုဖြစ်ပြီး (၁၀)မှတ်ဖိုးဖြေရမယ်။ မေးခွန်း ၁၄ (ခ)မှာ ကွန်တိုမြေပုံကိုလေ့လာဖြေဆိုရမှာဖြစ်ပြီး (၁၅)မှတ်ပေးထားတယ်။ ဓမ္မဓိဌာန်လိုပဲမဖြေမနေရဖြစ်တယ်။ ဒါ့ကြောင့် အပိုင်း(စ)မှာ စုစုပေါင်းပေးမှတ် ၂၅ မှတ် ဖြစ်တယ်။

မေးခွန်းမှာသင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူများအနေနဲ့ပြဋ္ဌာန်းစာအုပ်ပါသင်ရိုးအားလုံးကို ကျေကျေညက်ညက်ဖတ်၊ မှတ်ဖို့လိုပါတယ်။ သင်ခန်းစာအားလုံးကိုမှန်မှန်လေ့ကျင့်ထားရပါမယ်။

သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက် ပိုပြီးဖြေဆိုနိုင်တယ်။ မေးခွန်းမှာမေးထားတဲ့ လိုရင်းကိုသာဖြေရမှာဖြစ်ပြီး သိတာတွေအားလုံးဖြေရမှာမဟုတ်ကြောင်း သတိပြုရပါမယ်။ ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများ ပါဝင်တယ်။ နိုင်ငံတိုင်းရဲ့ တည်နေရာ၊ အကျယ်အဝန်းနဲ့ ထိစပ်နေသောအိမ်နီးချင်းနိုင်ငံများကိုသိရမယ်။ ဒါ့အပြင်ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုစီးပွားရေးပထဝီဝင်ဆိုပြီး ခွဲခြားလေ့လာမှတ်သားသင့်တယ်။ ရူပပထဝီဝင်အပိုင်းမှာတည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နဲ့ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာများပါဝင်တယ်။ သဘာဝပထဝီဝင်မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာပါဝင်တယ်။ လူမှုရေးပထဝီဝင်မှာလူဦးရေ၊ လူမျိုးနှင့်မြို့ကြီးများပါဝင်တယ်။

စီးပွားရေးပထဝီဝင်မှာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ကုန်သွယ်ရေးလုပ်ငန်းများပါဝင်တယ်။ စီးပွားကုန်ထုတ်လုပ်ငန်းမှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာပါဝင်တယ်။

ဓမ္မဓိဌာန်များကိုလည်း ဒီအပိုင်းများမှ သိသင့်တဲ့အချက်များကိုမှား/မှန်၊ ကွက်လပ်ဖြည့်၊အဖြေမှန်ရွေး စသည်ဖြင့် မေးနိုင်တာကိုသတိပြုပါ။ ဆက်လက်ပြီး လက်တွေ့ပထဝီဝင်အပိုင်းမှာစကေးများ၊ ကောင်းကင်ဓာတ်ပုံများရဲ့စကေးကိုတွက်ချက်ခြင်း၊ ကွန်တိုနှင့်ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများကို လေ့လာပြန်ဆိုခြင်းများပါဝင်ပါတယ်။

ဆက်လက်ပြီးပို့ချမှာကတော့ လက်တွေ့ပထဝီဝင်အပိုင်းဖြစ်တဲ့ မေးခွန်း၁၄(က)မှာ စကေးနဲ့ ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုကိုဖြေရမယ်။ ၁၄(ခ)မှာတော့ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်တယ်။ ဒီအပိုင်းမှာလေ့ကျင့်ဖို့အများကြီးလိုအပ်တယ်။ ပို့ချချက်ပါ ညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှလေ့ကျင့်တာမျိုးမဖြစ်သင့်ပါ။ ဥပမာ - ပုံပြစကေးဖြစ်တဲ့စကေးကျဲ၊ စကေးစိပ်များတွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကိုဖတ်ရှုရုံနဲ့မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ်လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူဆွဲလို့ရမှာဖြစ်တယ်။ အလားတူကွန်တိုမြေပုံလေ့လာပြန်ဆိုရာမှာလည်း နှစ်စကတည်းက ကွန်တိုပုံများကို မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကို အလွတ်ကျက်တာထက် သင်္ကေတရှင်းလင်းချက်များကို နားလည်အောင်မှတ်ဖို့လိုတယ်။

လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကိုဖော်ပြခြင်း၊ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများပါဝင်တယ်။

စကေးဆိုသည်မှာ မြေပုံပေါ်မှအကွာအဝေးနှင့် မြေပြင်ပေါ်မှ အကွာအဝေးတို့၏ အချိုးဖော်ပြချက် ဖြစ်တယ်။ စကေးအမျိုးအစား (၃) မျိုးရှိတယ်။ ယင်းတို့မှာ-

(၁) စာစကေး (ဝါ) စာတန်းစကေး၊ (ဥပမာ- တစ်လက်မလျှင်တစ်မိုင်)

(၂) အချိုးစကေး (ဝါ) အပိုင်းစကေး (ဥပမာ- ၁း၆၃၃၆၀ (ဝါ) ၆၃၃၆၀ ပိုင်း တစ်ပိုင်း) နှင့်

(၃) ပုံပြစကေး(ဥပမာ- အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကို စိတ်ပိုင်းကာ အချိုးကျ မြေပြင်အကွာအဝေးများကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစားဖြစ်တယ်)။

ပုံပြစကေးအမျိုးအစားကိုအဓိကအားဖြင့်(၂)မျိုးခွဲခြားထားတယ်။ ၎င်းတို့မှာစကေးစိပ်/အပြည့်စကေးနှင့် စကေးကျဲ/အဖွင့်စကေးတို့ဖြစ်တယ်။ ပုံပြစကေးရေးဆွဲရာမှာ တွက်ချက်ရန်နဲ့ ဆွဲသားရန်ဟူ၍ နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရမယ့် ကိန်း၏ "ယူနစ်"ကို သတိပြုရန်လိုအပ်တယ်။

တွက်ချက်တဲ့အခါ ရေးဆွဲရမဲ့မျဉ်းရဲ့ အလျားဟာ လေးလက်မနှင့် ခြောက်လက်မကြားရှိရင် အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ရတဲ့ အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကိုတိကျမှန်ကန်အောင်ဆွဲရန်လိုတယ်။ အပိုင်းများကို စိတ်ပိုင်းတဲ့အခါမှာလည်း အစိတ်အပိုင်းများမှန်ကန်ညီညာအောင် စိတ်ပိုင်းရန်အဓိကလိုအပ်တယ်။

ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆို တွက်ချက်ခြင်းအကြောင်းကို လေ့လာမယ်ဆိုရင် ကောင်းကင်ဓာတ်ပုံဆိုတာကတော့ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံစသည်တို့မှ ရိုက်ကူးထားတဲ့ ဓာတ်ပုံများဖြစ်တယ်။ ကောင်းကင်ဓာတ်ပုံများကို(၁)တစောင်းရိုက်ကောင်းကင်ဓာတ်ပုံ၊ (၂)အောက်တည့်ရိုက်ကောင်းကင်ဓာတ်ပုံဆိုပြီး အဓိကနှစ်မျိုးခွဲခြားနိုင်တယ်။ တစောင်းရိုက်ကောင်းကင်ဓာတ်ပုံမှာ မိုးကုပ်စက်ဝိုင်းကို မြင်နိုင်တဲ့ တစောင်းမြင့်ကောင်းကင်ဓာတ်ပုံနဲ့ မိုးကုပ်စက်ဝိုင်းကို မမြင်နိုင်တဲ့ တစောင်းနိမ့် ကောင်းကင်ဓာတ်ပုံဆိုပြီး(၂)မျိုး ထပ်မံ ခွဲခြားနိုင်တယ်။

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင်လေ့လာထားရမယ်။ ကောင်းကင်ဓာတ်ပုံစကေးများနဲ့ ပတ်သက်ပြီး သင်္ကေတများကို သိထားရင် မေးခွန်းပုစ္ဆာမှာပါတဲ့အကြောင်းအရာတွေကို လိုအပ်တဲ့နေရာတွေမှာ အစားထိုးထည့်သွင်းပြီး ဖြေဆိုရမယ်။ ပုစ္ဆာများတွက်တဲ့အခါ သတိပြုရမယ့် အချက်များကတော့ အချိုးစကေးမှာ ပိုင်းဝေဟာအစဉ်အမြဲ "၁"ဖြစ်ရမယ်။ပိုင်းဝေနဲ့ပိုင်းခြေယူနစ်တူအောင်ညှိပေးရမယ်။ ကိုက်ညီတဲ့ပုံသေနည်းများကိုသုံးရမယ်။ ပုံကြမ်းရေးဆွဲပေးသင့်တယ်။ ပိုင်းဝေဟာမြေပုံပေါ် (သို့မဟုတ်) ဓာတ်ပုံပေါ်အကွာအဝေးဖြစ်ပြီး ပိုင်းခြေမှာ မြေပြင်အကွာအဝေးဖြစ်တယ်။

ဒီအခါမှာ မြေပုံအကွာအဝေး ပေးထားပြီး မြေပြင်အကွာအဝေးကို ပေ၊ ကိုက်၊ မိုင်စသဖြင့် ရှာခိုင်းရင် လိုအပ်တဲ့ ယူနစ်ကိုပြောင်းပေးရမယ်။

ကောင်းကင်ဓာတ်ပုံစကေးရှာရာမှာ

(၁) ကင်မရာဆုံတာနဲ့လေယာဉ်ပျံသန်းသောအမြင့်တို့ကို အချိုးဖြင့် စကေးရှာနည်း

(၂)ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း

(၃)စကေးသိသောမြေပုံနဲ့ နှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းဆိုပြီး နည်း(၃)နည်းရှိတယ်။

(၁) ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသောအမြင့်အချိုးဖြင့် စကေးရှာနည်းမှာ

အသုံးပြုရမယ့်ပုံသေနည်း(က)ကတော့

$$\text{Scale or RF} = \frac{f}{H}$$


သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RFဆိုတာကတော့ စကေး/အချိုးစကေး(Representative Fraction)

f ဆိုတာကတော့ကင်မရာဆုံတာ(focal length)

H ဆိုတာကတော့ ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့် (Flying Height above the ground) ဖြစ်တယ်။

ဥပမာ။ ကင်မရာဆုံတာ ၆လက်မ ဖြင့်ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံတစ်ပုံ၏ စကေးမှာ ၁း၆၀၀၀ဖြစ်လျှင် ရိုက်ကူးသောအချိန်၌ ပျံသန်းသည့်လေယာဉ်၏ မြေပြင်အထက်အမြင့်ပေကိုရှာပါ။



တွက်နည်း

ကင်မရာဆုံတာ(f)=၆လက်မ

ဓာတ်ပုံ၏စကေး(RF) = ၁း၆၀၀၀

ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့်(H)=?

အသုံးပြုသောပုံသေနည်း $RF = \frac{f}{H}$

H = ၆ ×၆၀၀၀

$= \frac{\text{၃၆၀၀၀လက်မ}}{\text{၁၂ လက်မ}}$

H = ၃၀၀၀ ပေ

အဖြေ = လေယာဉ်၏မြေပြင်အထက်ပျံသန်းသော အမြင့်ပေ၃၀၀၀

ပုံသေနည်း(ခ)ကတော့

$$\text{Scale or RF} = \frac{f}{(A-h)}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့စကေး/အချိုးစကေး (Representative Fraction)


f ဆိုတာကတော့ ကင်မရာဆုံတာ (focal length)

A ဆိုတာကတော့ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(Altitude)နဲ့

h ဆိုတာကတော့ကုန်းမြေအမြင့်(Height of theterrain)ဖြစ်တယ်။

ပုံသေနည်း(၂)မှာလေယာဉ်ပျံသန်းသောအမြင့် (H)ကို တိုက်ရိုက်မပေးထားတဲ့အတွက်ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းတဲ့အမြင့်(A)မှ ကုန်းမြေအမြင့်(h)ကိုနုတ်ပေးခြင်းအားဖြင့်(H)ကိုရနိုင်ပါတယ်။

ဥပမာ။ လေယာဉ်တစ်စင်းသည် ပင်လယ်ရေပြင်အထက် အမြင့်ပေ ၁၂၀၀၀ မှပျံသန်းပြီး ကင်မရာဆုံတာ ၆လက်မဖြင့် ဓာတ်ပုံရိုက်ကူးရာဓာတ်ပုံတွင် အမြင့်ပေ ၁၅၀၀ ရှိသည့် တောင်ကုန်းတစ်ခု ပါဝင်သည်။ ထိုကောင်းကင်ဓာတ်ပုံ၏ စကေးကိုရှာပါ။



တွက်နည်း

ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(A)= ၁၂၀၀၀ ပေ

ကင်မရာဆုံတာ(f)= ၆လက်မ

တောင်ကုန်း၏အမြင့် (h) = ၁၅၀၀ ပေ

ကောင်းကင်ဓာတ်ပုံ၏စကေး(RF) = ?

အသုံးပြုသောပုံသေနည်း $\text{Scale or RF} = \frac{f}{(A-h)}$

$RF = \frac{\text{၆ လက်မ}}{\text{၁၂၀၀၀-၁၅၀၀ ပေ}}$

$= \frac{\text{၆ လက်မ}}{\text{၁၀၅၀၀-၁၂လက်မ}}$

စာမျက်နှာ ၂ သို့ »»

»» စာမျက်နှာ ၁ မှ

= ၆ လက်မ / ၁၂၆၀၀၀

= ၁ လက်မ / ၂၁၀၀၀ လက်မ

RF = ၁း၂၁၀၀၀

အဖြေ = ကောင်းကင်ဓာတ်ပုံ၏စကေး ၁း၂၁၀၀၀

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်းမှာဆိုရင်အသုံးပြုရမည့် ပုံသေနည်းကတော့

$$\text{Scale or RF} = \frac{PD}{GD}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိအကွာအဝေး(Photo Distance)နဲ့

GD ဆိုတာကတော့ မြေပြင်ပေါ်ရှိအကွာအဝေး (Ground Distance) ဖြစ်တယ်။


ဥပမာ။ လေယာဉ်တစ်စင်းပေါ်မှ အောက်တည့်ရိုက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရာတွင် ရိုက်ကူးသောဓာတ်ပုံ၏ စကေးမှာ ၁း၁၂၀၀၀ ဖြစ်ပြီး ရွာနှစ်ရွာ၏ မြေပြင်ပေါ်ရှိအကွာအဝေးမှာ ပေ ၃၀၀၀ ဖြစ်လျှင် ထိုရွာနှစ်ရွာ၏ဓာတ်ပုံပေါ်ရှိ အကွာအဝေးကိုရှာပါ။


တွက်နည်း

ကောင်းကင်ဓာတ်ပုံ၏စကေး (RF) = ၁း၁၂၀၀၀

မြေပြင်ပေါ်ရှိအကွာအဝေး GD = ၃၀၀၀ ပေ

ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ?




အသုံးပြုသောပုံသေနည်း RF = $\frac{PD}{GD}$

PD = GD × RF

PD = (3000 ×12") × $\frac{၁}{၁၂၀၀၀}$

PD = ၃၆၀၀၀" × $\frac{၁}{၁၂၀၀၀}$

PD = ၃ လက်မ

အဖြေ = ရွာနှစ်ရွာ၏ဓာတ်ပုံပေါ်ရှိအကွာအဝေး = ၃ လက်မ

(၃) စကေးသိသောမြေပုံနဲ့နှိုင်းယှဉ်နည်းဖြင့်စကေးရှာနည်းမှာအသုံးပြုရမည့်ပုံသေနည်းကတော့

$$\text{Scale or RF} = \frac{PD}{MD} \text{x Map Scale}$$

သင်္ကေတရှင်းလင်းချက်အနေနဲ့

Scale or RF ဆိုတာကတော့စကေး/အချိုးစကေး (Representative Fraction)

PD ဆိုတာကတော့ဓာတ်ပုံပေါ်ရှိအကွာအဝေး(Photo Distance)

MD ဆိုတာကတော့ မြေပုံပေါ်ရှိအကွာအဝေး(Map Distance)နဲ့

Map Scale ဆိုတာကတော့ မြေပုံစကေးဖြစ်တယ်။

ဥပမာ ။ မြေပုံတစ်ပုံပေါ်ရှိ လမ်းဆုံနှစ်ခုတို့၏အကွာအဝေးသည် ၁၂ လက်မဖြစ်ပြီး ယင်းမြေပုံ၏စကေးမှာ ၁း၅၀၀၀ ဖြစ်သည်။ ထိုလမ်းဆုံနှစ်ခုတို့၏ ဓာတ်ပုံပေါ်ရှိအကွာအဝေးမှာ ၄ လက်မဖြစ်လျှင် ဓာတ်ပုံ၏ စကေးကိုရှာပါ။


တွက်နည်း


မြေပုံပေါ်ရှိအကွာအဝေး MD = ၁၂ လက်မ

မြေပုံ၏စကေး MS = ၁း၅၀၀၀

ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ၄ လက်မ

ဓာတ်ပုံ၏စကေး RF = ?






အသုံးပြုသောပုံသေနည်း RF = $\frac{PD}{MD}$ x Map Scale

= $\frac{၄}{၁၂} \times \frac{၁}{၅၀၀၀}$

= $\frac{၄}{၆၀၀၀၀}$

= $\frac{၁}{၁၅၀၀၀}$

အဖြေ = ဓာတ်ပုံ၏စကေး ၁း၁၅၀၀၀

ကောင်းကင်ဓာတ်ပုံရဲ့စကေးရှာတဲ့ပုံသေနည်းများနဲ့ တွက်ချက်နည်းများကို မှတ်မိအောင်လေ့လာထားရမယ်။ ပုံသေနည်းပါသင်္ကေတတွေရဲ့နေရာမှာ မေးခွန်းပုစ္ဆာပါ သက်ဆိုင်ရာကိန်းဂဏန်းများကိုအစားထိုးပြီး တွက်ရမှာဖြစ်တဲ့ အတွက် ယေဘုယျအားဖြင့် လွယ်ကူသယောင်ဖြစ်တယ်။ ဒါပေမဲ့ ပုံသေနည်းမှာပါတဲ့သင်္ကေတွေရဲ့အဓိပ္ပာယ်ကို သိထားရန်၊ မည်သည့်ပုံသေနည်းကို မည်သည့်ပုစ္ဆာမှာသုံးရမယ်ဆိုတာကို ခွဲခြားမှတ်သားရန်အထူးလိုအပ်တယ်။ နမူနာများကို အထပ်ထပ်လေ့ကျင့်သင့်တယ်။

ကွန်တိုမြေပုံ လေ့လာဖြေဆိုခြင်းအပိုင်းမှာ (က)မှ(ခ) သို့ ဖြတ်ပိုင်းပုံရေးဆွဲခြင်း၊ မြေပုံပါဒေသရဲ့ ဧရိယာနဲ့ လတ္တီကျု၊ လောင်ဂျီကျုရှာဖွေခြင်း၊ မြန်မာနိုင်ငံရဲ့မည်သည့်ပြည်နယ်၊ တိုင်းဒေသကြီးအတွင်းတည်ရှိသည်ကို အကြောင်းပြချက်နဲ့ဖြေဆိုခြင်း၊ မြေပုံပါဒေသရဲ့ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်းများ စသဖြင့် ပါဝင်တယ်။

(က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲရာမှာ ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမှာဖြစ်ပြီး ကွန်တိုမြေပုံမှာပေးထားတဲ့ အလျားလိုက်စကေးကိုအသုံးပြုတွက်ချက်ရှာဖွေရမယ်။ ဒေါင်လိုက်စကေးကိုရှာရာမှာ မြေမျက်နှာသွင်ပြင်အနိမ့်အမြင့် ပေါ်လွင်စေရန် ၅ ဆ မှ ၁၀ ဆ အထိ ချဲ့သင့်တယ်။ စကေးကိုတစ်လက်မအပေါ်မူတည်ပြီးရှာရမယ်။ ရလာတဲ့အဖြေကို ပုံဆွဲရာမှာ လွယ်ကူအောင်အနီးဆုံးကိန်းပြည့်ကိုယူရမယ်။

ဒီနည်းဟာပုံသေနည်းလိုပဲဘယ်စကေးကိုမဆို တွက်နိုင်ရမယ်။

ဥပမာ။ ။ ဒေါင်လိုက်စကေးရှာရာမှာ

အလျားလိုက်စကေး ၁ လက်မ = ၁ မိုင်ဆိုပြီးပေးထားရင်

ဒေါင်လိုက်အဆချဲ့ခြင်း(၅ ဆ)ချဲ့တဲ့အခါ

၁ လက်မ × ၅ ဆ = ၅ လက်မ = ၁ မိုင် (၅၂၈၀ ပေ)


၁ လက်မပေါ်မှာပြန်ရှာရင် = $\frac{၁ \times ၅၂၈၀}{၅}$ = ၁၀၅၆ ပေ = ၁၀၀၀ ပေ (အနီးဆုံးယူပါ)

ဒါကြောင့် ဒေါင်လိုက်စကေး၁လက်မ = ၁၀၀၀ ပေ တွက်ပြီး စကေးရရင်ပေးထားတဲ့ဂရပ်ပေါ်မှာ ဖြတ်ပိုင်းပုံကို စကေးကိုက် ရေးဆွဲပေးရမယ်။

ရေးဆွဲပုံအဆင့်ဆင့်ကတော့


- ပထမဦးဆုံးပေးထားတဲ့ ကွန်တိုမြေပုံပေါ်ရှိ (က)အမှတ်နှင့် (ခ)အမှတ် တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့်ဆက်ပါ။

ပုံ (၁) "က" မှ "ခ" သို့ မျဉ်းဖြောင့်ဆက်ပုံ




- ပြီးရင် 'က' နှင့် 'ခ' ဖြတ်သန်းရာမျဉ်းအောက်ရှိ ကွန်တိုမျဉ်းများရဲ့ အမြင့်ပေများကို မှတ်ရမယ်။ ဒီလိုမှတ်တဲ့အခါ ပေးထားတဲ့ ကွန်တိုခြားနားချက်ကို သတိပြုရမယ်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ်မှတ်သားရမယ်။

ပုံ (၂) ကွန်တိုမျဉ်းများပေါ် အမြင့်ပေများမှတ်သားပုံ




- ဒီနောက် 'က' 'ခ' ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။

ပုံ (၃) "က"နှင့် "ခ" ဖြတ်ပိုင်းမျဉ်းအတိုင်း ကွန်တိုမြေပုံခေါက်ထားပုံ



- ပြီးရင် ဂရပ်စာရွက်ပေါ်မှာပေးထားတဲ့ ကွန်တိုမြေပုံရဲ့ 'က' 'ခ' အလျားအတိုင်း အောက်ခြေအလျားလိုက် မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ 'က' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းနှင့် 'ခ' နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်း ဆွဲပါ။ ထိုမျဉ်းများသည် အရှေ့ပိုင်းမှ တွက်၍ရထားတဲ့ ဒေါင်လိုက်စကေးကို ကိုယ်စားပြုထားတဲ့အတွက် ယင်းမျဉ်းများပေါ်မှာ ဒေါင်လိုက်ကိန်းဂဏန်းများ မှတ်သားရမယ်။

-ခေါက်ထားတဲ့ကွန်တိုမြေပုံစာရွက်ကိုမှတ်သားထားတဲ့ဂရပ်စာရွက်ရဲ့အောက်ခြေမျဉ်းမှာ 'က' 'ခ' အမှတ် အသားအကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနဲ့ တစ်ထပ်တည်းကျအောင်ကပ်ပါ။ ပြီးရင်ကွန်တိုမြေပုံပေါ်ရှိအမြင့်ပေ များကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက်အမှတ်များချပြီးမှတ်ပါ။




- မှတ်ထားတဲ့အစက်များကိုပြေပြစ်တဲ့မျဉ်းကြောင်းများလိုက်ဆက်ရင်လိုအပ်တဲ့မြေပြင်ပုံပေါ် ထွက်လာမယ်။

စာမျက်နှာ ၃ သို့ »»

»» စာမျက်နှာ ၂ မှ

“က” မှ “ခ”သို့ ဖြတ်ပိုင်းပုံ




အလျားလိုက်စကေး ၁လက်မ = ၁မိုင်
ဒေါင်လိုက်စကေး-၅ဆချဲ့၍ ဒေါင်လိုက်စကေး ၁လက်မ = ၁၀၀၀'(အနီးဆုံး)

-ဒီလိုဆွဲတဲ့အခါ သတိပြုရမယ့်အချက်မှာ ‘က’နှင့် ‘ခ’ ကို ဘောင်မှာရှိတဲ့နေရာအမြင့်များမှာ မှန်အောင်ရေးရန်လိုတယ်။ မြစ်ဝှမ်းကျယ်ဖြစ်ရင်ဇလားပုံ၊ ချောင်းငယ်များရဲ့နေရာမှာ V ပုံသဏ္ဍာန်အနည်းငယ်ချိုင့်ပေးရမယ်။ ပုံမှာထင်ရှားတဲ့မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်း စတဲ့နေရာတွေကို မြားများပြပြီး ဖော်ပြရမယ်။ ကုန်းမြေကိုလည်း အနက် (သို့မဟုတ်) အညိုရောင်ခြယ်ပေးသင့်တယ်။ ပုံရဲ့အပေါ်မှာခေါင်းစဉ်တပ်ပြီး ပုံရဲ့အောက်မှာအလျားလိုက်နှင့် ဒေါင်လိုက်စကေး နှစ်မျိုးစလုံးဖော်ပြရမယ်။

မြေပုံပါဒေသရဲ့တည်နေရာကိုဖော်ပြတဲ့အခါ နည်း(၂)နည်းဖြင့်ဖော်ပြနိုင်တယ်၊ ပထမနည်းကသချာ်နည်းဖြစ်ပြီး မြေပုံရဲ့ဘောင်မှာ လတ္တီကျူနှင့်လောင်ဂျီကျူများကို မှတ်သားဖော်ပြထားလေ့ရှိတယ်။ မေးခွန်းပါကွန်တိုမြေပုံဟာ မြန်မာနိုင်ငံအတွင်းရှိဒေသတစ်ခုဖြစ်တဲ့အတွက် ဖော်ပြထားတဲ့ကိန်းဂဏန်းအနက် (၉၂°) ကျော်တဲ့ ကိန်း(၂)ခုဟာ အရှေ့လောင်ဂျီကျူမျဉ်းများဖြစ်ပြီးကျန် (၂၈°) အောက် ၂ ခုဟာ မြောက်လတ္တီကျူဖြစ်တာကို ခွဲခြားသိရှိထားသင့်တယ်။

ဥပမာ။မြေပုံပါဒေသဟာ မြောက်လတ္တီကျူ ၂၁° ၄၅' နဲ့ ၂၁° ၄၉' အတွင်း အရှေ့လောင်ဂျီကျူ ၉၆° ၉' နှင့် ၉၆° ၁၃' အတွင်းတွင်ရှိတယ်။


နောက်တစ်နည်းကတော့ မြေပုံပေါ်မှာပါရှိတဲ့ ထင်ရှားတဲ့မြစ်ချောင်းစတဲ့ မြေပြင်လက္ခဏာများနှင့်မြို့ပြ၊ ကျေးရွာများကို မှီငြမ်းပြီးဖော်ပြခြင်းဖြစ်တယ်။ ဥပမာ ပေးထားတဲ့မြေပုံမှာထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်အလယ်ဗဟိုမှဖြတ်စီးနေပါက“မြေပုံမှာ ထင်ရှားတဲ့ မြို့ပြကျေးရွာမပါဘဲ ဧရာဝတီမြစ်ဝှမ်း၏တစ်စိတ်တစ်ဒေသနှင့် ပတ်ဝန်းကျင်ဒေသဖြစ်သည်”အကြမ်းအားဖြင့်ရေးနိုင်တယ်။အကယ်၍ထင်ရှားတဲ့မြို့တစ်မြို့ (ဥပမာ-ရေနံချောင်းမြို့)ပါရှိပါက“မြေပုံပါဒေသသည် ရေနံချောင်းမြို့နှင့်အနီးပတ်ဝန်းကျင်ဒေသကို ဖော်ပြထားသည်” ဟုရေးနိုင်တယ်။

မြေပုံပါဒေသရဲ့ဧရိယာကိုမြေပုံစကေးနဲ့အညီတွက်ချက်ပြီးစတုရန်းမိုင်နဲ့ဖော်ပြရမယ်။ ဥပမာမြေပုံ၏စကေးဟာ (၂)လက်မလျှင်(၁)မိုင်ဖြစ်ပြီး အဲဒီမြေပုံရဲ့ အလျားနဲ့အနံဟာ (၈)လက်မနဲ့ (၄)လက်မရှိပါက စကေးအရမြေပြင်မှာ အလျား(၄)မိုင်နဲ့ အနံ(၂)မိုင်အသီးသီးရှိမယ်။ ဒါ့ကြောင့်ပေးထားတဲ့ မြေပုံပါဒေသရဲ့အကျယ်အဝန်းဧရိယာဟာ (အလျား၄မိုင်×အနံ၂မိုင်) (၈)စတုရန်းမိုင်ရှိတယ်။ တကယ်လို့တွက်ချက်ရရှိတဲ့အဖြေဟာ ကိန်းပြည့်မဟုတ်ပါက အနီးစပ်ဆုံးဖော်ပြနိုင်တယ်။

မြေပုံပါဒေသဟာ မည်သည့်ပြည်နယ်နဲ့တိုင်းဒေသကြီးအတွင်းပါဝင်တာကိုဖော်ပြရာမှာမြေပုံမှာပါဝင်တဲ့မြို့ရွာ၊မြစ်ချောင်း၊ အင်းအိုင်၊ တောင်တန်း၊ ကားလမ်း၊ ရထားလမ်းဆက်သွယ်မှုစတဲ့ အခြေအနေတွေကို စေ့စပ်သေချာစွာလေ့လာပြီး ကြောင်းကျိုးဆက်စပ်၍ ဖော်ပြပေးရမယ်။

ဥပမာ။ မြေပုံတွင်ဂွမြို့နယ်လို့တွေ့ရရင်ရခိုင်ပြည်နယ်၊ ရမည်းသင်းမြို့နယ်လို့ တွေ့ရရင် မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတယ်လို့ရေးသားဖော်ပြရမယ်။


ဆက်လက်ပြီး ပေးထားတဲ့ကွန်တိုမြေပုံ ဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။



အထက်ဖော်ပြပါမြေပုံဒေသသည် မင်းဘူးမြို့၏ပတ်ဝန်းကျင်ဒေသပုံ ဖြစ်သည်။ ‘က’ အမှတ်အသားသည် ဒေသ၏ အနောက်တောင်ခန့်၌ရှိပြီး ‘ခ’ အမှတ်အသားသည် ဒေသ၏အရှေ့တောင်ခန့်တွင်ရှိသည်။

ထို့ကြောင့် ‘က’ မှ‘ခ’ ဖြတ်ပိုင်းပုံကိုဆွဲကြည့်လျှင် အောက်ပါအတိုင်းတွေ့ရမည်။

“က” မှ “ခ” သို့ ဖြတ်ပိုင်း



အလျားလိုက်စကေး ၁" = ၁ မိုင်

ဒေါင်လိုက်စကေး ၁" = ၁၀၀၀ပေ

‘က’နေရာသည် အမြင့်ပေ(၃၀၀)အောက်၌ရှိပြီး အရှေ့ဘက်ရှိ‘ခ’သို့ ဆက်ရာ ဆားပွက်ချောင်းနှင့် ချောင်းငယ်များ၊ ပေ ၂၀၀ကွန်တိုမျဉ်း၊ ပေ၃၀၀နှင့် ပေ ၄၀၀ ကွန်တိုမျဉ်းများကို ဖြတ်သန်းပြီး ဧရာဝတီမြစ်အတွင်းရှိ ‘ခ’ မှတ်နှင့် ဆက်သွယ်ထားသည်။ ‘ခ’ အမှတ်သည် အမြင့်ပေ ၂၀၀ အောက်တွင်တည်ရှိသည်။

ကွန်တိုမြေပုံကိုကြည့်ပြီး ဒေသန္တရပထဝီဝင်အကြောင်းကို ဆွေးနွေးရအောင်

**မြေပုံပါဒေသ၏ ရူပ ပထဝီဝင်**

**တည်နေရာနှင့်အကျယ်အဝန်း**

ပေးထားသော ကွန်တိုမြေပုံပါဒေသတွင် မင်းဘူးမြို့ကိုတွေ့ရသဖြင့် မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိပြီး မြောက်လတ္တီကျူ ၂၀° ၈' မှ ၂၀° ၁၃'အတွင်းနှင့်အရှေ့လောင်ဂျီကျူ ၉၄° ၄၉' မှ ၉၄° ၅၅' အတွင်း တည်ရှိသည်။ ဧရိယာ(၂၁. ၆၂)စတုရန်းမိုင်ခန့်ကျယ်ဝန်းသည်။

**မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း**

ပုံတွင် တောင်ကုန်းတောင်တန်းရှိရာအပိုင်းနှင့် မြေပြန့်လွင်ပြင်အပိုင်းဟူ၍ (၂)ပိုင်း တွေ့ရသည်။ တောင်ကုန်းတောင်တန်းများကို ပုံ၏တောင်ဘက်ပိုင်းတွင် တွေ့ရသည်။ အမြင့်ဆုံးအပိုင်းမှာ(၄၃၈)ပေမြင့်သော တောင်ကုန်းမြင့်ကို ပုံ၏တောင်ဘက်တွင်တွေ့ရှိရသည်။

မြောက်ဘက်သို့ တောင်ကုန်းမှာနိမ့်ဆင်းသွားရာ ပေ(၂၀၀)ကွန်တိုမျဉ်းကို ပုံ၏မြောက်ဘက်တွင် တွေ့ရသည်။ မြေပြန့်လွင်ပြင်ပိုင်းကို ပုံ၏မြောက်ဘက်တွင်တွေ့ရပြီး ပေ (၂၀၀) အောက်နိမ့်သော အပိုင်းဖြစ်သည်။ ဒေသတစ်ခုလုံးမှာ မြေမျက်နှာပြင်ညီညာမှုမရှိပေ။ ပုံ၏အရှေ့ဘက် ဧရာဝတီမြစ်ကမ်းအနီးတွင် ကမ်းပါးများကို တွေ့ရသည်။ ပုံတွင် ဧရာဝတီမြစ်သည် အဓိကရေဆင်းဖြစ်ပြီး မြောက်မှတောင်သို့စီးဆင်းနေသည်။ မြေပုံပါဧရိယာ၏လေးပုံတစ်ပုံမှာဧရာဝတီမြစ်၏အစိတ်အပိုင်းဖြစ်ပြီးမြစ်အတွင်းသဲသောင်များ၊ကျွန်းများကိုတွေ့ရှိရသည်။ မြစ်အတွင်း ရေနံချောင်းမှ မကွေးသို့သွားသော သင်္ဘောလမ်းကိုတွေ့ရသည်။ ဧရာဝတီမြစ်အတွင်းသို့ အနောက်ဘက်မှ ဆားပွက်ချောင်း စီးဆင်းပြီး ချောင်းအတွင်းသဲများတွေ့ရှိရသည်။

**အောက်ခံကျောက်**

မြေပုံပါဒေသတွင် ရေနံတွင်းများ တွေ့ရှိရ၍ အောက်ခံကျောက်မှာ အနည်ကျကျောက်များဖြစ်နိုင်သည်။

**ရာသီဥတု**

မြေပုံပါဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီးအတွင်းတည်ရှိပြီး ပေ (၃၀၀)အောက်နိမ့်သော အပိုင်းဖြစ်ခြင်း၊ ပုံတွင် သဲပိတ်ချောင်းများတွေ့ရခြင်းတို့ကြောင့်အပူချိန်များသောဒေသဖြစ်သည်။ ပင်လယ်နှင့်ဝေး၍ အပူချိန်ကွာခြားချက်များသော ဒေသလည်းဖြစ်သည်။

ပုံတွင်သဲပိတ်ချောင်းများတွေ့ရခြင်း ၊မြန်မာနိုင်ငံအလယ်ပိုင်းတွင်တည်ရှိခြင်း၊ မြစ်ချောင်းနည်းပါးခြင်းတို့ကြောင့် မိုးနည်းသည်။ အပူချိန်များပြီး မိုးနည်းခြင်းကြောင့် အပူပိုင်းခြောက်သွေ့ရာသီဥတုကို ရရှိမည်။

**သဘာဝပေါက်ပင်**

အပူပိုင်းခြောက်သွေ့ရာသီဥတုရှိခြင်းကြောင့် ဆူးချုံတော၊ ထနောင်းစသော ခြောက်သွေ့တောများပေါက်နိုင်သည်။

**မြေဆီလွှာ**

အလယ်ပိုင်းမိုးနည်းရပ်ဝန်းတွင်တည်ရှိသော်လည်း တူးမြောင်းများဖြင့် ရေသွင်းစိုက်ပျိုးနိုင်သောဒေသဖြစ်၍ လယ်မြေများရှိနိုင်သည်။

မြေပုံပါဒေသ၏ လူမှု-စီးပွားရေး ပထဝီဝင်ကိုလေ့လာကြည့်လျှင်

**လူဦးရေ**

မင်းဘူးမြို့နှင့် ကျေးရွာအများအပြားတွေ့ရသဖြင့် ဒေသတစ်ခုလုံးအနေဖြင့် လူဦးရေများမည်။ မင်းဘူးမြို့တွင် လူနေသိပ်သည်းမှုအများဆုံးဖြစ်ပြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းဘေးတစ်လျှောက်ရှိရွာများတွင် လူနေသင့်တင့်၍ ဆားပွက်ချောင်းအရှေ့ဘက်ရှိတောင်ကုန်းပိုင်းတွင်လူနေကျဲပါးမည်။

**လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ပတ်ဝန်းကျင်ဒေသဖြစ်၍ ဗမာလူမျိုးအများဆုံးနေထိုင်မည်။ စေတီများတွေ့ရ၍ ဗုဒ္ဓဘာသာအဓိကကိုးကွယ်ကြသည်။

**မြို့ရွာပျံ့နှံ့တည်ရှိမှု**

အဓိကမြို့မှာမင်းဘူးမြို့ဖြစ်ပြီး ဧရာဝတီမြစ်၏အနောက်ဘက်ကမ်း၌တည်ရှိသည်။ ရေနံများရှိခြင်း၊ စစ္စလီရှို့မီးတောင်ရှိခြင်းတို့ကြောင့်ထင်ရှားသည်။ ရွာအများစုကို ဧရာဝတီမြစ်အနောက်ဘက်ကမ်းတစ်လျှောက်တွင် တွေ့ရပြီး ရွာတန်းရှည်များ (ဥပမာ-ရွာသာ၊ ရှားတောကျွန်းရွာ၊ ထောက်ရှာပင်၊ ကျွဲသိုးမျှောင်)ဖြစ်ကြသည်။ အချို့ရွာများကို အနောက်ဘက်ခြမ်းရှိတောင်ကုန်း၏ တောင်ခြေပိုင်းတွင်တွေ့ရပြီး ရွာစုရွာဝိုင်းများ (ဥပမာ-ကံရေရွာ၊ ရွာမကံ၊ ရက်သမရွာ)ဖြစ်ကြသည်။

**စီးပွားရေးပထဝီဝင်**

အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် တွင်းထွက်တူးဖော်ရေးဖြစ်သည်။

**စိုက်ပျိုးရေး** မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုးတို့ကိုစိုက်ပျိုးမည်။ ကျွန်းများတွင် ကိုင်းကျွန်းသီးနှံများလည်း စိုက်ပျိုးနိုင်သည်။

**ငါးဖမ်းလုပ်ငန်း** ဧရာဝတီမြစ်နှင့် ချောင်းလက်တက်များအတွင်း ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်နိုင်သည်။

**တွင်းထွက်တူးဖော်ရေး** ရေနံတွင်းများ၊ ရေနံပြွန်လမ်းများတွေ့ရသဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မည်။

**စက်မှုလုပ်ငန်း** မင်းဘူးမြို့တွင် ဆီစက်၊ ပဲခွဲစက်နှင့် ရေနံထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများရှိမည်။

**လမ်းပန်းဆက်သွယ်ရေး**

ကားလမ်းနှင့်ရေကြောင်းလမ်းကိုအဓိကအသုံးပြုဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက် စကုသို့လည်းကောင်း၊ တောင်ဘက်-ကျွဲသိုးမျှောင်သို့လည်းကောင်း ကားလမ်းဖြင့် ဆက်သွယ်နိုင်သည်။ ထို့အပြင် ကံရေရွာ၊ ရေမျက်ရွာသို့လည်း နွေရာသီလမ်းဖြင့်ဆက်သွယ်နိုင်သည်။ တစ်ရွာမှတစ်ရွာသို့ လှည်းလမ်းဖြင့်လည်းဆက်သွယ်နိုင်သည်။ မင်းဘူးမြို့မှ မြောက်ဘက် ရေနံချောင်းသို့၊ တောင်ဘက် မကွေးသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘောဖြင့်သွားလာနိုင်သည်။ ထို့ကြောင့် ဒေသအတွင်းလမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။ ရေနံပြွန်လမ်းများ တွေ့ရ၍ ပိုက်လမ်းစနစ်ဖြင့် ပို့ဆောင်နိုင်သည်။

**ကုန်သွယ်ရေး**

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ဒေသထွက်ကုန်ပေါများခြင်းတို့ကြောင့် ကုန်ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးနိုင်သည်။ ဆီထွက်သီးနှံနှင့်ရေနံထွက်ပစ္စည်းများ အဓိကထုတ်လုပ်နိုင်သဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိသည်။

မြေပုံပါဒေသရဲ့ ပထဝီဝင်ကိုဖတ်ရှုရေးသားရာမှာ အတွေ့အကြုံလည်းများစွာလိုအပ်တယ်၊ ဒါကြောင့် ကွန်တိုမြေပုံအများအပြားကို ကြည့်ရှုလေ့လာထားရမယ်။ ရေးသားဖြေဆိုရာမှာ ကြောင်းကျိုးဆက်နွှယ်ဖြေဆိုရန် လိုအပ်တယ်။ မြေပုံပါအချက်အလက်တွေကိုပဲ ဖြေရမှာဖြစ်လို့သေချာစွာလေ့လာဖြေဆိုကြဖို့ မှာကြားရင်း ဒီမှာပဲရပ်နားလိုက်ပါတယ်။

